# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်၊ စနေနေ့။ Saturday, 1 August 2020 ၁၀၀၉၁


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

## ဂျော်ဒန်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်



ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဂျော်ဒန်နိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၂၁ ဦးအား မြန်မာသံရုံး၊ တဲလ်အဗီးမြို့၏ ညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် တတိယအကြိမ် ပြန်လည်ခေါ်ဆောင်ပေးခဲ့ရာ ယနေ့နံနက် ၄ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံတွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၆၅ ဦးအား အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် မြန်မာသံရုံး၊ ဖနောင်ပင်မြို့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၉၅၂၈ ဦးအား ကယ်ဆယ်ရေး/ အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ကြေးမုံ ယနေ့ ဖတ်စရာ**

**အမေရိကန်ဒေါ်လာ သန်း ၂၃၀ ဒသမ ၆၀ တန်ဖိုးရှိ လှည်းကူးစက်မှုဥယျာဉ်မြို့တော်စီမံကိန်းလုပ်ငန်း အပါအဝင် အခြားလုပ်ငန်းများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြု**

စာမျက်နှာ » ၃

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လာခြင်းကြောင့် မနီလာမြို့တော်၌ ကန့်သတ်ချက်များ သက်တမ်းတိုး**

စာမျက်နှာ » ၁၁

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

စာမျက်နှာ » ၁၇

**အမေရိကန်နှင့် ကိုရီးယားနိုင်ငံတို့မှ မြန်မာနိုင်ငံသားများအား အထူးကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ယူမည်**

စာမျက်နှာ » ၁၈

## ချင်းရွှေဟော် နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၁၈ ဦး ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဇူလိုင် ၃၁**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယမန်နေ့ညနေ ၆ နာရီက ၁၅ ဦးနှင့် ယနေ့ ညနေ ၃ နာရီက သုံးဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၈ ဦး ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၈ ဦးတို့မှာ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ရှစ်ဦး တို့ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်မှ နှစ်ဦး၊ ကန့်ဘလူမြို့နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်မှ ခြောက်ဦး၊ တာမိုးညဲမြို့နယ်မှ တစ်ဦး၊ နောင်ချိုမြို့နယ်မှ တစ်ဦး၊ သီပေါမြို့နယ်မှ တစ်ဦး၊ ကျောက်မဲမြို့နယ်မှ တစ်ဦး၊ လောက်ကိုင်မြို့နယ်မှ သုံးဦး၊ ဟိုပန်မြို့နယ်မှ တစ်ဦးနှင့် ပန်လုံမြို့နယ်မှ တစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၇၂၉ ဦးနှင့် အမျိုးသမီး ၆၂၁၂ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၃၉၄၁ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ဇင်ဇင်(ပြန်/ဆက်)**



ကြေးမုံ

## သစ်တောသစ်ပင်ထိန်းသိမ်းမှု ဥတုသာယာ

သစ်တောဟုဆိုလျှင် ယေဘုယျအားဖြင့် လူသူမနီးသည့် တောကြီးမျက်မည်းဟုသာ ထင်မြင်ယူဆဖွယ်ရှိသည်။ အမှန်တွင် သစ်တောသည် လူတို့နှင့်ကင်းကွာ၍မရအောင် နီးကပ်ဆက်စပ်လျက်ရှိသည့် သစ်ပင်အစုအဖွဲ့များနှင့်လည်း ဆိုင်ပေသည်။ သစ်ပင်သစ်တောများသည် လူသားများအား လွန်စွာအကျိုးပြုသည်မှန်သော်လည်း သစ်ပင်၊ သစ်တောများ၏ ကျေးဇူးတရားများကိုအလေးမမူကြဘဲ အကျိုးစီးပွားအတွက်သာ ရေးရှုခဲ့ကြသည်။

သစ်ပင် သစ်တောများသည် လူသားများအတွက် အသုံးကျစေသည်သာမက ရာသီဥတုကို မျှတခြင်း၊ မြေဆီလွှာများ မပျက်စီးအောင် ကာကွယ်ပေးခြင်း၊ စိမ့်စမ်း၊ အင်းအိုင်၊ မြစ်၊ ချောင်းများ အနယ်အနှစ်ပို့ချမှု နည်းပါးစေခြင်း၊ သဘာဝသက်ရှိသယံဇာတများဖြစ်သည့် သားငှက်တိရစ္ဆာန်များ ခိုနားရာနေရာဖြစ်ခြင်း၊ လူသားများကျန်းမာခြင်း၊ စိတ်ကြည်နူးဖွယ်ရာ ဂေဟဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ များစွာရှိနေခြင်းတို့ကို အရေးတယူ တွေးတောဆင်ခြင်မှုများ နည်းပါးလှသည်။

သစ်တောတစ်ခု ပြန်လည်ထူထောင်ရန်မှာ နှစ်ပေါင်း ၆၀ မှ ၁၀၀ကျော်သည်အထိ အချိန်ကြာမြင့်အောင်စောင့်ဆိုင်းရသော်လည်း ထိုသစ်တောကို တစ်ရက်အတွင်း ခုတ်လှဲဖျက်ဆီးပစ်နိုင်သည်။ သစ်တောများကို လူတို့အကျိုးစီးပွားအတွက် နှစ်စဉ်ခုတ်လှဲခဲ့သောကြောင့် ကမ္ဘာတွင် သစ်တောများပြုန်းတီးလာပြီး အကျိုးဆက်အနေဖြင့် ရာသီဥတုပြောင်းလဲခြင်း နောက်ဆက်တွဲရလဒ်များကို ကမ္ဘာ့လူသားအားလုံး ခံစားနေရသည်။ ယခုအခါ ကမ္ဘာ့နိုင်ငံများသည် သစ်တောများကို ပြန်လည်ပြုစုပျိုးထောင်ကြသော်လည်း ပျိုးထောင်မှုနှင့် ခုတ်လှဲမှုမှာ မမျှတသဖြင့် ကမ္ဘာကြီးတွင် သစ်တောပြုန်းတီးမှု မြင့်တက်လျက်ရှိသည်။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့သည် ဇူလိုင်လ ၂၁ ရက်နေ့က ကမ္ဘာ့သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်း နိုင်ငံအဆင့်အစီရင်ခံစာများ၊ ဒေသအဆင့်အစီရင်ခံစာများနှင့် ကမ္ဘာလုံးဆိုင်ရာအဆင့် ပင်မအစီရင်ခံစာတို့ကို ဘာသာစကားလေးမျိုးဖြင့် ၎င်း၏အင်တာနက်စာမျက်နှာတွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါအစီရင်ခံစာတွင် နိုင်ငံပေါင်း ၂၃၆ နိုင်ငံ၏ သစ်တောသယံဇာတအခြေအနေကို အညွှန်းကိန်း ငါးမျိုးဖြင့် အဓိကလေ့လာဆန်းစစ်ထားရာ မြန်မာနိုင်ငံ၏သစ်တောအခြေအနေကိုလည်း လေ့လာကြည့်နိုင်ပေသည်။

ထိုလေ့လာဆန်းစစ်မှုအစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုမှာ စုစုပေါင်းဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်း (နိုင်ငံကုန်းမြေဧရိယာ၏ ၄၃ ဒသမ ၇၁ ရာခိုင်နှုန်း) ဖြစ်ပြီး မြန်မာနိုင်ငံသည် နှစ်စဉ်အများဆုံး ကမ္ဘာ့သစ်တောပြုန်းတီးမှုဧရိယာဖော်ပြသည့် နိုင်ငံစာရင်းတွင် အဆင့်(၇)ရှိကြောင်း ဖော်ပြထားသည်။ ၂၀၁၅ ခုနှစ်က ထုတ်ပြန်ခဲ့သော သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ၌ သစ်တောဖုံးလွှမ်းမှုမှာ စုစုပေါင်း ဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းရှိပြီး ကမ္ဘာ့သစ်တောပြုန်းတီးမှု အများဆုံးနိုင်ငံစာရင်းတွင် အဆင့် (၃) ရှိခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံသည် ပြည်သူများ ရွေးချယ်တင်မြှောက်သည့် အစိုးရသက်တမ်းကာလအတွင်း ကမ္ဘာ့သစ်တောပြုန်းတီးမှု အများဆုံးနိုင်ငံအဆင့်ကို လျှော့ချနိုင်ခဲ့ပြီး သစ်တောများကို ပြုစုထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြောင်း ပေါ်လွင်ထင်ရှားပေသည်။ ကမ္ဘာပေါ်တွင် သစ်တောများကို အလေးထားထိန်းသိမ်းစောင့်ရှောက်နေသော နိုင်ငံများတွင် မြန်မာနိုင်ငံလည်းပါဝင်လာပြီး ဆက်လက်၍ ယခုထက် ပိုမိုထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ပါလျှင် မြန်မာနိုင်ငံ၏သစ်တောဖုံးလွှမ်းမှုဧရိယာ မြင့်မားတိုးတက်လာပြီး နောင်ကာလတွင် နိုင်ငံဧရိယာ၏တစ်ဝက် သစ်တောဖုံးလွှမ်းလာမည်ဖြစ်သည်။

လက်ရှိကာလတွင် ကမ္ဘာကြီးတစ်ခုလုံးတွင် သစ်တောများပြုန်းတီးမှုကြောင့် ပုံမှန်ကမ္ဘာ့ရာသီဥတုမှာ ပြောင်းလဲနေသည်။ မိုးခေါင်ခြင်း၊ ရေကြီးရေလျှံဖြစ်ခြင်း၊ မုန်တိုင်းတိုက်ခြင်း၊ မိုးကြိုးပစ်ခြင်းများ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေပြီး ယင်းတို့ကို ကမ္ဘာ့လူသားအားလုံး ခံစားနေကြရသည်။ မြန်မာနိုင်ငံတွင် ရေကြီးရေလျှံမှုဖြစ်ပွားသောဒေသများတွင် မိုးသည်းထန်လွန်းသည်ဟု ယူဆကြသော်လည်း မိုးရာသီကာလတွင် မိုးခေါင်ရေရှားဒေသများဖြစ်နေသည်မှာ သစ်တောပြုန်းတီးသဖြင့် ရာသီဥတုပြောင်းလဲလာခြင်းဖြစ်သည်။

သို့ဖြစ်ရာ သစ်တောဧရိယာများ တိုးတက်များပြားလာခြင်းသည် ကမ္ဘာလောကကြီး၏အကျိုးစီးပွားကို တိုးတက်ကောင်းမွန်လာစေပြီး လူသားများအားလုံးအတွက် ကျေးဇူးပြုခြင်းများ များစွာပေါ်ထွန်းလာမည်ဖြစ်ရာ သစ်တောသစ်ပင်များ ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းကြိုးပမ်းလက်တွဲဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## သံတွဲမြို့နယ်၌ အခြေခံလူတန်းစားများအား ထောက်ပံ့ကြေးပေးအပ်

**သံတွဲ ဇူလိုင် ၃၁**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယမန်နေ့ညနေပိုင်းက သံတွဲမြို့ ဒွါရာဝတီခန်းမ၌ ကျင်းပပြုလုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် သံတွဲခရိုင်အတွင်းရှိ လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။



**လွှဲပြောင်းပေးအပ်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ငွေများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းကျော်ထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး၊ ပြည်နယ်ဝန်ကြီးများက အိမ်ထောင်စုတစ်စုချင်းအလိုက် ထောက်ပံ့ငွေများကိုပေးအပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် သံတွဲခရိုင်လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက သံတွဲခရိုင်လူရည်ချွန်ခြောက်ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၇၁၀၀၀နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ၊ နဝရူပဗျာလ်တံဆိပ်တို့အား အသီးသီးဂုဏ်ပြုချီးမြှင့်ပေးကြသည်။ ယင်းနောက် လူရည်ချွန်မောင်မယ်လေးများကိုယ်စား အထက(၁) တောင်ကုတ် ဒသမတန်းမှ သုံးထပ်ကွမ်း လူရည်ချွန် မောင်ဇေယျာလင်းထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် လူရည်ချွန်မောင်မယ်လေးများ၊ လူရည်ချွန်ဟောင်းကြီးများ၊ မြို့မိမြို့ဖများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

## မြေပဲမျိုးစေ့ချကိရိယာဖြင့် စမ်းသပ်စိုက်ပျိုးခြင်း သရုပ်ပြပွဲ ကျင်းပ

**ညောင်ဦး ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပျော်ဘွယ်ကျေးရွာ၌ ယမန်နေ့နံနက်ပိုင်းက မြေပဲမျိုးစေ့ချကိရိယာဖြင့် စမ်းသပ်စိုက်ပျိုးခြင်း သရုပ်ပြပွဲ ကျင်းပခဲ့ကြောင်း ညောင်ဦးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးအောင်ဖြိုးထံမှ သိရသည်။

အဆိုပါမြေပဲမျိုးစေ့ချကိရိယာဖြင့် စမ်းသပ်စိုက်ပျိုးခြင်းကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဝန်ထမ်းများက လက်တွေ့စမ်းသပ်စိုက်ပျိုးပြသခဲ့သည်။ ယင်း မျိုးစေ့ချကိရိယာဖြင့် ယာမြေတစ်ဧက မျိုးစေ့ချပါက အချိန် တစ်နာရီခန့်သာ ကြာမြင့်ကြောင်း သိရသည်။

ကျော်မင်းဦး(ပြန်/ဆက်)

## ကြာအင်းဆိပ်ကြီးမြို့၌ မျိုးစေ့ထုတ်အကျိုးဆောင်တောင်သူများအား သဘာဝမြေဩဇာများ ထောက်ပံ့

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၃၁**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် မျိုးစေ့ထုတ်အကျိုးဆောင်တောင်သူများအား သဘာဝမြေဩဇာများ ထောက်ပံ့ပေးအပ်ခြင်း ကို ယမန်နေ့ညနေ ၃ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ခြင်းတွင် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဦးသန့်ဇင်မောင်က မျိုးစေ့ထုတ်အကျိုးဆောင်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပြီး မျိုးစေ့ထုတ်လုပ်ခြင်း အောင်မြင်ဖြစ်ထွန်းစေရေးအတွက် CERP အစီအစဉ်အရ ကိုဗစ်-၁၉ ဖြစ်ပွားနေမှုအခြေအနေအရ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် မျိုးစေ့ထုတ်လုပ်ခြင်းအတွက် မျိုးစပါး၊ စိုက်ပျိုးစရိတ်၊ မျိုးကွဲပယ်ခြင်း၊ မျိုးသန့်စင်ခြင်းလုပ်ငန်းများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံတောင်သူများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် လက်တွဲပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အောင်မြင်သောမျိုးစေ့များ ထုတ်လုပ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးစေလိုကြောင်း လမ်းညွှန်ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်မောင်၊ ပြည်နယ်ဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူးတို့က ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း မျိုးစေ့ထုတ်စပါး ၁၄၅ ဧကအတွက် တောင်သူ ၃၇ ဦးအား သဘာဝမြေဩဇာများကို ထောက်ပံ့ပေးအပ်သည်။



ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက တောင်သူဦးထွန်းကြည်၏ လယ်မြေ၌ SRI စနစ်ဖြင့် စိုက်ပျိုးထားသည့် မနောသုခမျိုးစေ့ထုတ် RS to CS စိုက်ခင်းနှင့် မြို့နယ်စိုက်ပျိုးရေးရုံးဝင်းအတွင်း စိုက်ပျိုးထားသည့် ဝဥ၊ သီဟိုဠ်သီးနှံရောစိုက်ခင်းသို့ သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အငယ်တန်း | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - | ဦးဝင်းနိုင် | သတင်းထောက်များ | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - | ဦးမျိုးဝင်းနိုင်၊ ဦးရည်မွန်ခန့်အောင်နှင့်အဖွဲ့ |
| အကြီးတန်း | - | ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့ |
| သတင်းထောက်များ | | ဒေါ်နေဇာဇာထွန်း | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## အမေရိကန်ဒေါ်လာ သန်း ၂၃၀ ဒသမ ၆၀ တန်ဖိုးရှိ လှည်းကူးစက်မှုဥယျာဉ်မြို့တော်စီမံကိန်း လုပ်ငန်းအပါအဝင် အခြားလုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြု

**ရန်ကုန် ဇူလိုင် ၃၁**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၀/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် ၁၀ ဦး တက်ရောက်ကြသည်။

**ဖန်တီးပေးနိုင်မည်**

အစည်းအဝေးတွင် ဆောင်ရွက်ဆဲလုပ်ငန်း ခုနစ်ခုမှ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍ၊ အိမ်ရာအဆောက်အအုံကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှ လုပ်ငန်းအသစ် ခုနစ်ခုကို ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန် ဒေါ်လာ ၄၆၂ ဒသမ ၆၉၃ သန်းနှင့် ငွေကျပ် ၇၃၂၀၆ ဒသမ ၅ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၆၆၂ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။



ယနေ့အစည်းအဝေးတွင် ခွင့်ပြုခဲ့သည့် လုပ်ငန်းများအနက် စင်ကာပူနိုင်ငံ Sembcorp CSSD Myanmar Co., Ltd. ၏ ရင်းနှီးမြှုပ်နှံမှုပါဝင်သည့် အမေရိကန်ဒေါ်လာ သန်း ၂၃၀ ဒသမ ၆၀ တန်ဖိုးရှိ လှည်းကူးစက်မှုဥယျာဉ်မြို့တော်စီမံကိန်းနှင့် ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ရင်းနှီးမြှုပ်နှံမည့် လုပ်သားအင်အား ၂၃၀၀ ကျော် ဖန်တီးပေးနိုင်သော AEON Large Scale Shopping Mall လုပ်ငန်းတို့ ပါဝင်သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုများရှိသော်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ သာမက ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက်လျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လက်ခံရရှိထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုလည်း ဆောလျင်စွာ စိစစ်ခွင့်ပြုပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် ဇွန်လကုန်အထိ ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ နိုင်ငံ/ ဒေသပေါင်း ၅၁ ခုမှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၅၂ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၂၈ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ဟင်းသီးဟင်းရွက်အရောင်းကားအား ကြည့်ရှုအားပေး



**ရန်ကုန် ဇူလိုင် ၃၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ် ငါးမိုးရိပ်စံပြဈေးတွင် မြန်မာနိုင်ငံ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ လာရောက်ရောင်းချပေးနေသည့် ဟင်းသီးဟင်းရွက်ဈေး အရောင်းမော်တော်ယာဉ်အား ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၄) ရှိ အရေးပေါ်ရိက္ခာဆန်သိုလှောင်ရုံသို့ ရောက်ရှိပြီး နိုင်ငံတော်အရေးပေါ်ရိက္ခာ ဆန်သိုလှောင်ထားရှိမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်ဦးမြို့နယ်နှင့် ရေစကြိုမြို့နယ်တို့ရှိ ရေဘေးဒဏ်ခံစားရသော ပြည်သူများအား စားနပ်ရိက္ခာများ ထောက်ပံ့

**နေပြည်တော် ဇူလိုင် ၃၁**

မြစ်ရေမြင့်တက်လာမှုများကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၏ အနိမ့်ပိုင်းတွင်ရှိသော ရပ်ကွက်၊ ကျေးရွာများတွင် ရေဘေးဒဏ်ခံစားရသော ပြည်သူများအား အားပေးခြင်း၊ စားနပ်ရိက္ခာနှင့် ဆန်ရိက္ခာဖိုးငွေများ၊ ကိုဗစ်-၁၉ အကာအကွယ်ပစ္စည်းများ ထောက်ပံ့ခြင်းတို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တာဝန်ရှိသူများက ယာယီရေဘေးရှောင်စခန်းများသို့ သွားရောက်၍ အားပေးထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တို့ရှိ ရေဘေးဒဏ်ခံစားရသော ပြည်သူများကို အားပေးထောက်ပံ့ခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ညောင်ဦးမြို့နယ် မဟာဝိသုတာရာမကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းတိုက်ဘုန်းတော်ကြီးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း ကပ်လှူပူဇော်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မဟာဝိသုတာရာမကျောင်းတိုက်၊ ဆုန်ကုန်းရပ် ရှစ်မျက်နှာကျောင်းတိုက်နှင့် မြသိန်းတန်ဓမ္မာရုံတို့တွင် ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ လူဦးရေ ၃၅၉ ဦးအတွက် ဆန်ရိက္ခာဖိုး စုစုပေါင်းငွေကျပ် ၇၅၃၉၀၀၀၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ၊ လက်ဆေးဆပ်ပြာများကို ဘေးသင့်ပြည်သူများထံ ပေးအပ်သည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဖူလုံကျေးရွာသို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ လူဦးရေ ၃၀၀ ဦးအတွက် ဆန်ရိက္ခာဖိုး စုစုပေါင်းငွေကျပ် ၆၃၂၁၀၀၀၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ၊ လက်ဆေးဆပ်ပြာများကို ဘေးသင့်ပြည်သူများထံ ပေးအပ်သည်။

ဘေးသင့်ပြည်သူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်ရေရှားခြင်းနှင့်အတူ နေရာကွက်၍မိုးကြီးခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကြောင့် မြစ်ကြမ်းပြင်များမြင့်တက်၍ ရေကြီးရေလျှံဖြစ်ခြင်းစသည့် သဘာဝဘေးဒဏ်များကို ခံစားနေကြရကြောင်း၊ သဘာဝဘေးဒဏ်များအတွက် ကြိုတင်ပြင်ဆင် ကာကွယ်ရေးလုပ်ငန်းများကို အစိုးရအနေဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားပြီး ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ထိရောက်စွာ အသုံးပြုနိုင်ရန် စနစ်တကျ စိစစ်ဆောင်ရွက်နေပါကြောင်း၊ ယခုကြုံတွေ့ရသည့် ရေဘေးသည် အခိုက်အတန့်သာဖြစ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေခြင်းကြောင့် ပြည်သူများ အခက်အခဲများ ရင်ဆိုင်နေရသည်ကို နားလည်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ ဘေးဒုက္ခအခက်အခဲများကို လတ်တလောပြေလည်စေရန် လာရောက်ပံ့ပိုးကူညီခြင်းဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနက အကန့်အသတ်ဖြင့် ခွဲဝေရရှိသည့် ဘဏ္ဍာငွေကို ပြည်သူများ တိုက်ရိုက်အကျိုးရှိစေမည့် လုပ်ငန်းစီမံချက်များဖြင့် အလေအလွင့်မရှိအောင် ကြပ်မတ်ဆောင်ရွက်သည့်နည်းတူ ရေရှည်အကျိုးအတွက်လည်း မျှော်မှန်း၍ စီမံချက်များ ချမှတ်ဆောင်ရွက်နေပါကြောင်း၊ ပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းသို့ ရောက်ရှိပြီး ညောင်တောကျေးရွာအုပ်စု ရေဘေးရှောင်အိမ်ထောင်စုများအား လိုက်လံတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ ယခုနှစ်တွင် ရေဘေးဒဏ်ခံရနိုင်ခြေရှိသည့် အချို့ဒေသများတွင် ပြည်သူများ အလျင်အမြန်ပြောင်းရွှေ့ခိုလှုံနိုင်ရန်၊ ယာယီတဲများကို လိုအပ်သည့်အချိန်တွင် ဆောက်လုပ်ပေးနိုင်ရန် သက်ဆိုင်ရာ ဆက်စပ်ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် စစ်တောင်းမြစ်ကူးတံတား(မြို့စိုး)ဖွင့်ပွဲနှင့် ရွှေကျင်ချောင်းကူးတံတားဖွင့်ပွဲအခမ်းအနားများ တက်ရောက်



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများက စစ်တောင်းမြစ်ကူးတံတား (မြို့စိုး) အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော်  ဇူလိုင်  ၃၁**

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၀)က တာဝန်ယူတည်ဆောက်ပြီးစီးသည့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် စစ်တောင်းမြစ်ကူးတံတား(မြို့စိုး)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါတံတားရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့ အသီးသီးမှ ပုဂ္ဂိုလ်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**အဆင့်မြှင့်တင်ပြုပြင်ထိန်းသိမ်း**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်သည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လမ်း၊ တံတား၊ မြို့ပြဒေသများ အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်မှန်းချက် ချမှတ်ထားရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန် လမ်းများ၊ တံတားများ ၊ အဆောက်အအုံများနှင့် မြို့ပြဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့ပြဒေသများသာမက ဝေးလံခေါင်းပါးသည့်ဒေသများပါမကျန် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံအဆောက်အအုံမှာပါဝင်သည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးအတွက် လိုအပ်သည့်နေရာများတွင် လမ်းသစ်များဖောက်၊ တံတားသစ်ဆောက်လုပ်ခြင်းသာမကဘဲ ရှိပြီးသား လမ်း/တံတားဟောင်းများကိုပါ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ပဲခူးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အချက်အချာကျသည့် တိုင်းဒေသကြီးဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေ၊ BOT စနစ်ဖြင့် လမ်းများဖောက်လုပ်ခြင်း၊ တံတားများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း၌ ယခုအထိ လမ်းမိုင်ပေါင်း ၁၃၄၂ မိုင်ကို ဖောက်လုပ်ထားပြီး ပေ ၁၈၀ နှင့်အထက် တံတားကြီး ၄၃ စင်းကို တည်ဆောက်ပေးထားပြီးဖြစ်ပါကြောင်း။

**နိုင်ငံတကာအဆင့်မီ**

ယနေ့ ဖွင့်လှစ်သည့် ကျွဲပွဲ-မြို့စိုး-ဇရပ်ကြီးလမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား(မြို့စိုး)သည် ပေ ၁၂၀၀ အရှည်ရှိပြီး နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြစ်ပါကြောင်း၊ တံတားကြီး၏ အပေါ်ထည်အပိုင်းတွင်ပါဝင်သည့် သံမဏိသံပေါင် (Steel Plate Girder) များကို ဂျပန်နိုင်ငံ၏ နည်းပညာဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် JFE ကုမ္ပဏီတို့ ဖက်စပ်ထူထောင်ထားသည့် J&M Steel Solutions စက်ရုံမှထုတ်လုပ်သည့် သံပေါင်များနှင့် နိုင်ငံတကာအဆင့်မီ အရည်အသွေး၊ စံချိန်စံညွှန်း ပြည့်မီစွာ တည်ဆောက်ထားခြင်းဖြစ်ပါကြောင်း။

ယခုဖွင့်လှစ်သည့် စစ်တောင်းမြစ်ကူး(မြို့စိုး)တံတားသည် ယခုအစိုးရလက်ထက်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း၌ တည်ဆောက်ပြီးစီးခဲ့သည့် ၄၄ စင်းမြောက် ဖွင့်လှစ်သည့် တံတားကြီးလည်းဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း၌ တည်ဆောက်လျက်ရှိသည့် စစ်တောင်းမြစ်ကူးတံတား (အုတ်ဖြတ်) ပေ ၆၂၀၊ စစ်တောင်းမြစ်ကူးတံတား (ရေတာရှည်) ပေ ၈၀၀၊ ရွှေကျင်ချောင်းကူးတံတား ပေ ၁၆၈၀၊ ဒါးပိန်မြစ်ကူးတံတား ပေ ၁၂၀၀၊ မြို့ဦးကင်းတံတား ၅၁၈ ပေ၊ ကဝတံတား ပေ ၆၀၀၊ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်လမ်းပေါ်ရှိ တံတားအမှတ်(၄/၁၃) ပေ ၂၀၀ တို့ကိုလည်း တံတားဦးစီးဌာန တံတားအထူး အဖွဲ့(၆)၊ တံတားအထူးအဖွဲ့(၉)၊ တံတားအထူးအဖွဲ့(၁၀)တို့က တာဝန်ယူတည်ဆောက်လျက်ရှိရာ မကြာမီ ပြည်သူများ အသုံးပြုနိုင်တော့မည်ဖြစ်ပါကြောင်း။

ပဲခူးတိုင်းဒေသကြီးအတွင်း စစ်တောင်းမြစ် အနောက်ဘက်ခြမ်းရှိ ရန်ကုန်-မန္တလေး လမ်းဟောင်းပေါ်ရှိ မြို့ရွာများနှင့် စစ်တောင်းမြစ် အရှေ့ဘက်ခြမ်းဒေသများဖြစ်သည့် တောင်ငူ - ကျောက်ကြီး - စစ်တောင်း - မုပ္ပလင်လမ်းပေါ်ရှိ မြို့ရွာများအား ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပါကြောင်း၊ အလားတူ ပဲခူးတိုင်းဒေသကြီးမှ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ကိုလည်း ဆက်သွယ်ရောက်ရှိနိုင်မည်ဖြစ်ပြီး ဒေသထွက်ကုန်စည်များ အချိန်တိုအတွင်း သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေများ တိုးတက်ကောင်းမွန်လာပြီး ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်လာကာ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေး အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လမ်း၊ တံတားများဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက စစ်တောင်းတံတား(မြို့စိုး) ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်းနှင့် တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စစ်တောင်းတံတား(မြို့စိုး)အား ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဦး၊ အုတ်တွင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို၊ ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**အမွှေးနံ့သာ ပက်ဖျန်း**

ထို့နောက် စစ်တောင်းတံတား(မြို့စိုး) ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်တို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုသည်။

ဆက်လက်၍ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၉)က တာဝန်ယူတည်ဆောက်ပြီးစီးသည့် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ် တောင်ငူ-ကျောက်ကြီး-ရွှေကျင်- ဝင်းကံ လမ်းပေါ်ရှိ ရွှေကျင်ချောင်းကူးတံတားဖွင့်ပွဲအခမ်းအနားကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဒေသဖွံ့ဖြိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

၎င်းနောက် ဒေသခံပြည်သူတစ်ဦးက ရွှေကျင်ချောင်းကူးတံတား ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်းနှင့် တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရွှေကျင်ချောင်းကူးတံတားအား တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၁) ဦးဝင်းမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၂) ဒေါ်လှလှဝင်း၊ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်၊ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**ဖြတ်သန်းကြည့်ရှု**

ထို့နောက် ရွှေကျင်ချောင်းကူးတံတား ကမ္ပည်းမော်ကွန်းကျောက်စာအား ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်တို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုသည်။

ယနေ့ဖွင့်လှစ်သည့် တောင်ငူ - ကျောက်ကြီး - ရွှေကျင် - ဝင်းကံလမ်းပေါ်ရှိ ရွှေကျင်ချောင်းကူးတံတားသည် အရှည်ပေ ၁၆၈၀ ရှိပြီး နှစ်လမ်းမောင်းသံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ တံတား၏ အပေါ်ထည်အပိုင်းကို Reinforcement Concrete, Pre-stressed Post-tension နည်းပညာဖြင့် တည်ဆောက်ထားသည်။ တံတားကြီးတည်ဆောက်ပြီးစီးသည့်အတွက် မုပ္ပလင်ဘက်ခြမ်းရှိ ကျေးရွာအုပ်စု ၁၃ အုပ်စု၊ ကျေးရွာပေါင်း ၂၇ ရွာ၊ လူဦးရေ ၃၆၀၀၀ တို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သလို ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့် မွန်ပြည်နယ်တို့ကိုဆက်သွယ်သည့် တောင်ငူ-ကျောက်ကြီး-ရွှေကျင်-မုပ္ပလင်လမ်းပေါ်ရှိ အဓိကတံတားကြီးတစ်စင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း မုံရွာ-ပုလဲ-ဂန့်ဂေါလမ်း၊ ဟားခါး-မှန်တော-မင်းကင်းလမ်းနှင့် ဂန့်ဂေါ-ကလေးလမ်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော်  ဇူလိုင်  ၃၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းသည် ယနေ့တွင် မုံရွာ-ပုလဲ-ဂန့်ဂေါလမ်း မိုင်(၁၀/၄)နှင့်(၁၀/၅)ကြားတွင် ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်းကိုလည်းကောင်း၊ မိုင်(၃၄/၀)နှင့်(၃၄/၁) ကြားတွင် မူလ ၁၂ ပေ အကျယ်မှ ၁၈ ပေ အကျယ်ချဲ့၍ ၁၈ ပေ အကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြေပြင်အခြေအနေနှင့် ကိုက်ညီမည့် လမ်းလွှာဒီဇိုင်းပုံစံကို အတည်ပြုဆုံးဖြတ်ပေးခဲ့ပြီး သတ်မှတ်ပုံစံအတိုင်း အရည်အသွေးများ ပြည့်မီအောင် ဆောင်ရွက်သွားကြရန် မှာကြားပြီး အဆိုပါလမ်းတစ်လျှောက် ကတ္တရာလမ်းချဲ့ခြင်း၊ ၂၄ ပေ အကျယ် ကွန်ကရစ်ခင်းခြင်းနှင့် Permanent Side Drain များ တည်ဆောက်ခြင်း လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဟားခါး-မှန်တော-မင်းကင်းလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ မိုင်(၆၂/၂)ရှိ လှည်းစခန်းယာယီရှင်းလင်းဆောင်တွင် အဆိုပါလမ်းဖောက်လုပ်ရေး တာဝန်ခံမှ လမ်း Alignmenti လုပ်ငန်းစီမံချက်နှင့် ဆောင်ရွက်ပြီးစီးမှုများအား ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လမ်း၏ Cutting & Filling ပိုင်းများအတွက် Road Profile များကို ဆုံးဖြတ်ပေးကာ မိုင်(၆၄/၀)အနီးတွင် စက်ယန္တရားကြီးများဖြင့် လမ်းတာပေါင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဟားခါး-မှန်တော-မင်းကင်းလမ်းသည် ဟားခါးမှ မှန်တောအထိ ၆၆ မိုင် ခုနစ်ဖာလုံရှိကာ ယခုအခါ ၃၄ ပေ အကျယ်မြေသားလမ်း ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ မှန်တောမှ မင်းကင်းအထိ လမ်းအူကြောင်းများ ရှာဖွေနေပြီး လာမည့်နှစ်များတွင် မြေသားလမ်းအား ဆက်လက်ဖောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဂန့်ဂေါ-ကလေးလမ်းတစ်လျှောက် လမ်းအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး မိုင်(၅၁/၃)ရှိ မဏိပူရ်မြစ်ပေါ်တွင် တံတားအထူးအဖွဲ့ (၅)မှ တာဝန်ယူတည်ဆောက်နေသော ကမ္ဘားနီတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကာ တံတား Foundation ပိုင်းနှင့်ပတ်သက်၍ လည်းကောင်း၊ Cap & Shaft လုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း အတည်ပြုဆုံးဖြတ်ပေးသည်။

ကမ္ဘားနီတံတားသည် အရှည် ၆၂၅ ပေ၊ အကျယ် ၂၈ ပေ ရှိပြီး ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ယက်မနှင့် ကြမ်းခင်းအမျိုးအစား ဖြစ်သည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် လမ်းတစ်လျှောက် ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




တကယ်လို့ ဖျားနာခြင်း ၊ ချောင်းဆိုးခြင်း၊ အသက်ရှူရန်ခက်ခဲခြင်း စသော ရောဂါ လက္ခဏာတွေရှိခဲ့ရလျှင် ချက်ချင်း ဆေးစစ် ကုသမှု ခံယူပါ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရန်ကုန်မြို့ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနပိုင် အဆောက်အအုံများအား ကြည့်ရှုစစ်ဆေး



**ရန်ကုန်  ဇူလိုင် ၃၁**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ရန်ကုန်မြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ အဆောက်အအုံများကို ယနေ့လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း အမှတ် (၃၇၉/၃၈၃)ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ သုံးထပ်အဆောက်အအုံကိုလည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်း အမှတ်(၃၉၂/၃၉၆)ရှိ ဂါးဒီးယန်းသတင်းစာတိုက်ဟောင်း နှစ်ထပ်အဆောက်အအုံကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဒဂုံမြို့နယ် ပဒုမ္မာလမ်းရှိ ဗဟိုပုံနှိပ်တိုက်ခွဲ ပင်မစက်ရုံအဆောက်အအုံ၊ စာအုပ်ချုပ်ဂိုဒေါင်နှင့် အုတ်ညှပ်သွပ်မိုး နှစ်ထပ်လူနေအဆောက်အအုံများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ဌာနပိုင်အဆောက်အအုံများအား စနစ်တကျပြင်ဆင်ထိန်းသိမ်းရန်နှင့် ပြုပြင်မွမ်းမံပြီး အကျိုးရှိစွာအသုံးပြုနိုင်ရန်အတွက် လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ထူး ရန်ကုန်မြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန၌ ကြည့်ရှုစစ်ဆေး



**နေပြည်တော်  ဇူလိုင် ၃၁**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ မြေညီထပ်တွင် ခင်းကျင်းပြသထားသည့် မြန်မာ့ပြည်ပပို့ကုန်ပြခန်းအတွင်း ပြည်တွင်းမှ ထုတ်လုပ်ထားသောတန်ဖိုးမြှင့် ပြည်ပပို့ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုရာ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့သည်။

**မှာကြား**

ယင်းနောက် အဆောက်အအုံပထမထပ်ရှိ ပြည်ပနိုင်ငံများမှ ကုန်သွယ်မှုဆိုင်ရာ ကိုယ်စားလှယ်ရုံးခန်းများ ပြုပြင်တည်ဆောက်နေမှု နှင့် Multifunction Hall ပြင်ဆင်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းအုပ်စု (၁၁) ဝင်းအတွင်း ဖွင့်လှစ်ထားသည့် မြန်မာသစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ ဟင်းသီးဟင်းရွက် အွန်လိုင်းစနစ်ဖြင့် လက်လီလက်ကားရောင်းဝယ်ရေးသို့ရောက်ရှိပြီး အသင်းအတွင်းရေးမှူး ဒေါ်စန္ဒာမျိုးက ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်နေမှု၊ အွန်လိုင်းစနစ်ဖြင့် လက်လီလက်ကား ရောင်းချနေမှုများကို ရှင်းလင်းတင်ပြခဲ့ရာ ဒုတိယဝန်ကြီးက ပြည်တွင်းမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်များအား တန်ဖိုးမြင့် ပို့ကုန်အဖြစ် လေကြောင်းလိုင်းများဖြင့် ချိတ်ဆက်၍ တင်ပို့နိုင်ရေးနှင့် စားဖိုဆောင်သုံး ဟင်းသီးဟင်းရွက်နှင့် ကြက်သွန်နီ၊ ကြက်သွန်ဖြူများအား လိုအပ်လျက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ကြိုးစားစီစဉ် ဆောင်ရွက်စေလိုကြောင်း ဖြည့်စွက်ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စက်ဆန်းရပ်ကွက်ရှိ MAKRO Shopping Mall သို့ ရောက်ရှိပြီး ဟင်းသီးဟင်းရွက်၊ မီးဖိုချောင်သုံးသီးနှံများ၊ အသားငါးများ၊ လျှပ်စစ်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

**အမှာစကားပြောကြား**

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ ပြုလုပ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်နှင့် ဆန်ကွဲတင်ပို့ခွင့်ရရှိသည့် ကုမ္ပဏီများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ပသို့ဆန်တင်ပို့သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့နယ်ရှိ ဒိန်ရှာဆည်နှင့် စပါးခင်းများအတွင်း ငါးမျိုးများ စိုက်ထည့်

**မြစ်ကြီးနား  ဇူလိုင် ၃၁**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာရှိ ဒိန်ရှာဆည်အတွင်းသို့ ဝိုင်းမော်ငါးလုပ်ငန်းစခန်းက ငါးမြစ်ချင်းကောင်ရေ ၁၀၀၀၀၀ နှင့် စပါးခင်း ဧက ၅၀ အတွင်းသို့ ငါးခုံးမကြီးကောင်ရေ ၅၀၀၀၀ စုစုပေါင်းကောင်ရေ ၁၅၀၀၀၀ တို့ကို ယမန်နေ့နံနက် ၈ နာရီက မျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါ မျိုးစိုက်ထည့်ပွဲသို့ ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းမြင့်စော၊ ခရိုင်ဦးစီးဌာနမှူး ဒေါ်ဝင်းဝင်းဟန်၊ မြို့နယ်ဦးစီးဌာနမှူး ဒေါ်ဥမ္မာမြင့်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် စခန်းရုံးတို့မှ ဝန်ထမ်းများ၊ မော်ဖောင်းကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် တောင်သူများ ပါဝင်မျိုးစိုက်ထည့်ခဲ့ကြပြီး တောင်သူများအား ငါးသားပေါက်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပန်းတောင်းမြို့နယ် ညောင်ကိုင်းဆည်၊ ခဝါဆည်နှင့် နတ္တလင်းမြို့နယ် တောင်ညိုဆည်များသို့ ငါးမျိုးများစိုက်ထည့်



**ပန်းတောင်း  ဇူလိုင် ၃၁**
ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သဘာဝရေပြင်နှင့် ဆည်များအတွင်း ငါးသယံဇာတများ ပေါ်ကြွယ်ဝစေရေးအတွက် ပန်းတောင်းမြို့နယ်ရှိ ညောင်ကိုင်းဆည်နှင့် ခဝါဆည်များအတွင်းသို့ ငါးခုံးမကြီးသားပေါက် ကောင်ရေ ၅၀၀၀၀ နှင့် ငါးမြစ်ချင်းသားပေါက် ကောင်ရေ ၅၀၀၀၀ စီအား ပြည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် အုတ်ဖိုငါးလုပ်ငန်းစခန်းမှ ဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက ဇူလိုင် ၂၉ ရက်တွင် မျိုးစိုက်ထည့်ခဲ့ကြသည်။

ထို့အပြင် ယနေ့တွင် အုတ်ဖိုငါးလုပ်ငန်းစခန်းမှ နတ္တလင်းမြို့နယ် တောင်ညိုဆည်အတွင်းသို့ ငါးမြစ်ချင်းသားပေါက် ကောင်ရေ ၅၀၀၀၀ နှင့် ငါးခုံးမကြီးသားပေါက် ကောင်ရေ ၅၀၀၀၀ မျိုးစိုက်ထည့်ခဲ့သည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အုတ်ဖိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ အုတ်ဖိုငါးလုပ်ငန်းစခန်း တာဝန်ခံနှင့် ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပါဝင်မျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်ဦး၊ ဆိပ်သာနှင့် ဇလွန်မြို့တို့၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိ

**နေပြည်တော်  ဇူလိုင် ၃၁**
ယနေ့နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဆိပ်သာ**

ယနေ့နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဇလွန်**

ယနေ့ ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ညောင်ဦး၊ ဆိပ်သာနှင့် ဇလွန်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ဝါဆိုဂုဏ်သိန် ဒေဝရိန် ပဇ္ဇုန်မှုံးမြူးသည့် လခါချိန်

**ရာမည–သွေးမွန်**

ဝါဆို ဝါခေါင် ရေတွေကြီးလို့
သပြေသီးမှည့် ကောက်စို့ကွယ်။
ခရာဆူးချုံ ဟိုအထဲက
မျှော့နက်မည်းကြီး တွယ်လိမ့်မယ်။
မျှော့နက်ဆိုတာ ချိုနဲ့လားကွဲ့
မြွေနဂါးတောင် ကြောက်ဖူးကွယ်
သွားမယ် .. သွားမယ်။ ။

မိမိတို့ ငယ်စဉ်က လေတသဲသဲ၊ မိုးတဖွဲဖွဲ မိုးထဲလေထဲ ပြေးလွှားဆော့ကစားခဲ့ကြဖူးသည်။ သို့ကစားရင်း အူမြူးစိတ်ဖြင့် ရွတ်ဆိုပျော်ပါးခဲ့ကြသည်ကို ယနေ့တိုင် မမေ့နိုင်သေး။ မိုးရေထဲ ပျော်ပါးဆော့ကစားနေကြသော ကလေးသူငယ်များကို မြင်ရလေတိုင်းလည်း တစ်ချိန်က မိမိတို့တောဓလေ့ ကျေးရွာစရိုက်ဖြင့် စိတ်လွတ်ကိုယ်လွတ်ပျော်ခဲ့ကြဖူးသည်ကို မြင်ယောင်ကာ အတိတ်ဆီမှာအိပ်နေသော အပျော်နှလုံးများ ပုတ်နှိုးလိုက်သလိုလည်း ရှိပါ၏။ ဤအခြေအနေ၊ ဤဝန်းကျင်၊ ဤအခါသမယ၏ ပြဋ္ဌာန်းမှုက လဝါဆိုတို့၏ ပြယုဂ်သင်္ကေတမည်သည်ကို မပြောလည်း အာရုံသိက ခိုဝင်နေနှင့်သည်။ မိုးစက်မိုးပေါက်တို့၏ ကိုယ်ခန္ဓာအရေပြားအပေါ် ကျရောက်ထိတွေ့သော အထိအတွေ့ "ဖသ" သည်လည်းကောင်း၊ မိုးရေဖြင့် စွတ်စိုနေသောမြေပြင်ကို ဖဝါးလွတ်ဖြင့် ထိတွေ့နင်းနယ်ပြေးလွှားနေရသော ရသတဏှာသည်လည်းကောင်း အမှတ်သညာ နှလုံးဆီသို့ ပေးပို့လှုပ်နှိုးကြသည်ပင် ဖြစ်ပါ၏။

ယင်းသို့သော လည်ပြန်နိမိတ်များအရ ဝါဆိုလ၏ အဦးအစကို တူးဆွကြည့်ရာတွင်.....။ "ဝါ" (ပါဠိအလို အားဖြင့်=ဝါသ)မည်သည် နေခြင်းဟုအနက်ရ၏။ "ဆို" ဟူသည်ကား ရွတ်ဆိုခြင်း၊ ကတိပေးခြင်း မည်၏။ ရဟန်းသံဃာတော်များအနေဖြင့်မူ ဝါတွင်းကာလ ဝါဆိုဝါကပ်ကြသည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရား ပညတ်တော်မပြုမီက ရဟန်းသံဃာများ ဝါဆိုဝါကပ်လေ့မရှိကြ၊ နွေ၊ မိုး၊ ဆောင်းသုံးရာသီလုံး ခရီးသွားလာလေ့ရှိခဲ့သည်ပင်။ သို့ဖြင့် ပြည်သူများ စိုက်ပျိုးထားသော ကောက်ပဲသီးနှံ၊ လယ်ယာမြေများ ပျက်စီးကြရသဖြင့် ကရုဏာရှင် ဘုရားရှင်က ဝါတွင်းသုံးလပတ်လုံး ညဥ့်အိပ်ညဥ့်နေ ခရီးသွားလာခြင်း မပြုရန် ပညတ်တားမြစ်ခဲ့ခြင်းဖြစ်သည်။ မိမိတို့၏ ကျောင်းအာရမ်အတွင်းမှာပင် တရားဖြင့် နေထိုင်သီတင်းသုံးပါမည်ဟု ဗုဒ္ဓရှင်တော်ရှေ့မှောက်၌ "ဣမသ္မိံ ဝိဟာရေ၊ ဣမံ့သေ မာသံဝဿံ ဥပေမိ....." ဟူ၍ ရွတ်ဆိုကတိကဝတ်ပြုကြရသော အချိန်အခါဖြစ်၏။

ယင်းသို့သော ဝါတွင်းသုံးလ၏ ကနဦးအစသည် ဤဝါဆိုလပင်ဖြစ်၏။ သို့ဖြင့် ဝါဝင်၊ ဝါကပ်၊ ဝါပြတ်၊ ဝါကျိုး၊ ဝါပန်၊ ဝါကျွတ်......မည်သော ဝေါဟာရများ ဆင့်ပွားသုံးစွဲလာကြသည်။ သမိုင်းကြောင်းအရ ရှေးအခါ ပုဂံခေတ် ကျောက်စာများတွင် ဤလကို မလွယ်တာ၊ မြွယ်တာ၊ နွယ်တာ၊ နွေတာ.... စသည်ဖြင့် အမျိုးမျိုး ခေါ်ဆိုခဲ့ကြဖူး၏။ ကမ္ပည်းရေးထိုးခဲ့ကြဖူး၏။ "မြွယ်" သည် နွေတာနှင့် နွယ်တာ၊ မလွယ်တာတို့မှ ရွေ့လျောလာခြင်းဟု ဆိုသည်။ မြွယ် –လယ်မြေ။ တာ–တိုင်းတာခြင်း ဖြစ်၍ မြွယ်တာလမှာ လယ်ယာမြေများကို တိုင်းတာသော အခါသမယဟု အနက်ပေး၏။ ထိုမျှမက –နွေ၊ နွေရာသီ၊ တာ(–အတီတ) လွန်ပြီးသောလဖြစ်၍ နွေတာလ (–နွယ်တာလ)မှာ နွေရာသီမှ လွန်ခဲ့ပြီးသော မိုးအခါ သမယဖြစ်ကြောင်း ပညာရှိတို့ မိန့်ဆိုကြ၏။

### မိုးအားလွန်ကဲ ဝါဆိုပွဲ

မိုးဦးသမယ လနယုန် ကုန်လွန်ခဲ့ပြီဖြစ်၏။ ဒုတိယမိုးလ ဝါဆိုချိန်တိုင်ပြီဖြစ်သည်။ လူတို့ ဝမ်းစာအရှင် တောင်သူ လယ်လုပ်သူတို့၏ အပြုလက်မှ စပါးခင်းတို့ စိမ်းစိုဝေဆာနေမည့်အချိန်။ လယ်တောတစ်ခွင် အမြင်ပသာဒ မြကမ္ဗလာ ညီလာကျင်းသည်သို့ ဆိုရမည့်အချိန်။ လယ်ကွင်းတစ်ခို မိုးရေတက်ရေ တဖွေးဖွေးရှိနေမည့် အချိန်။ ကျေးလက် လယ်ယာမြေအလှကို အပီပြင်ဆုံး မြင်ကြရမည့်အချိန်ဟု ဆိုနိုင်ပါသည်။

ရာသီအလိုအားဖြင့်လည်း မိုးရိပ်များ မှိုင်းအုံ့ပျ၍ ရေတက်ချိန်များဖြစ်သည်။ အချို့သော မိုးလတာပြင်ကား မိလ္လာတချို့ မှိုင်းညို့တစ်လီ။ အချို့ကား ဖြူလွလွစွက်၏။ အချို့ကား ပြာနှမ်းနှမ်း၊ ဝါ နီ စိမ်း ရောင်စုံခြယ်တတ်သေး၏။ သို့မျှမက ရုံဖန်ရံခါ မိုးမင်း အမ္ဗုန်က စွမ်းမာန်တကြွကြွ၊ လျှပ်ပန်းတသသ၊ အားစမ်းချင်သေး၏။ ခုပင် အုံ့မှိုင်း သွန်းယောင်လိမ့်လား ပလွှားနေသေး၏။ မြစ်ကမ်းသောင်ခုံများသည်လည်း မိုးရန့် ခြေစလက်စများဖြင့် ဖွေးဖွေးက ကွင်းကျယ်အဝေးသို့တိုင် ပြည့်ခမန်းရှိနေပေသည်။ ဤသည်ကိုပင် အမည်မသိ ရှေးစာဆိုတစ်ဦးက.....

"ဝသန္တ၊ ဝါဆိုတိမ်မြည်ညို ဝိုက်သွင်း၊
တွင်းအာပေါ ရိုက်ဆင်းလို့ မြစ်မင်းက ထူးမှုန်
ဖုသျှနေ့ခါကြုံသည်၊ ညဥ့်တသုံကာလ၊
ပြုဗ္ဗာဠ် ပြိုင်တာရာ၊ လျှံအဝါ ရွှန်းတို့ဘိစွ..။
ပန်းမျှူဖလာလာသလို့၊ ပုန်းညက်က လှိုင်..လှိုင် ......။
ပွင့်ရွှေဝတ် တူတစ်ပြိုင်ဝယ်၊ ယိမ်းယိုင်သွယ်တစ်စိ၊
ပဋ္ဌင်းတော်သိန်သင်္ချေ–များခြွေရေတိုင်းဆမသိ......"

ဟု ဖွဲ့ဆိုသည်။

စာဆိုတော် ဦးယာကမူ "လျှပ်ရောင်ပြိုးပြက်၊ မည်းနက်ဖြူပြာ၊ ခိုမိလ္လာနှင့်၊ စိမ်းဝါနီပြောင်၊ ရွာသွန်းဆောင်၍၊ သဲသောင်ရေသွယ်၊ ရှယ်၍မြစ်ကမ်း၊ ပြည့်တင်းကျမ်းနှင့်၊ လွှမ်း၍ မအီ၊ သည်ရာသီ....."ဟု ကုန်းဘောင်မင်းဆက် စဥ့်ကူးမင်းလက်ထက် (ကောဇာသက္ကရာဇ် ၁၁၄၀ )ခန့်က ဆိုခဲ့သည်။

ဝါဆိုသည် အရာရာကို မိုးရေက လွှမ်းမိုးအုပ်စိုးနေသောသမယဖြစ်၏။ အထက်မှာဆိုခဲ့သလို မိမိတို့ငယ်စဉ်က မိုးရေချိုးရင်း မြူးထူးပျော်ပါး ပြေးလွှားဆော့ကစားတောဓလေ့၊ တောစရိုက် ရှိခဲ့ဖူးသည်။ ဝါဆို ဝါခေါင် ရေဖောင်ဖောင်..၊ ဝါဆို ဝါခေါင် ..ရေတွေကြီးလို့ ဆိုခဲ့သည်။ ဤသည်ကို ရှေးစာဆိုတို့ကလည်း မြန်မာမှု၊ မြန်မာ့ရှုခင်းကို မျက်မြင်ပသာဒ သဘာဝကျစွာ "ဒေဝရိန် ပဇ္ဇုန်မှုံး မြူးသည့်လ" ဟု ဆိုပါသည်။

### မိလ္လာညီလာ ဝါဆိုပန်းချီ

လပြည့်နေ့၏ နေ့လယ်မွန်းတည့်အခါ၌ သူရိယနေမင်းရောက်ရှိရာ အနီးဝန်းကျင်မှ လုံးရေ ၁၃ လုံးပါဝင်သည့် ကရကဋ္ဋ ကြယ်စုကို အစွဲပြု၍ ရာသီ နက္ခတ်ဗေဒင်

**ဝါဆိုသည် အရာရာကို မိုးရေက လွှမ်းမိုးအုပ်စိုးနေသောသမယ ဖြစ်၏။ အထက်မှာ ဆိုခဲ့သလို မိမိတို့ငယ်စဉ်က မိုးရေချိုးရင်း မြူးထူးပျော်ပါး ပြေးလွှားဆော့ကစား တောဓလေ့၊ တောစရိုက် ရှိခဲ့ဖူးသည်။ ဝါဆို ဝါခေါင် ရေဖောင်ဖောင်..၊ ဝါဆို ဝါခေါင် ..ရေတွေကြီးလို့ ဆိုခဲ့သည်။ ဤသည်ကို ရှေးစာဆိုတို့ကလည်း မြန်မာမှု၊ မြန်မာ့ရှုခင်းကို မျက်မြင်ပသာဒ သဘာဝကျစွာ "ဒေဝရိန် ပဇ္ဇုန်မှုံး မြူးသည့်လ"ဟုဆို ...**

အမြင်အားဖြင့် ဤလကို "ကရကဋ္ဋရာသီ (=Cancar)ဟူ၍ အမှတ်သညာပြုရစ်ခဲ့ကြသည်။ "ဝါဆို ခေါ်မှတ် ကရကဋ္ဋ" ဟူ၍ လည်းကောင်း။ "ရာသီကဏ္ဍ–ကရကဋ္ဋဟု လမြတ် ဝါဆို" ဟူ၍ လည်းကောင်း မြန်မာမှုရာသီဖွဲ့ အဆိုရှိသည်။

ယင်းသို့သော ကရကဋ္ဋရာသီဟု ခေါ်ဆိုခြင်းနှင့် စပ်လျဉ်း၍ ရာဇမတ္တဏ်ကျမ်း၊ ရာသီဘိဓာနအပိုင်းတွင် (၁)ကုလီရော၊ (၂)ကက္ကဋ္ဋကောနှင့်(၃) အမ္ဗုဇော ဟူ၍ အခေါ် သုံးမျိုးပြဆိုထား၏။ အားလုံးသည်"ပုစွန် " ဟူသော အဓိပ္ပာယ်ချည်းသာဖြစ်၏။ မူလပါဠိဝေါဟာရ"ကက္ကဋ္ဋ" မှ ရွေ့လာသော"ကရကဋ္ဋ "ဟူသည်မှာလည်း ပုစွန်အနက်သာ ရလေသည်။

ဝါဆိုလ ရာသီကား ကရကဋ္ဋခေါ်ပုစွန်လုံး(=ကဏန်းကောင်) သဏ္ဌာဝါသဏ္ဍာန်သဘောအဆင်းနှင့် တူသော ရာသီကောင် ပုစွန်တို့ကြိုက်နှစ်သက်သော မြူးထူးရာသီဟု မှတ်ယူရပါမည်။ ဤရာသီကြယ်စု ပုံပန်းသဏ္ဍာန်သည်လည်း ပုစွန်လုံးရုပ်(ကဏန်းကောင်ရုပ်)ဟူ၍သာ ပုံဖမ်းမှန်းဆမှတ်သားကြရမည်ဖြစ်သည်။ ဤ ကရကဋ္ဋရာသီရုပ် ပုစွန်လုံးသည် ဆယ့်နှစ်ရာသီရုပ်များအနက် အမှိန်ဆုံးရာသီရုပ်ပင်ဖြစ်၏။ လမိုက်ရက် ညဥ့်များတွင် ဆီးနှင်း၊ မြူတိမ်၊ သူရိန်သလ္လာနှင့် ခိုးရိပ်ကင်းစင်မှသာ တွေ့မြင်ရသော နက္ခတ်ကြယ်စုဖြစ်လေသည်။ ယင်းကို ဇန်နဝါရီလနှင့် မေလအတွင်းကြည့်ရှုရန် အကောင်းဆုံးအချိန်ဟု ဆိုသည်။

### ညဥ့်ယံအာသဠ် ဝါဆိုမည်မှတ်

ဤသို့သော ဝါဆိုလပြည့်နေ့ ညဥ့်သန်းခေါင်ယံ အချိန်၌ ငွေစန္ဒာလပြည့်ဝန်းကြီးသည် ကြယ်နှစ်လုံးဖြင့်ဖွဲ့စည်းတွေ့မြင်ရသော အာသဠ်နက္ခတ်(=Alpha Sagai tarri) ကြယ်စုနှင့် တောင်မြောက်ယှဉ်ပြိုင်၍ ထွန်းလင်းကြလေ၏။ ထို့ကြောင့် စန်းပြည့် နက္ခတ်အမည်အားဖြင့် ဤလကို "အာသဠ်" ဟု ခေါ်ဆိုရိုးဖြစ်၏။ ပြုဗ္ဗာသဠ်နက္ခတ်ဟုလည်း ခေါ်လေသည်။ ပါဠိဝေါဟာရ အာသဠ်မှ ပြုဗ္ဗာသဠ် ဖြစ်လာသည်။ ထိုမှ အာသဠ်မှ အာသဠာ၊ အာသဠာမှ အာသန်ဟု မြန်မာမှုပြုထားရာ ပြုဗ္ဗ+အာသန်မှ ပြုဗ္ဗာသန် ဟူ၍ ဖြစ်လာခဲ့လေသည်။

ဤသည်ကို ရှေးဟောင်းစာဆို ခေတ္တရာနဝဒေးကြီး၏"တကြူးကြူးလျှင်" ချီ ရတုပိုဒ်စုံ၏ ဒုတိယပိုဒ်၌ "ထစ်မည်ချုန်းချုန်း၊ တက်ဖုန်းတန်ဖိုး၊ လှိုင်တိုးမြစ်တွင်း၊ မုန်တိုင်းပြင်းနှင့်၊ မြေသင်းလည်းပြန်၊ အာသံရာသီ၊ ခေါ်ညီရတု၊ မင်းရေးရှုလျက် " ဟူ၍ ရေးစပ်ထားသည်။ ဤတွင် "အာသံရာသီ" ဟူသည်ကား ဝါဆိုလပင် ဖြစ်သည်။ အာသဠ်(=ပြုဗ္ဗာသဠ်) နက္ခတ်သည် ဓနုရာသီ (=Sagit tarius) မြားကိုင်သူ၏လေးကိုင်းမှ အတောက်ပဆုံး ကြယ်နှင့် ဖွဲ့စည်း၍ထားပါလေ၏။

### မာလာပုန်းညက် ဝါဆိုဓမ္မစက်

မိုးရေဖွေးဖွေးမှာ ဝေဆာပွင့်လန်းသော ပန်းတို့သည်ကား "မိုးလေဦးတို့၊ ကြိုင်မြူးအေးမြတ်၊ ပုန်းညက်စံမီ" သောကာလဖြစ်သည်။ ရေလျှံတဲ့ဝါဆို"ပုန်းညက်မာလာမင်းက..သင်းလှတယ်" စာဆိုတို့ ဖွဲ့သည်နှင့် အညီ ပုန်းညက်နှင့် မြတ်လေးပန်းတို့ နန်းတင့်ချိန်ခါဂုဏ်ဝါ ထွန်းပသည့်လ၊ "တောတောင် မှောင်နက်၊ နတ်လျှောင်းရက်မှာ၊ ပုန်းညက်မာလာ၊ ငုံဝိုင်းကာနှင့်.." ဟူ၍လည်းကောင်း။ "ပုန်းညက်ညွန့်ငွေခိုင်ငယ်၊ လေယိုင်ရာ တိမ်းတဲ့ရတု.." ဟူ၍လည်းကောင်း စာဆိုတို့နှလုံးအန္တံ၊ မြန်မာမှုပန်းဖွဲ့ မကုန်ရှိသည်သာဖြစ်၏။

မိမိတို့ခေတ်အခါတွင်မူ "ဝါဆိုပန်းခူးပွဲ" ဟူကား မိမိတို့ကျေးရွာဝန်းကျင်တောတောင်သို့ အပေါင်းအဖော်ဖြင့် လှည့်လည်ကာ တောပန်းခူးကြ၊ ဘုရားစေတီမှာ ပန်းဆက်ကပ်ကြဖြင့် ကာလသားများ အလွန်ပျော်ကြသည့်အချိန်ဖြစ်သည်။ မိမိအနေဖြင့် ငယ်ဘဝက မော်လမြိုင်မြို့တွင် ဖြတ်သန်းလာခဲ့ရသည်ဖြစ်ရာ လေယာဉ်ကွင်းအနီး တက္ကသိုလ်ဝန်းကျင် တောတောင်တစ်ခွင် အုပ်စုလိုက်လည်ပတ်ကြသည်။ ရေတံခွန်ရေ၊ ချောင်းများတွင် ရေကူး၊ ပါလာသည့်ထမင်းထုပ်များ ဖြေစား၊ ပျော်ပွဲစားထွက်သလို အလွန်ပျော်ခဲ့ရဖူးပါသည်။ ဝါဆိုပန်းဆိုသည်ကား မိမိတို့ သတ်မှတ်ထားသည်မှာ မည်မည်ရရပန်းမဟုတ် တောတောင်တွင် အလေ့ကျ သစ်ရွက်သစ်ညွန့်၊ တောသပြေညွန့်များသာဖြစ်သည်။ လူငယ်သဘာဝ အလွန်ပျော်ခဲ့ရသော ကာလများပင် ဖြစ်သည်။

"အထွတ်အမြတ် လမြတ်ဝါဆို" မည်သည့်အတိုင်း ဘာသာသာသနာတွင်လည်း နေ့ထူးနေ့မြတ်များဖြင့် ထွန်းပသောလပင်ဖြစ်သည်။ ဝါဆိုလပြည့်၏ ဂုဏ်သတင်းသည်ကား ဤနေ့တွင်ပင် ဗုဒ္ဓရှင်တော်မြတ် ဂေါတမလောင်းလျာသည် မယ်တော်မာယာဒေဝီ၏ ဝမ်းကြာတိုက်၌ ကိန်းအောင်း သန္ဓေယူသည်(=သန္ဓေ)။ အလောင်းတော် သိဒ္ဓတ္ထမင်းသားငယ်သည် ကြီးကျယ်ခမ်းနားလှစွာသော မြားမြောင်သည့် ရွှေနန်းစည်းစိမ်ကို စွန့်ပယ်ကာ တောထွက်တော်မူသည် (=တောထွက်)။ တရားဦးဒေသနာကို ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစက္ကပဝတ္တနသုတ်တရားတော်ကို ဟောဖော်မြွက်ကြားတော်မူသည် (ဓမ္မစက်)။ ထိုမှ တုဖက်ယှဉ်ပြိုင်လာသော တိတ္ထိတက္ကတွန်းတို့အား နှိမ်နင်းချွန်းပြ ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူသည်(=ပြာဋိဟာ)။ ထို့ကြောင့် လူတို့က ထူးလှ မြတ်လှ လမြတ်အနေကို"သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက် ပြာဋိဟာ" ဟု ဆိုစမှတ်ပြုထားကြသည်။

### လမြတ်မည်ရာ ဒေသနာကား

ယခုနှစ် ဝါထပ်သဖြင့် ဒုတိယဝါဆိုလပြည့်နေ့၌ ဓမ္မစကြာနေ့ကျရောက်ပေရာ ဟောကြားတော်မူခဲ့သော ဓမ္မစကြာဒေသနာတော်ကြီးသည်ကား ပါဠိကဗျာဂါထာမဖက်ဘဲ ပါဠိစကားပြေ –စုဏ္ဏိယသက်သက် ဗျာကရိုင်းအပိုဒ်ပေါင်း(၃၀)ပါရှိသည်။ သာသနာတော်ဆိုင်ရာ အသိဉာဏ်ပညာ၏ မူလပဓာနဖြစ်၍ နိဗ္ဗာန်သို့သွားရာလမ်းကို ညွှန်ပြရန် လိုအပ်သမျှ အစုံအလင်ပါဝင်လေသည်။ ဤတရားတော်မြတ်ဖြင့် ဗုဒ္ဓမြတ်စွာသည် ဒေသနာတော်အရပ်ရပ်၏ အခြေခံမူဝါဒဖြစ်သော ပိဋကတ်သုံးပုံအလုံးစုံ၏ နိဒါန်းနှင့်မာတိကာကို စတင်၍ ကြေညာတော်မူလိုက်ခြင်းပင်ဖြစ်သည်။ ယင်း၌ သစ္စာလေးပါးတရားတော်နှင့် မဂ္ဂင်ရှစ်ပါးကိုလည်း ဖော်ညွှန်း၍ထားလေ၏။

ယင်းသို့ ဖော်ညွှန်းထားရာ၌ မဂ္ဂင်ရှစ်ပါးဖြစ်သော နိဗ္ဗာန်ရောက်ကြောင်း "ကောင်းသော အသိ၊ ကောင်းသော အကြံ၊ ကောင်းသော ဆိုပြော၊ ကောင်းသော အပြု၊ ကောင်းမှု သက်မွေး၊ ကောင်းရေး လုံ့လ၊ ကောင်းထသတိ၊ ကောင်းဘိ တည်ကြည်၊ ဤရှစ်မည် .." ဟူသည်တို့မှာ အလယ်လမ်းကျင့်စဉ်မြတ်ပင် ဖြစ်ပါ၏။ ဤကျင့်စဉ်ဖြင့် သိ–(ဒုက္ခ)၊ ပယ်– (ဒုက္ခဖြစ်ကြောင်း– သမုဒယ)၊ ဆိုက်–(ဒုက္ခငြိမ်းရာ–နိရောဓ)၊ ပွား–(ဒုက္ခငြိမ်းကြောင်း–မဂ္ဂ) တည်းဟူသော သစ္စာလေးတန် မြင်ပြန်သော်ကား ..

"စက္ခု ကရဏီ – ပညာမျက်စိကိုလည်း ပြုပြင်စီရင်တတ်ပေ၏။
ဉာဏကရဏီ – အသိဉာဏ်ပွင့်လင်းမှုကိုလည်း ပြုပြင်စီရင်တတ်ပေ၏။
ဥပသမာယ – (ထို့အပြင်) ကိလေသာမီး အငြိမ်း ချုပ်ငြိမ်းခြင်းငှာ။
အဘိညာယ – ဉာဏ်ကွန့်မြူး၍ အထူးသိစေခြင်းငှာ။
သမ္ဗောဓါယ – မဖောက်မပြန် မှန်ကန်ကောင်း မွန်စွာ သိစေခြင်းငှာ။
နိဗ္ဗာနာယ – ဒုက္ခခပ်သိမ်းချုပ်ငြိမ်း၍ ဓာတ်ငြိမ်းခြင်းငှာ။
သံဝတ္တတ္တိ – ဖြစ်လေတော့သတည်း .."

ဟူ၍ ရှင်တော်မြတ်ဘုရားက ဟောကြားတော်မူခဲ့၏။

ယင်းသို့လျှင် ဤလမြတ်ဝါဆို လဝါဆိုနှင့် စပ်လျဉ်း၍ ဗုဒ္ဓဘုရားရှင်၏ ဟောကြားမြွက်ဆိုတော်မူခဲ့ရာ ကဝိအဆူဆူ၊ စာပေဝိဒူ အဆက်ဆက်၊ ကမ်းလက် ဆက်ပြောင်းကောင်းမွန်သော ရှေးဟောင်းမြန်မာမှု မြန်မာ့ဟန်၊ မြန်မာ့ဓလေ့ အမွေအနှစ် စဉ်ဆက်မပြတ် ရှင်သန် အဓွန့်ရှည်ရေးကိုရည်လျက် ဤစာစုပါခေါင်းစီး–ရှေး တေးရိုးအဝင်အပါ ရှာဖွေမွေနှောက်သံပေါက်၊ ပိုဒ်စုံ ရတု၊ လေးချိုး၊ လူးတား များစွာရေးခဲ့ မှတ်တမ်းဖွဲ့ကာ ဦးပုည၏ လက်ရာ တေးထပ် ကဗျာဖြင့် နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ပါသည်။

" လဝါဆို မည်နာမ
ကရကဋ္ဋ ရာသီ။
အာသဠ် မိုးလယ်က မြူး။
ဉာတ်ကမ္ဘဝါ ယှဉ်ပူးလို့
သိမ်တော်ဦး အလယ်။
သာသနာအဆင့်ဆင့် တိုးအောင်လို့
ကြိုးစားကြ မြတ်သာကီနွယ်။
ရဝေကြော့ ဘုံလယ်မှာ
ယဉ်စပယ် ပင်ကိုထွားငယ်တို့
မြိတ်ဖားလျား ဆံကေသာ
ရုံးတင်လို့သာ
ပုန်းညက်ပွင့် မာလာငယ်
ဆင်တော်ရာ ပန်းပေရှင့်လေး ..။ ။

ကျမ်းကိုး– မြန်မာလများနှင့် စပ်လျဉ်း၍ (ပြည်ထွန်းရွှေ)
– မြန်မာပြည်တစ်လွှား ဒေသန္တရပွဲတော်များ တင်နိုင်တိုး။

# ဖားကန့်မြို့အဝင်ဆိုင်းဘုတ်အနီး မြို့အမှတ်လက္ခဏာ ကျောက်စိမ်းရိုင်းတုံးအစစ်ထားရှိ




ဖားကန့် ဇူလိုင် ၃၁

ကျောက်စိမ်းများထွက်ရှိရာ ကချင်ပြည်နယ် ဖားကန့်မြို့အဝင် ဆိုင်းဘုတ်အနီး မြို့အမှတ်လက္ခဏာအဖြစ် ကျောက်စိမ်းရိုင်းတုံးအစစ်ကို ကလပ်ခုံဖြင့် ယမန်နေ့နံနက်ပိုင်းက ထားရှိထားကြောင်း မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးမြင့်အေးထံမှ သိရသည်။

"ကျောက်စိမ်းရိုင်းထားရှိဖို့ ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြပြီး ခွင့်ပြုချက်နဲ့ဆောင်ရွက်ထားတာပါ။ ကျောက်စိမ်းရိုင်းအလှူရှင်က ဆန်ခါကျေးရွာက ဦးသိန်းငွေးပါ။ ကျောက်စိမ်းရိုင်းက တစ်တန်ကျော်လောက်ရှိပါတယ်။ ကျောက်စိမ်းရိုင်းကို မြို့ဝင်ဆိုင်းဘုတ်နားမှာပဲ ကလပ်ခုံနဲ့ မနေ့က ထားရှိထားပါတယ်။ တစ်ပတ်အတွင်း ကလပ်ခုံကိုဆေးသုတ်တာနဲ့ ကျောက်စိမ်းရိုင်းကို အရောင်တင်တာတွေ ဆက်လုပ်သွားမှာပါ"ဟု ဦးမြင့်အေးက ပြောသည်။

မြို့အမှတ်လက္ခဏာအဖြစ် ကျောက်စိမ်းရိုင်းထားရှိရန် လှူဒါန်းပေးသည့် ဆန်ခါကျေးရွာမှ ဦးသိန်းငွေးက "ကျွန်တော် ဖားကန့်ကိုရောက်တာ နှစ်ပေါင်း ၃၀ ကျော်ပါပြီ။ မြို့အတွက် ကြီးကြီးမားမား ဘာမှမလုပ်ပေးနိုင်သေးဘူး။ အဲဒီတော့ အခွင့်အရေးရတုန်း လှူလိုက်မယ်ဆိုပြီး လှူဖြစ်သွားတာပါ"ဟု ပြောသည်။

ကျောက်စိမ်းရိုင်းတင်ရန်အတွက် ကလပ်ခုံဆောင်ရွက်မှုကို ကျပ်သိန်း ၈၀ ကျော် ကုန်ကျခဲ့ပြီး မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များနှင့် စေတနာရှင်အလှူရှင်များက စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ယခင်က ဖားကန့်မြို့အဝင်ဆိုင်းဘုတ်နှင့်အတူ သဘော်ဆေးသုတ်ထားသော မျိုးမမှန်သည့် ကျောက်စိမ်းရိုင်းထားရှိခဲ့ပြီး မြို့နေလူထုမှ မြို့အင်္ဂါရပ်နှင့်မညီကြောင်း ဝေဖန်သံများ ထွက်လာသည့်အတွက် ၎င်းနေရာတွင်ပင် ယခုနှစ် မတ်လနောက်ဆုံးပတ်က မြေမြှုပ်ပစ်ခဲ့ကြောင်း သိရသည်။

တာလင်းမောင်(ပြန်/ဆက်)

# ကချင်ပြည်နယ်၌ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၃၁

ကချင်ပြည်နယ်အတွင်း ဇူလိုင်လ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ် (၄)မိုင်တပ်စခန်း - စုစည်း - တောင်သုံးလုံး- မက်လင်ကော့လမ်း ၁၉ မိုင်တွင် တောင်ပြို မြေပြိုကျမှုများ၊ သစ်ပင်များပြိုလဲ၍ လမ်းကြောင်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေသဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများ ဖြစ်ပေါ်နေကြောင်း သိရှိရသဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ကြည်က ယမန်နေ့တွင် အဆိုပါလမ်းပိုင်းအား ပြန်လည်ပြုပြင် ထိန်းသိမ်းရမည့် အခြေအနေများ၊ လတ်တလော လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှု မဖြစ်ပေါ်စေရေးအတွက် ယာဉ်/ယန္တရားများဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်း ဆောင်ရွက်ပေးခဲ့သည်။

**စတင်အသုံးပြု**

အဆိုပါလမ်းသည် ချီဖွေမြို့နယ် (၄)မိုင် တပ်စခန်း-စုစည်း-တောင်သုံးလုံး - မက်လင်ကော့ - လန်းယန်လမ်း ဖြစ်ပေါ်မလာသေးသည့် ရှေးယခင်အချိန်များကပင် ချီဖွေ - လောခေါင် - ထော့ဂေါ့ - ဖီမော်လမ်းအဖြစ် စတင်အသုံးပြုခဲ့ကြပြီး ၂၀၁၃ ခုနှစ်တွင် (၄)မိုင် တပ်စခန်းမှ စုစည်း- တောင်သုံးလုံး - မက်လင်ကော့လမ်း ၁၉ မိုင်အား ဒေသခံပြည်သူများက ကိုယ်ထူကိုယ်ထလမ်းအဖြစ် ဖောက်လုပ်ခဲ့သော်လည်း နှစ်စဉ် မိုးရွာသွန်းမှုများ၍ တောင်ပြိုမြေပြိုမှုများ ဖြစ်ပေါ်လျက်ရှိသောကြောင့် ဒေသခံပြည်သူများ၏ တောင်းဆိုမှုအရ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၁၄ - ၂၀၁၅၊ ၂၀၁၇ - ၂၀၁၈၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တို့တွင် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လမ်းပိုင်းအား ကျောက်ခင်းခြင်းနှင့် လမ်းတာချဲ့ခြင်း လုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။

**အမြန်ဆုံးဆောင်ရွက်ပေးမည်**

၎င်းလမ်းပိုင်းသည် မြစ်ကြီးနားမြို့ ချီဖွေမှ ဆော့လော်သို့ လည်းကောင်း၊ ချီဖွေမှ ဖီမော် - ကန်းဖန့် - လန်ဆယ် - သထုံဇင် - ခေါင်လန်ဖူးမြို့နယ်သို့လည်းကောင်း ဆက်သွယ်သွားလာလျက်ရှိသော အဓိကလမ်းမကြီးဖြစ်သောကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှု မရှိစေရေးအတွက် အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်






# ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ရေတာရှည် ဇူလိုင် ၃၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်သည် ယနေ့ နံနက်ပိုင်းက ရေတာရှည်မြို့နယ် ညောင်ပင်သာကျေးရွာအုပ်စု ကွင်းအမှတ် ၆၅၈ စနစ်ကျလယ်မြေ ဧက ၂၀၀ ကွင်းရှိ မြို့နယ်စက်မှု လယ်ယာဦးစီးဌာနမှ မိုးစပါးစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုခဲ့ပြီး ဒေသခံတောင်သူများနှင့် ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခဲ့သည်။

**ရှင်းလင်းပြောကြား**

COVID-19 Economic Relief Plan (CERP) အရ တောင်သူများ မိုးစပါး အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးများထောက်ပံ့ပေးခြင်း၊ ထွန်ယက်ရေးလုပ်ငန်းနှင့် ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်းတို့ကို စက်မှုလယ်ယာဦးစီးဌာနက စက်ကရိယာများဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည့်လုပ်ငန်းများအား ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က တောင်သူများအား မျိုးစပါး ၁၁၃ တင်းနှင့် ဒေသခံလုပ်သားများအတွက် နေ့စားလုပ်အားခ ငွေကျပ် ၄၈၃၂၀၀၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

# ပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လီမိတက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့သစ် ပြန်လည်ရွေးချယ်ပွဲကျင်းပ

ပဲခူး ဇူလိုင် ၃၁

သမဝါယမအသင်းနည်းဥပဒေများ အပိုဒ်(၃၅)အရ ပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့သစ် ပြန်လည်ရွေးချယ်ပွဲကို ဇူလိုင် ၂၉ ရက်က တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ရှင်စောပုခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မင်းတို့က အမှာစကားပြောကြားကြပြီး အသင်းဝင်အသင်းစုများက ရှေ့လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးနှစ်ချုပ်စာရင်းများအား အတည်ပြုကြသည်။

**ရွေးချယ်တင်မြှောက်**

ဆက်လက်၍ ဒါရိုက်တာအဖွဲ့သစ်ရွေးချယ်ပွဲ ပြုလုပ်ရာ အသင်းဝင်ကိုယ်စားလှယ် ၆၇ ဦး တက်ရောက်ကြပြီး သမဝါယမအသင်းနည်းဥပဒေ၊ အသင်းစုချုပ်စည်းကမ်းချက်များနှင့်အညီ ပြုလုပ်ခဲ့ပြီး ဥက္ကဋ္ဌ ဦးတင်ထွဋ်ဦးဆောင်သော အချိန်ပြည့်ဒါရိုက်တာအဖွဲ့ဝင် ငါးဦးနှင့် အချိန်ပိုင်းဒါရိုက်တာ ၁၀ ဦးတို့ကို ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

ဟိန်းထက်(ခရိုင်ပြန်/ဆက်)



# ကျောင်းကုန်းမြို့နယ်၌ လမ်းအကျယ် တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်

ကျောင်းကုန်း ဇူလိုင် ၃၁

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မိုင်တိုင်အမှတ် (၇၂/၅) မှ (၇၃/၀) အတွင်း လမ်းအကျယ် မူလ ၂၂ ပေအား တစ်ဖက်လျှင် ခြောက်ပေစီတိုးချဲ့၍ စုစုပေါင်း လမ်းအကျယ် ၃၄ ပေ တိုးချဲ့ဆောင်ရွက်ခြင်းလုပ်ငန်းနှင့် မူလလမ်းအား ကတ္တရာထပ်ပိုးလွှာ လေးလက်မခင်းခြင်းလုပ်ငန်းတို့ကို လမ်းဦးစီးဌာနက အထွေထွေတင်ဒါပိုလျှံငွေ ၉၉ ဒသမ ၆၅ သန်းဖြင့် တာဝန်ယူဆောင်ရွက်နေရာသို့ မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထိန်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းတို့က ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးရာ လမ်းဦးစီးဌာန တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ဝင်းက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# အကယ်ဒမီမေလွင်(အောဝမ်း)နှင့် ရုပ်ရှင်စကားဝိုင်း

တွေ့ဆုံမေးမြန်း
ဒါရိုက်တာ ကြည်စိုးထွန်း

မြန်မာ့ရုပ်ရှင်စကားဝိုင်း
(တွေ့ဆုံသည့်နေ့- ၁၁.၈.၂၀၀၉)
(အထူးတောင်းပန် မေတ္တာရပ်ခံချက် - ဒေါ်မေလွင်နှင့် တွေ့ဆုံစကားပြောကြစဉ်က အောဝမ်း (မေ) အုပ်စုမှ မေမြင့်ရီနှင့် မေသဇင်တို့ သက်ရှိထင်ရှားရှိနေကြောင်း မသိရှိရသည့်အတွက် "မေလွင်"ကို 'မေ' အုပ်စု၏ နောက်ဆုံးတစ်ဦးတည်း ကျန်ရစ်သူအဖြစ် ပြောဆိုခဲ့မိခြင်းအပေါ် အထူးမေတ္တာရပ်ခံ တောင်းပန်အပ်ပါသည်။ နောက်ပိုင်းတွင် 'မေမြင့်ရီ' နှင့် 'မေသဇင်' တို့ကို ရှာဖွေတွေ့ရှိပြီး ၎င်းတို့နှစ်ဦးစလုံး ယနေ့တိုင် ရုပ်ရှင်သက်ကြီး အကန်တော့ခံများအဖြစ် ရှိနေပါကြောင်း ဖော်ပြအပ်ပါသည်)

**'မေ' ဆိုတာဟာ ချစ်စဖွယ်ကောင်းသော မိန်းကလေးဆိုတဲ့ အဓိပ္ပာယ်ရပါတယ်။ ဒီချစ်စဖွယ်ကောင်းသော မိန်းကလေးတွေဟာ ပန်းများလိုပဲ ကြွေကြွေသွားကြတာက နောက်ဆုံးကျန်ရစ်ခဲ့တဲ့ ပန်းကလေးတစ်ပွင့်နဲ့ ဒီရုပ်ရှင်စကားဝိုင်းကို ပြောဆိုဆွေးနွေးမှာ ဖြစ်ပါတယ်။ အဲဒီ 'မေ'ဆိုတဲ့ ပန်းပွင့်ကလေးကတော့ 'မေလွင်' ဖြစ်ပါတယ်။**

(၂၇-၇-၂၀၂၀ ရက်မှ အဆက်)

**ဒေါ်မေလွင်။** ။ဟုတ်ကဲ့ ကိုယ်တိုင်ကို တစ်ခါတည်း သေချာ အရှေ့ကနေ လုပ်ပြသွားတာချည်းပဲ။ ဦးတင်မောင်ဆိုလည်း အဲဒီလိုပဲ ရှေ့ကနေ အတော် လုပ်ပြတယ်။ အဲဒါကို ကိုယ်က ကြိုးကြိုးစားစားနဲ့ အတော်လိုက်လုပ်ရတယ်။ အဲဒါကြောင့်မို့လည်း ဒီလိုနာမည် ဖြစ်လာတာပါ။ သူတို့ ကျေးဇူးတွေကြောင့်ပါ။

**ကြည်စိုးထွန်း။** ။ကျွန်တော်တို့နဲ့သာ ဆိုရင်တော့ အစ်မဒုက္ခပဲနော်။ ကျွန်တော်တို့ကလည်း လုပ်မပြတတ်။ အဲဒါဆိုရင်တော့ ဖြစ်လာမှာတောင် မဟုတ်ဘူးထင်တယ်။ အမူအရာလည်း ကျွန်တော်တို့က မလုပ်တတ်၊ လုပ်လည်း မပြရဲ။ ဟိုတုန်းကတော့ ဆရာကြီးကတော့ အမူအရာလည်း ပိုင်တာကိုး။ ဆရာဦးတင်မောင်က အမူအရာလည်း ပိုင်တယ်။

**ဒေါ်မေလွင်။** ။သူတို့ ကိုယ်နှိုက်ကိုက သိပ်ကျွမ်းကျင်တဲ့ သူတွေဆိုတော့။

**ကြည်စိုးထွန်း။** ။သူကအသံနေအသံထားတွေ သင်မယ်ထင်တယ်။

**ဒေါ်မေလွင်။** ။စကားပြောလို့ရှိရင် Flow ကိုက မကြိုက်မချင်း မလွှတ်ဘူး။

**ကြည်စိုးထွန်း။** ။ဌာန်ကရိုဏ်း ကျအောင် သူကပြောခိုင်းတာ။

**ဒေါ်မေလွင်။** ။စကားလုံးဆိုလို့ ရှိရင်လည်း လုံးဝမှားလို့မရဘူး။ ရှေ့နောက် ဒီလိုမှားတာတွေ သူတို့မကြိုက်ဘူး။ ဒိုင်ယာလော့ဒ်ကို သေချာကျက်ရတယ်။ သေချာကျက်ပြီးမှ သေချာရိုက်ရတယ်။ အမူအရာလည်း ကြိုက်မှ။

**ကြည်စိုးထွန်း။** ။အဲဒီတော့ ကြောက်မနေဘူးလား သူတို့ကို။

**ဒေါ်မေလွင်။** ။ကြောက်တော့ ကြောက်ပါတယ်။ ဒါပေမဲ့ ချစ်ကြောက် ရိုသေကြီးပါပဲ။ အဲဒီလိုမျိုးပါပဲ။

**ကြည်စိုးထွန်း။** ။တစ်ခါတလေကျရင် ဒါရိုက်တာကို သိပ်ကြောက်ပြီးတော့လေ မှန်းသွားမှာ ကျွန်တော် သိပ်ကြောက်တော့။ ဘယ်လိုအမူအရာ ဘယ်လိုလုပ်ဆိုတာ။

**ဒေါ်မေလွင်။** ။အခုခေတ်က ဒါရိုက်တာတွေကလည်း အမြော်အမြင် သိပ်ကြီးတယ်။ ကလေးတွေကလည်း အကုန်လုံး လုပ်တတ်ကိုင်တတ်ဆိုတော့ အဆင်ပြေပါတယ်။

**ကြည်စိုးထွန်း။** ။ဒါရိုက်တာတွေ ကတော့ အမြော်အမြင်ကြီးတယ် မပြောပါနဲ့အစ်မရယ်။ အဲဒီလိုတော့ မဟုတ်ဘူးပေါ့နော်။ ကလေးတွေအနေနဲ့ကလည်း မကြောက်တော့ဘူး။ Camera Fright တို့ Stage Fright တို့ဆိုတာ မရှိတော့ဘူး။ ဟိုတုန်းကတော့......။

**ဒေါ်မေလွင်။** ။ဟိုတုန်းကတော့ အရှက်အကြောက် သိပ်ကြီးကြတယ်လေ။ အခုက သင်တန်းတွေ ဘာတွေ တက်ထားတယ်ဆိုတော့ ကလေးတွေကလည်း ပညာလေးတွေက ပြည့်ပြီးတော့ အဆင်ပြေကြတာပေါ့။

**ကြည်စိုးထွန်း။** ။ကောင်းပါတယ်အစ်မရယ်။ ဒါကတော့ သူ့ခေတ်နဲ့သူပေါ့ပဲ။ ဦးချင်းစိန်ကနေပြီးတော့ ဦးဝေဇင် ဖြစ်သွားတယ်။ ဦးဝေဇင် ပြောင်းသွားပါတယ်။

**ကြည်စိုးထွန်း။** ။ဟုတ်လား။

**ဒေါ်မေလွင်။** ။မောင်လှမျိုးတို့ အစ်ကိုလေ။

လည်း အင်မတန်စိတ်ဝင်စားစရာကောင်းပါတယ်။ အဲဒီတော့ ဘာပဲဖြစ်ဖြစ် အစ်မတို့က ဒီမျိုးဆက်ထဲကိုတော့ ဝင်သွားကြတယ်ပေါ့။ ဝင်သွားကြပြီးတော့ ဒေါ်မေမြရယ်၊ အစ်မရယ်ကတော့ ဆွေမျိုးဖြစ်သွားပြီ။ ဒီထဲမှာမှ ဆွေမျိုးမတော်ဘဲနဲ့ ဆွေမျိုးဖြစ်နေတာတော့





မြင့်အောင်



မြတ်သာ



မေမြ



ခင်လေးဆွေ



မေဆွိ



မေနု

**ကြည်စိုးထွန်း။** ။နောက် ပြလည်း ပြတတ်တယ်နော်။ ဦးချင်းစိန်လည်း အဲဒီလိုပေါ့။ ပြလည်းပြတတ် လုပ်လည်း လုပ်တတ်ဆိုတော့ ဆရာကောင်းတွေနဲ့ အများကြီး တွေ့ရတယ်။ ဦးသုခလည်း တွေ့ရသေးတယ်နော်။

**ဒေါ်မေလွင်။** ။ဦးသုခလည်း သင်တယ်။ တော်တော်ကို သင်တာပဲ။ တာပေါ့နော်။ ဒါကြောင့်မို့လို့ ရိုက်ကွင်းဆိုရင် ပထမရင်းနှီးမှုရအောင် ယူလိုက်တာပေါ့။ ခင်မင်ရင်းနှီးမှုလေးရပြီဆိုတော့မှ ကားကို စပြီးတော့ရိုက်တယ်။ ကိုယ့်ကိုသိပ်ပြီးတော့ ကြောက်ရွံ့နေမှာလည်း ကိုယ်က စိုးတာကိုး။ နောက်ပြီးတော့ ကိုယ်ကလည်း သိပ်ပြီးတော့ သင်တတ်တာမဟုတ်ဘူးလေ။ အမှန်ပြောရရင် ခုနကလို ဆရာကြီးတွေလို မသင်တတ်ဘူးဆိုနော်။ ကဲ အစ်မတို့ခေတ် ပြန်သွားရအောင်။ အစ်မတို့ခေတ်ဆိုတော့ ကျွန်တော်တို့ စွဲတာလေးတွေ ကျွန်တော်က ပြောချင်တာပေါ့။ ဆိုပါတော့အစ်မရယ်။ ကိုသိန်းဇော်နဲ့ အစ်မနဲ့ 'တကူကူးကူ' ဆိုတဲ့ သီချင်းလေ မှတ်မိသေးလား မသိဘူး။ အဲဒါက........




**ဒေါ်မေလွင်။** ။'ချစ်သက်ဝေ'။

**ကြည်စိုးထွန်း။** ။'ချစ်သက်ဝေ' က အစ်မခုနကကားတွေ 'ဘုမသိ ဘမသိ' တို့ပြီးလို့ ရိုက်တာလား။ မဟုတ်သေးဘူးလား။

**ဒေါ်မေလွင်။** ။ဟုတ်ကဲ့ အဲဒါတွေပြီးမှ။

**ကြည်စိုးထွန်း။** ။ဩော် တော်တော်ကြာမှ။ အဲဒီတော့ 'ဘုမသိ ဘမသိ' ပြီးတော့ ခုနက 'ချစ်တေးသံ' နော်။

**ဒေါ်မေလွင်။** ။'ချစ်မေမေ'၊ 'ချစ်မမ'၊ 'ချစ်တေးသံ'။

**ကြည်စိုးထွန်း။** ။'ပန်သစ္စာ'။

**ဒေါ်မေလွင်။** ။'ပန်သစ္စာ' က အဲဒါပြီးတော့မှ ဦးညီပုနဲ့ 'ပန်သစ္စာ' ရိုက်ပါတယ်။

**ကြည်စိုးထွန်း။** ။အဲဒီတော့ အစ်မ 'ချစ်မေမေ' ရွှေညာမောင်ပဲ။ ဦးချင်းစိန်ပဲ။

**ဒေါ်မေလွင်။** ။'ချစ်မေမေ' က ဦးချင်းစိန်

**ကြည်စိုးထွန်း။** ။သိတယ်လေ။ ကိုဝေဇင်၊ ဦးတင်နွယ်ရဲ့သားတွေပေါ့ အစ်မရယ်။

**ဒေါ်မေလွင်။** ။ဒေါ်မေမြရဲ့ ခင်ပွန်းပါ။ ဒေါ်မေမြလည်း ပါပါတယ်။ အဲဒီထဲမှာ။

**ကြည်စိုးထွန်း။** ။အဲဒီတော့ အစ်မရယ် ဒီနေရာမှာ ကျွန်တော် တစ်ချက်ပြောချင်တာက အောဝမ်းကိုရောက်လာတဲ့ အစိမ်းတွေထဲက အောဝမ်းမျိုးတွေ ဖြစ်သွားတာက ဘယ်သူတွေ ရှိသေးလဲ။ အစ်မနဲ့ ဒေါ်မေမြပဲလား။ ဘယ်သူရှိသေးလဲ။

**ဒေါ်မေလွင်။** ။မရှိပါဘူး။ မဌေးတို့ နှစ်ယောက်ပါပဲ။

**ကြည်စိုးထွန်း။** ။ဘာဖြစ်လို့လဲ ဆိုတော့ ဒေါ်မေမြကလည်း ဦးတင်နွယ်ရဲ့သား၊ ဦးဝေဇင်နဲ့ အိမ်ထောင်ကျတယ်။ တစ်ခါ အစ်မကလည်း ဦးတင်နွယ်ရဲ့တူ ဖြစ်တာပေါ့။ ကိုသိန်းဇော်က ဟုတ်တယ်မလား။ တစ်ခါ ဦးတင်နွယ်ရဲ့ နှမရဲ့ သားပေါ့နော်။ သူ့အမေနာမည်က။

**ဒေါ်မေလွင်။** ။ဒေါ်ခင်ညွန့်ပါ။

**ကြည်စိုးထွန်း။** ။ဒေါ်ခင်ညွန့်ရဲ့ သားပေါ့နော်။ အောဝမ်းမျိုးဆက်က ဦးချင်းစိန်ပဲ ကျွန်တော်မြင်တာ။ ဦးချင်းစိန်ကလည်း တစ်ခါတည်း စာအုပ်တွေ၊ မဂ္ဂဇင်းတွေလည်း သူကိုင်၊ နောက်တစ်ခါ Actor လည်း ဝင်လုပ်။ Actor ဝင်လုပ်တာမှ အစ်မရယ်။ ၁၉၃၆ ခုနှစ်က ကားတစ်ကားရှိတယ်။ 'ဖူး' ဆိုတဲ့ကားတစ်ကား အောဝမ်းက။ အောဝမ်းတောင် ဖြစ်ပြီလား မပြောတတ်ပါဘူး အစ်မရယ် ထားပါတော့။ 'ဖူး' ဆိုတဲ့ကားတစ်ကား ဗန်ကောက်ကနေပြီးတော့ အဲဒါလေးကို ရလာတယ်။ ဗန်ကောက်က ရုပ်ရှင်ပြတိုက်ကနေပြီးတော့ ရုပ်ရှင်ပြတိုက်မှူးနဲ့ ကျွန်တော်ကခင်တော့၊ ဟာ မင်းတို့ဆီက ဗမာကား ရှိတယ်ကွတဲ့။

**ဒေါ်မေလွင်။** ။ကြားတောင်မကြားဖူးဘူး အစ်မ။

**ကြည်စိုးထွန်း။** ။အဲဒီ 'ဖူး' ဆိုတဲ့ကားလေး ယူလာတော့ ဦးချင်းစိန်က အဲဒီထဲမှာ သရုပ်ဆောင်တာ အစ်မရဲ့။ မြို့ဝန်လား ဘာလားမသိဘူး သရုပ်ဆောင်တာ။ ပုဆိုးတွေ ဘာတွေ ကျွတ်ကျ ဘာညာ သိပ်ရယ်စရာကောင်းတာ။ အဲဒီတော့ ကဲအစ်မရေ ဆက်ကြဦးစို့။ ဦးချင်းစိန်ရိုက်တာက 'ချစ်ဖေဖေ' လား ကိုဝေဇင်ရိုက်တာက။

**စာမျက်နှာ ၉ သို့** ■

■ စာမျက်နှာ ၈ မှ

**ဒေါ်မေလွင်။** ။ 'ချစ်မမ'ပါ။

**ကြည်စိုးထွန်း။** ။ ဩော် 'ချစ်မမ' က ကိုဝေဇင်လား။ အဲဒီမှာ အစ်မက အကယ်ဒမီရတာနော်။ အဲဒါနဲ့ တစ်ပြိုင်နက်ပဲ အစ်မရတဲ့နှစ်မှာ ကျွန်တော် သိတာက ဖိုးပါကြီး၊ ဝင်းမာ၊ အဲဒါက ဘာလဲ ဆိုတော့ 'ဖိုးပြုံးချို' အစ်မတို့က 'ချစ်မမ' နဲ့ ရတယ်နော်။ ဒါပေမဲ့ ကိန္နရီ၊ ကိန္နရာရုပ် မဟုတ်သေးဘူး။ ရွှေရင်ထိုးလေးတွေနော်။ ဘယ်လောက်လောက် ရှိမလဲ အစ်မ ရွှေသား ရွှေအစစ်နော် အဲဒါ။

**ဒေါ်မေလွင်။** ။ ထင်တော့ လေးကျပ်သား ဝန်းကျင်လောက်တော့ ရှိမယ်ထင်တယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်လား အများကြီးပဲ ရတာပဲ။အခုနှစ်ကျပ်သားပဲ ရှိတယ်အစ်မရဲ့။

**ဒေါ်မေလွင်။** ။ အဲဒါအကုန်လုံး အစစ် လေ။ ရင်ထိုးကြီးဆိုတော့ အနောက်က ထိုးတဲ့ဟာနဲ့ ဘာနဲ့၊ ကမ္ဘာလုံး ပေါ်မှာ ဖလင်လိပ်ကြီးက ကျနေပြီးတော့ အပေါ်မှာ မကိုဋ်ဆောင်းထားတယ်။ အမျိုး သမီးတွေကတော့ အမျိုးသမီးမကိုဋ်ပေါ့လေ။ စီးပုံပေါ့။ အမျိုးသားကျတော့ သိကြားမင်း မကိုဋ်တွေ အဲဒါ မကိုဋ်ပဲ ကွာပါတယ်။

**ကြည်စိုးထွန်း။** ။ဩော် ဒါဖိုးပါကြီးကျတော့ မကိုဋ်ပေါ့။ အစ်မကျ စီးပုံနဲ့ နော်။ ဝင်းမာလေး ကျတော့ရော။

**ဒေါ်မေလွင်။** ။ ဝင်းမာလည်း စီးပုံပဲဖြစ် မယ် ထင်တယ်။

**ကြည်စိုးထွန်း။** ။ ဟိုဟာတွေ ကျတော့ ခြသေ့်ရုပ်တို့၊ ဒေါင်းရုပ်တို့ အဲဒါတွေပေးတာပေါ့။ ဖလားတို့ ပထမ၊ ဒုတိယ၊ တတိယဆုက ကားကိုပေးတာပေါ့။ အဲဒီဟာကလည်း အစ်မတို့လည်း ရပြီးရော နောက်နှစ်ကျတော့ ကိန္နရာရုပ် ပြောင်းသွား တာနော်။ အဲဒီတော့ ဘာပဲဖြစ်ဖြစ် အစ်မတို့က ရင်ထိုးတံဆိပ်ရဲ့ နောက်ဆုံးမျိုးဆက်တွေပေါ့။ အစ်မ အဲဒါလှူလိုက်တယ်လို့ ကြားတယ်။

**ဒေါ်မေလွင်။** ။ ဟုတ်ကဲ့ရှင့်။ ၇၇ ခုနှစ် လောက်တုန်းက မဟာစည် ဆရာတော်ဘုရားကြီးကို လှူခဲ့ပါတယ်။ အဲဒီမှာ တရားဝင်ရင်းနဲ့ မဟာစည်ဆရာ တော်ဘုရားကြီးလည်း မန္တလေးမှာ အဆောက်အအုံလုပ်နေတယ်ဆိုတော့ အဲဒီမှာ ဦးသံဝရနဲ့ မဟာစည်ဆရာတော်ဘုရားကြီးကို ရေစက်ချပြီး လှူခဲ့ပါတယ်။

**ကြည်စိုးထွန်း။** ။ သာဓုပါ အစ်မရယ်။ သာဓုပါ သာဓုပါ။ 'ချစ်မမ' ပြီးတော့ အစ်မဘာတွေရိုက်ဖြစ်သေးလဲ။

**ဒေါ်မေလွင်။** ။ 'ချစ်စေတနာ'။

**ကြည်စိုးထွန်း။** ။ 'တွေးရခက်ကြီး' တို့။

**ဒေါ်မေလွင်။** ။ 'တွေးရခက်ကြီး' က ကိုပါကြီး၊ ကိုပါကြီး နှစ်ကိုယ်ခွဲ၊ ခင်လေးဆွေလည်းပါတယ်။ မေနု လည်းပါပါတယ်။

**ကြည်စိုးထွန်း။** ။ ကျွန်တော် 'မေ' နာမည် တပ်ထားတဲ့ မင်းသမီး တွေထဲက ဒေါ်မေနုနဲ့ ဒေါ်မေမြင့်က တော်တော်စောတယ်တဲ့။ တော်တော် စောတယ်ဆိုတာ ငယ်ငယ်လေးကတည်းက ၁၂ နှစ်၊ ၁၃ နှစ်လောက်ကတည်းက။

**ဒေါ်မေလွင်။** ။ ဒေါ်မေညွန့် ကလည်း ပိုစောသေးတယ်။ ဒေါ်မေ ရှင်တို့ ဒေါ်မေသန်းတို့ထက်တောင် စောသေးလား မသိဘူး။

**ကြည်စိုးထွန်း။** ။ ဟုတ်လား ဒေါ်မေညွန့် ကလေ ဩော် ဩော် ကျွန်တော်တို့က မေသန်းက အစောဆုံးမှတ် နေတာပေါ့။ နောက်တစ်ခါ တစ်ယောက် ထူးထူးဆန်းဆန်း ရှိတယ်နော်။ အစ်မ 'မေသင်းကြိုင်' ဆိုတာ တစ်ယောက်ရှိ သေးတယ်။

**ဒေါ်မေလွင်။** ။ ဒေါ်မေသင်းကြိုင်က ဦးဖေ စန်းနဲ့ သီချင်းတွေ ဘာတွေ ဆိုကြပါတယ်။

**ကြည်စိုးထွန်း။** ။ 'လပြာသို' သီချင်းဘယ်လို ဆိုလဲ အစ်မ နည်းနည်းကြား လို့ရမလား။

**ဒေါ်မေလွင်။** ။ ဟောဒီလပြာသို ညအခါဆို အလွန်အေးသဗျို့ဆိုတာ အဲသလောက်ပဲ သိတယ်။ မဒွေးလည်း။

**ကြည်စိုးထွန်း။** ။ဟုတ်လားကိုဖေစန်းနဲ့နော်။ ဖေစန်းက ပါးချိုင့်ကလေး ဆိုတဲ့ သီချင်းလည်း...

**ဒေါ်မေလွင်။** ။ ဟုတ်ကဲ့ အဲဒါနာမည်ကြီး တယ်။

**ကြည်စိုးထွန်း။** ။ အေဝမ်းဓာတ်ပြားတွေထဲ မှာနော်။ အဲဒီတော့ အစ်မတို့ ကရော ဓာတ်ပြားတွေ လုပ်ခဲ့ရသေးလား။

**ဒေါ်မေလွင်။** ။လုပ်ခဲ့ရပါတယ် ဦးညီပုကား မှာ။

**ကြည်စိုးထွန်း။** ။ 'ပန်သစ္စာ'။

**ဒေါ်မေလွင်။** ။ အဲဒီမှာ ဓာတ်ပြားတစ်ခု သွင်းဖူးပါတယ်။ နောက်ပြီး တော့ အေဝမ်းကလည်း သွင်းသေးတယ်။ အိပ်မက်ထဲက ကိုလူပျိုဆိုပြီးတော့ သွင်းသေး တယ်။

**ကြည်စိုးထွန်း။** ။ ဩော် ကြားဖူးတယ်။

**ဒေါ်မေလွင်။** ။ ဒေါ်မေရှင်နဲ့ တစ်ခြမ်းစီ။ ကိုခင်မောင်အဖွဲ့နဲ့လည်း အေဝမ်းမှာ ဆိုပါတယ်။



မေနွဲ့

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ အေဝမ်းခင်မောင်။

**ဒေါ်မေလွင်။** ။ဟိုးအရင် မြန်မာ့အသံ အဟောင်းမှာကတည်းက ဝင်ဒါမီယာက မြန်မာ့အသံမှာကတည်းက ဆိုပါတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်လား အစောကြီးပေါ့ အစ်မရဲ့နော်။ အစောကြီးပေါ့ တီးဝိုင်းကနေ ဆိုနေတာပေါ့။ အဲဒီတော့ တချို့ ဓာတ်ပြားတွေရော မရှိတော့ဘူးမလား အစ်မဆီမှာ။

**ဒေါ်မေလွင်။** ။ မဒွေး မြန်မာ့အသံကိုပဲ လှူ လိုက်ပါတယ်။ လက်ကျန်တွေ လည်း ကိုသစ္စာကို ထင်တယ်၊ လှူလိုက်ပါ တယ်။

**ကြည်စိုးထွန်း။** ။ ကျွန်တော်တို့ကတော့ အဲဒီ 'အိပ်မက်ထဲက ကိုလူပျို' နော်။ အဲဒါလည်း ကြားသလိုလိုတော့ ရှိတာပဲ။ နောက် 'ချစ်သက်ဝေ' ထဲက 'တကူကူးကူ' အဲဒါတွေရော။

**ဒေါ်မေလွင်။** ။ အဲဒါတွေကတော့ မသွင်း ဖြစ်ပါဘူး။ ဒီပြင့်ကလေးတွေ နောက်ကလေးတွေ ဆိုနေပါပြီ။

**ကြည်စိုးထွန်း။** ။ ဆိုသေးလား။



**ဒေါ်မေလွင်။** ။ ဟုတ်ကဲ့ မေဆွိတို့ ဆိုပါ တယ်။ ကောင်းပါတယ်။ နောက်ကလေးတွေဆိုတာ။

**ကြည်စိုးထွန်း။** ။ ပျော်စရာလေးနော် အဲဒီ



သိန်းဇော်၊ မေလွင်

တုန်းက ကိုသိန်းဇော်က လည်း ငယ်ငယ်လေး၊ အစ်မကလည်း ငယ်ငယ် လေး။

**ကြည်စိုးထွန်း။** ။ အဓိကဇာတ်လမ်းကတော့ ဒေါ်ကြည်ကြည်ဌေးနဲ့ ဦးတင်မောင်နဲ့ အထင်လွဲတာ။

**ကြည်စိုးထွန်း။** ။ ကိုသိန်းဇော်က ဒေါ်ကြည် ကြည်ဌေးသား ထင်တယ်။ ကောင်းတယ် အဲဒီကားလေးလည်း နောက် အစ်မ 'လေလွင့်လိပ်ပြာ' တို့ ဘာတို့လည်း ရှိသေးတယ်။

**ဒေါ်မေလွင်။** ။ ဟုတ်ကဲ့ 'လေလွင့်လိပ်ပြာ' က ဝိညာဉ်ကားမို့လို့ သူတို့ ban ထားတယ်နဲ့ တူတယ်။ နောက်ပိုင်း မပြရ ဘူးလေ။ တစ္ဆေကား၊ သရဲကားတွေ မပြရဘူး ဆိုလို့ အဲဒီကားပိတ်လိုက်ပါတယ်။

**ကြည်စိုးထွန်း။** ။ သူက တစ္ဆေသရဲလား သို့မဟုတ် လိပ်ပြာ သဘော တွေလား။

**ဒေါ်မေလွင်။** ။ အဲဒီအိမ်ကြီးမှာ အပြစ်ပေး ခံနေရတဲ့ ဝိညာဉ်လိုပေါ့။ မဒွေးက ဆယ်တန်းဖြေဖို့ နယ်ကနေပြီးတော့ တက်သွားတော့ အဲဒီမှာ ညည ဆို လေးနာရီဆို ထွက်ထွက်ပြီးတော့ ဝိညာဉ်ကြီးက မဒွေးကို ဒုက္ခပေးတာ အဲဒါ။ ရည်းစားစကား လိုက်ပြော တာ။

**ကြည်စိုးထွန်း။** ။ ဟုတ်လား အဲဒါက ဘယ်သူ လုပ်လဲ အစ်မရဲ့။

**ဒေါ်မေလွင်။** ။ ဦးသိန်းဇော် နှစ်ကိုယ်ခွဲပါ။ တစ်ကိုယ်က သရဲလုပ်တယ်။ သရဲက လူထဲကို ဝင်ပြီးရင်လုပ်ရော သရဲထွက် သွားရင် အဲဒီလူက မသိဘူး။ မသိတော့ နောက်ပိုင်းစကားများကြတာ အဲဒါတွေပေါ့။

**ကြည်စိုးထွန်း။** ။ ဩော် ကားက ထူးထူးဆန်း ဆန်း။

**ဒေါ်မေလွင်။** ။ အမေနွဲ့ကိုလည်း ဦးမြတ် သာကိုဝင်ပြီးတော့ အမေနွဲ့ ကို သွားပြီး ရည်းစားစကားပြောကြတယ်။ အဲဒီမှာအမေနွဲ့နဲ့ စကားများကြ အဲဒါတွေ ဖြစ်ကုန်ပါတယ်။

**ကြည်စိုးထွန်း။** ။ ဩော် ဦးမြတ်သာလည်းပါ တာပေါ့နော် အဲဒါ။

**ဒေါ်မေလွင်။** ။ဦးမြတ်သာက ဒါရိုက်တာပါ။

**ကြည်စိုးထွန်း။** ။ သူ ဒါရိုက်တာ၊ သူသရုပ် ဆောင်။

**ဒေါ်မေလွင်။** ။ တအားကို ရယ်ရတယ် အဲဒီကားက။

**ကြည်စိုးထွန်း။** ။ ဟုတ်လား ကြည့်ချင်လိုက် တာ အစ်မရယ်။ ကျွန်တော် တို့ဆီမှာ ထူးထူးဆန်းဆန်းကားလေးတွေ ဒါပေမဲ့ ဒါတစ္ဆေသရဲမှ မဟုတ်တာ အစ်မရဲ့။ ဘယ်လိုခေါ်မလဲ ပူးတဲ့သဘောမျိုးလေးပေါ့။ ကျွန်တော်တို့ ဟိုနိုင်ငံခြားကား Ghost လို ဟာမျိုးပေါ့နော်။ အဲဒါမျိုးလေး ခပ်ဆင်ဆင် လေးဆိုတော့ ဒီအချိန်မှာဆိုရင်လည်း ဒီက ဆင်ဆာမူဝါဒလေးကလည်း နည်းနည်းလေး လျှော့လျှော့ပေါ့ပေါ့လေးဆိုတော့ ဒါမျိုးလေး တွေက ရိုက်လို့ရချင်ရမှာ အစ်မရဲ့နော်။ ကြည့်ရရင်တော့ ကောင်းမှာပေါ့။ ထူးလည်း ထူးဆန်းတယ်နော်။ နောက် ဒါရိုက်တာက လည်း ဖိုက်တင်မှာလည်းသန်၊ ဟာသမှာလည်း သန် သူကိုယ်တိုင်ကလည်း ဟာသသရုပ်ဆောင် ဆိုတော့ ကားလေးက တော်တော်ကြည့်လို့ ကောင်းမှာပေါ့နော်။

**ဒေါ်မေလွင်။** ။ ဦးတင်မောင်က အမြဲတမ်း ဦးစီးကြီးကြပ်ပြီး လုပ်ပေး တယ်ဆိုတော့ ပိုပြီးတော့ အဆင်ပြေသွား တယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ ဟုတ်ကဲ့ သူက တော့ လွှတ်မထားဘူးပေါ့ နော်။

**ဒေါ်မေလွင်။** ။လွှတ်မထားဘူး။ပိုပြီးတော့ Quality ကောင်းအောင် အမြဲတမ်းဆောင်ရွက်ပါတယ်။

**ကြည်စိုးထွန်း။** ။ထူးထူးဆန်းဆန်းပဲအေဝမ်း ကနေပြီးတော့ အစ်မတို့ တပျော်တပါးကြီး ရိုက်တဲ့ ကားတစ်ခုရှိပါ သေးတယ်။ တစ်ခါတည်း စုံတွဲတွေ အများ ကြီးနဲ့ ရိုက်တဲ့ကား။

**ဒေါ်မေလွင်။** ။ဟုတ်ကဲ့ ဟုတ်ကဲ့ 'မောင်နှံ ခုနစ်ဖော်' ဆိုတာ။

**ကြည်စိုးထွန်း။** ။ အဲဒါ ဘယ်သူရိုက်လဲ မသိဘူး။

**ဒေါ်မေလွင်။** ။ အဲဒါ ဦးသိန်းဇော် ရိုက် တာပါ။

**ကြည်စိုးထွန်း။** ။ မင်းသားတွေ လည်း အများကြီးပဲ။

**ဒေါ်မေလွင်။** ။စိန်ဖေတင်လည်း ပါတယ်။ အဲဒီမှာ ဒါရိုက်တာ စိန်ဖေတင်လည်း ပါတယ်။ အောင်လွင်ပါ တယ်။

**ကြည်စိုးထွန်း။** ။ စိန်ဖေတင်က ဒါရိုက်တာ မလုပ်ခင်က သူက မင်းသားလုပ်သေးတာလား။

**ဒေါ်မေလွင်။** ။ သူက မဒွေးတို့နဲ့ မင်းသား လုပ်ပါတယ်။ ကြည်စိုး စပြီးတော့ မင်းသားဖြစ်တာပဲ။ ကြည်စိုး၊ အောင်မိုး၊ မောင်ဝင်းဦးရဲ့ ညီအငယ်ဆုံး။

**ကြည်စိုးထွန်း။** ။နေဦး ဒီအောင်မိုးက ခုနက မေသင်းကြိုင်နဲ့။

**ဒေါ်မေလွင်။** ။ မေမြင့်ရီပါ။

**ကြည်စိုးထွန်း။** ။ မေမြင့်ရီနဲ့ အိမ်ထောင်ကျ တာနော်။

**ဒေါ်မေလွင်။** ။အေဝမ်းက မင်းသမီးလေး ပါ။

**ကြည်စိုးထွန်း။** ။ အေဝမ်းက 'မေ' တစ်ယောက်ပဲ။

**ဒေါ်မေလွင်။** ။ မေမြင့်ရီပါ နောက်ဆုံး မင်းသမီးလေးပါ သူက လည်း။

**ကြည်စိုးထွန်း။** ။အဲဒီတော့ အစ်မက အဲဒီထဲ မှာ ဘယ်သူနဲ့တွဲရလဲ။ ကိုသိန်းဇော်နဲ့ပဲလား။

**ဒေါ်မေလွင်။** ။ မဟုတ်ဘူး။ ကိုခင်မောင် ဇင်နဲ့။

**ကြည်စိုးထွန်း။** ။ ဟားဟား ကိုသိန်းဇော်က ဘယ်သူနဲ့တွဲလဲ။

**ဒေါ်မေလွင်။** ။ ကိုသိန်းဇော်က မေလဲ့ဝင်း နဲ့ တွဲတယ်။ မောင်မြင့် အောင်လည်းပါတယ်။

**ကြည်စိုးထွန်း။** ။ ကိုမြင့်အောင်ကရော။

**ဒေါ်မေလွင်။** ။ မောင်မြင့်အောင် က ဘယ်သူလဲမသိဘူး။ အဲဒီ မှာ ကောင်မလေးတစ်ယောက်ပါတယ်။

**ကြည်စိုးထွန်း။** ။ပျော်စရာကြီးနေမှာပဲနော်။ မင်းသားမင်းသမီးတွေ အဲဒီမှာ စုစုံပြီးတော့နော် ဟိုအကြောင်း ဒီအကြောင်းလည်း ပြောကြမှာပဲနော်။ ဟား ဟား ဆုံကြတာကိုး အစ်မရဲ့နော်။ နောက်ကျ တော့ အစ်မ အဲဒီကားလေးကတော့ ကျွန်တော်တို့လည်း အရွယ်ရောက်လာပြီပေါ့။ အရွယ်ရောက်လာပြီးတော့ Romance လေးတွေလည်း ကြိုက်တယ်။ နောက် Action လေးတွေလည်း ကြိုက်တဲ့အချိန်မှာ အစ်မနဲ့ ဦးကျော်ဆွေနဲ့ ချစ်မေတ္တာ။

(ဆက်လက်ဖော်ပြပါမည်)

# နားလည်သလား

ခင်မောင်ညို (ဘောဂဗေဒ)

စီမံခန့်ခွဲမှုပညာအကြောင်းရေးလိုက်ကြ၊ ပြောလိုက်ကြတာ။ စာအုပ်တွေကလည်း တစ်ပုံတစ်ခေါင်းကြီး ဖတ်လို့ကုန်စရာမရှိ။ ဝယ်လိုအားနဲ့ရောင်းလိုအားဥပဒေသတွေ မရှိတော့ဘူးလား။ ဘယ်လိုစီမံခန့်ခွဲရမယ်ဆိုတာ သိချင်တတ်ချင်သူတွေ များနေတာလား။

စာအုပ်အတော်များများက ဖတ်ရတာ ခက်ပါတယ်။ နာမ်တွေကို ကြိယာ လုပ်လိုလုပ်။ ကြိယာတွေက နာမ်ဖြစ်လိုဖြစ်။ ဘာမှန်းမသိတဲ့ အတိုကောက် အသုံးအနှုန်းတွေကလည်း အများသား။

စီမံခန့်ခွဲမှုကျမ်းတွေကိုကြည့်လိုက်ရင် ယနေ့ခေတ်မှာ လူတွေကိုစီမံခန့်ခွဲရတာ ဘယ်လောက်ခက်ခဲတယ်ဆိုတဲ့အကြောင်းတွေပဲ များပါတယ်။ စောစောပိုင်းက သဘောတရားတွေမှာတော့ စက်မှုလုပ်သားတွေရဲ့ ထုတ်လုပ်မှု အများဆုံးရအောင် ဘယ်လိုလုပ်ကြမလဲဆိုတာ အသားပေးကြတယ်။ လူတွေကို မူလီလေးတွေလို သဘောထားတယ်။

အလုပ်သမားတွေရဲ့ ထုတ်လုပ်မှုကို တိုင်းတာရတာကလည်း လွယ်တယ်။ တစ်နာရီကို ဘယ်နှခု ထုတ်လုပ်နိုင်သလဲလို့ပဲ တိုင်းရတာပါ။ ဒီကနေ့ခေတ်ကျတော့ ဝန်ဆောင်မှုက လွှမ်းမိုးတာဖြစ်လို့ ထုတ်လုပ်မှုစွမ်းအားကို တိုင်းတာရတာ ခက်သွားပြီ။ ဘယ်လောက်များများ လုပ်နိုင်တယ်၊ ဘယ်လောက်မြန်မြန် ထုတ်နိုင်တယ် ဆိုရုံနဲ့ မပြီးဘူး။ တယ်လီဖုန်း လက်ခံဖြေဆိုတဲ့ call centre က ဝန်ထမ်းတစ်ယောက်ဟာ လူ ၂၀ ကို လက်ခံဖြေဆိုနိုင်တယ်ဆိုပေမယ့် သူဖြေတာကို ကျေနပ်သွားတဲ့သူက ဘယ်နှယောက်ရှိသလဲဆိုတာ ပြောဖို့ခက်တယ်။ အတော်များများက မကျေမနပ်ဖြစ်ကြမယ်ဆိုရင် အချိန်ကုန်သွားတာ အကျိုးရှိတယ်လို့ မဆိုနိုင်ပါဘူး။ တီထွင်ဖန်တီးတတ်တဲ့ဝန်ထမ်းတွေဟာ အကြံကောင်းဉာဏ်ကောင်းတွေကို စာဖတ်တာက ရနိုင်သလို လမ်းလျှောက်ရင်းကနေလည်း ရနိုင်တယ်။

ဒါကြောင့် အခုအခါမှာ မန်နေဂျာတွေဟာ နည်းပြတွေအဖြစ်လည်း ဆောင်ရွက်ကြရမယ်လို့ ပညာရှင်တွေက ပြောလာကြတာ ဖြစ်ပါတယ်။ တပ်သားတွေနဲ့အတူရှိနေတဲ့ တပ်ကြပ်တွေလိုမဟုတ်ဘဲ လမ်းညွှန်ပေးတဲ့သူလို၊ အကြံဉာဏ်ပေးတဲ့သူလို ဆောင်ရွက်ကြဖို့ပါ။ အများအားဖြင့် ကျွမ်းကျင်မှုမြင့်မားတဲ့ အလုပ်သမားအတော်များများကို တစ်ခါတစ်ရံ အခုလို ဆက်ဆံလေ့ရှိပါတယ်။ အခုတော့ ကျန်တဲ့ ဝန်ထမ်းတွေကိုပါ အဲဒီလိုလိုက်ပြီး ဆက်ဆံရ၊ စီမံခန့်ခွဲရမယ်ဆိုတဲ့ သဘောပါ။

ပြဿနာက လူတစ်ယောက်နဲ့တစ်ယောက် ကိုယ်ရည်ကိုယ်သွေးက တူကြတာ မဟုတ်ဘူး။ လူအားလုံးကို တစ်ပုံစံတည်း နည်းပေးလမ်းပြလုပ်လို့လည်းမရဘူး။ တချို့က အထက်လူကြီးတွေနဲ့ ပုံမှန်ထိတွေ့ပြောဆို

> **ပြဿနာက လူတစ်ယောက်နဲ့တစ်ယောက် ကိုယ်ရည်ကိုယ်သွေးက တူကြတာ မဟုတ်ဘူး။ လူအားလုံးကို တစ်ပုံစံတည်း နည်းပေးလမ်းပြလုပ်လို့လည်းမရဘူး။ တချို့က အထက်လူကြီးတွေနဲ့ ပုံမှန်ထိတွေ့ပြောဆို ဆက်ဆံရတာကို သဘောကျကြတယ်။ တချို့က အပိုအလုပ်တွေဖြစ်တယ်၊ အချိန်ကုန်၊ လူပန်းလို့ သဘောထားကြတယ်။ ဒါကြောင့် ဘယ်ပုံသေနည်းတစ်ခုပဲ အချိန်မရွေး၊ နေရာမရွေး အမြဲမှန်တယ်လို့ ပြောလို့မရပါဘူး။**

ဆက်ဆံရတာကို သဘောကျကြတယ်။ တချို့က အပိုအလုပ်တွေဖြစ်တယ်၊ အချိန်ကုန်၊ လူပန်းလို့ သဘောထားကြတယ်။ ဒါကြောင့် ဘယ်ပုံသေနည်းတစ်ခုပဲ အချိန်မရွေး၊ နေရာမရွေး အမြဲမှန်တယ်လို့ ပြောလို့ မရပါဘူး။

နောက် အခက်အခဲတစ်ခုက စီးပွားရေးလုပ်ငန်းတွေရဲ့ ဖွဲ့စည်းပုံနဲ့ ပတ်သက်ပါတယ်။ ၂၀ ရာစုမှာ အစုလိုက်အပြုံလိုက် ထုတ်လုပ်မှုလုပ်ကြမယ့် ကုမ္ပဏီတွေ ကျင့်သုံးတဲ့ စနစ်တစ်ခုက ၂၁ရာစုထဲ ရောက်လာခဲ့ပြီ။

အခုအထိက ဘယ်သူကမှ ပြန်ပြီးသုံးသပ်ဆင်ခြင်တာမျိုး မလုပ်နိုင်ကြသေးပါဘူး။ အဲဒီစနစ်ဟာ အမိန့်ပေးထိန်းချုပ်တဲ့စနစ်ပါ။ အပေါ်က အမှုဆောင်အရာရှိကြီးတွေရဲ့ လမ်းညွှန်တာတွေကို အလယ်က မန်နေဂျာတွေကနေ အလုပ်သမားတွေကို ဆက်သွယ်ပြောကြားရတာပါ။ အခုခေတ် နည်းပညာအရ အလယ်လူ လုပ်စရာမရှိတော့ပါဘူး။ ထုံးစံကတော့ နည်းပညာလုပ်ငန်းတွေက ရှေ့ကပြေးကြတာ။ ရေတိုလုပ်ငန်း စီမံကိန်းတွေအတွက် အဖွဲ့အစည်းထဲက လုပ်ဖော်ကိုင်ဖက်တွေနဲ့ ဖွဲ့စည်းထားတဲ့ ခြေသွက်လက်သွက် အသင်းမဟုတ်လား။ မန်နေဂျာတွေက ပိုလို့တောင်သွက်ဦးမယ်။ တချို့ လုပ်ငန်းစီမံကိန်းတွေမှာ သူက ခေါင်းဆောင်ဖြစ်ပြီး တခြားစီမံကိန်းတွေကျတော့ သူက အသင်းဝင်ဖြစ်နေနိုင်တယ်။ အခုလို အဝေးကနေ အလုပ်လုပ်ကြတာ ခေတ်စားလာရင် စီမံခန့်ခွဲမှုပုံသဏ္ဌာန်တွေ ဘယ်လို ပြောင်းလဲမလဲ။ တစ်ယောက်နဲ့တစ်ယောက် တစ်ခါမှ မဆုံစည်းဖူးတဲ့ ကြီးကြပ်ရေးမှူးနဲ့ ဝန်ထမ်း ဘယ်လိုလုပ်ပြီး ဆက်ဆံရေးတည်ဆောက်ကြမလဲ။

ထိပ်ပိုင်းကို ပြန်ကြည့်ရအောင်။ ၁၉၉၀ ပြည့်လွန်နှစ်တွေမှာ စီးပွားရေးစန်းပွင့်တာနဲ့ ကြုံကြိုက်ပြီးတော့ အစုရှယ်ယာရှင်တွေရဲ့ အကျိုးစီးပွားတစ်ခုတည်းကိုပဲ အာရုံစိုက် လာခဲ့ကြတာဟာ အခု အဆင်မပြေတော့ပါဘူး။ အခုဆိုရင် စီးပွားရေးလုပ်ငန်းကြီးတွေရဲ့ ထိပ်တန်း အမှုဆောင်အရာရှိကြီးတွေဟာ အစုရှယ်ယာရှင်တွေနဲ့ပဲ ဆက်ဆံနေရတာမဟုတ်ဘူး။ ကျယ်ပြန့်တဲ့ လူ့အဖွဲ့အစည်းကြီးနဲ့ ဆက်ဆံနေရတာဖြစ်လို့ တိုင်းပြုပြည်ပြုပုဂ္ဂိုလ်လည်း ဖြစ်နေပါတယ်။ ကုမ္ပဏီအနေနဲ့ လူမှုရေး၊ နိုင်ငံရေး ပဋိပက္ခ တစ်ခုခုနဲ့ကြုံရင် ဝန်ထမ်းတွေ၊ ဖောက်သည်တွေရဲ့အမြင်ကိုလည်း ထည့်တွက်ရပါတယ်။ တက်ကြွတဲ့ အစုရှယ်ယာရှင်တွေ ဝေဖန်တိုက်ခိုက်တာကို ခံနိုင်ဖို့ လုံလောက်တဲ့အမြတ်တွေ တိုးတက်နေအောင် လုပ်ရသလို တစ်ချိန်တည်းမှာပဲ စောစောက ပြောခဲ့တဲ့ မိုင်းကွင်းတွေကို ရှောင်ရှားရပါတယ်။

ဒါပေမဲ့ မန်နေဂျာအတွက် ငွေရေးကြေးရေး ဆုတော်၊ လာဘ်တော်ဟာ ကျယ်ပြန့်တဲ့ စံချိန်စံညွှန်းတွေနဲ့ ချိတ်ဆက်ထားတာမဟုတ်ဘဲ ဘဏ္ဍာရေး ရည်မှန်းချက်နဲ့ပဲ ချိတ်ဆက်ထားတာပါ။ မကြာမီ နှစ်တွေမှာ ဝန်ထမ်းတွေ အခြားအကျိုးစီးပွားရှင်တွေနဲ့ ဆက်ဆံရာမှာ ဘယ်လို အောင်မြင်မှုရှိသလဲဆိုတာ တိုင်းတာမယ့် နည်းလမ်းတွေ လိုအပ်လာပါတယ်။ ဘယ်နည်းဟာ ရှင်းလင်းတယ်ဆိုတာ ရှာတွေ့ဖို့ကတော့ ခပ်ခက်ခက်ပါ။

တကယ်တော့ ရှင်းရှင်းလင်းလင်းမရှိတာကိုက မန်နေဂျာတွေရဲ့ ပုံမှန်စရိုက်တစ်ခုလို ဖြစ်နေတာပါ။ မန်နေဂျာတွေက ရှင်းရှင်းလင်းလင်း မပြောနိုင်ရင် ဝန်ထမ်းတွေက ဘယ်လိုလုပ်ပြီး ရှင်းရှင်းလင်းလင်း တွေးနိုင်ကြမလဲ။ ကိုယ်စာရေးရင် ဘေးလူကို ဖတ်ခိုင်းကြည့် သူနားလည်သလားမေးကြည့်၊ နားမလည်ဘူးဆိုရင် လွှင့်ပစ်လိုက်တဲ့။ ပြီးရင် အစအဆုံးပြန် ရေးတဲ့။

ရည်ညွှန်း– The Economist

## မန်ဝိန်းကျေးရွာ၌ ၃၃/၁၁ ကေဗွီ (၅)အမ်ဗွီအေ မန်ဝိန်းဓာတ်အားခွဲရုံ ဖွင့်လှစ်



**ဝိုင်းမော် ဇူလိုင် ၃၁**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ မန်ဝိန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ လျှပ်စစ်မီး အပြည့်အဝသုံးစွဲနိုင်ရေးအတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၁၉၉၆ ဒသမ ၉၄၈ သန်း အကုန်အကျခံ ဆောက်လုပ်ပေးခဲ့သော ၃၃/၁၁ ကေဗွီ (၅)အမ်ဗွီအေ မန်ဝိန်းဓာတ်အားခွဲရုံသစ်ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်နှင့် စည်ပင်သာယာရေးဝန်ကြီး ဦးနော်လီ (ခ) ဇခေါင်ခမ်းရယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ကချင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်ပြည့်ဝစွာ ဖြည့်ဆည်းပေးနိုင်မှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် တကွ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို မျှော်မှန်းပြီး ပြည်နယ်အတွင်းရှိ ခရိုင်လေးခရိုင်လုံးကို ဟန်ချက်ညီစွာ ဓာတ်အားလိုင်းများနှင့် ခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့အချိန်ထိ မီးသုံးစွဲနိုင်သူ အိမ်ထောင်စုဦးရေ ၁၇၆၂၅၉ ဦး ရှိပြီဖြစ်သဖြင့် ၆၅ ဒသမ ၄၄ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ပြင် ပြည်နယ်အတွင်း မည်သည့်နေရာဒေသမဆို လျှပ်စစ်မီးရရှိရေး၊ ဓာတ်အားပြည့်ပြည့်ဝဝ သုံးစွဲနိုင်ရေးအတွက် မူဝါဒရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောသည်။

ဆက်လက်၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်သော်လည်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ပေးခဲ့ကြောင်း ရှင်းလင်းပြောကြားပြီး မန်ဝိန်းဒေသခံများကိုယ်စား အမှတ် (၂) မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်လီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဓာတ်အားခွဲရုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျေးရွာများသို့ မီးခလုတ်နှိပ်၍ ဓာတ်အားပို့လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)




## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၃၁**

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် ဩဂုတ် ၄ ရက်ခန့်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# ဘရာဇီးသမ္မတ၏ဇနီးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးတို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**ဆော်ပေါ်လို ဇူလိုင် ၃၁**

အမေရိကန်နိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ဒုတိယအများဆုံး ဘရာဇီးနိုင်ငံ၌ သမ္မတ ဘိုလ်ဆိုနာရို၏ဇနီးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးတို့တွင် ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ကြောင်း တရားဝင်ထုတ်ပြန်ချက်တစ်ရပ်အရ သိရ သည်။

သီတင်းပတ်များစွာကြာ သီးခြားခွဲနေပြီးနောက် ဗိုင်းရပ်စ်ပိုးမရှိတော့ဟု သမ္မတဘိုလ်ဆိုနာရိုက ပြောကြားခဲ့ပြီး ရက်အနည်းငယ်အကြာတွင် သမ္မတကတော် မစ်ချယ်တွင် ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ဘရာဇီးသမ္မတရုံးက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။ "ယမန်နေ့က သမ္မတကတော် မစ်ချယ်မှာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ပါတယ်။ သူ့ရဲ့ ကျန်းမာရေးအခြေအနေကောင်းမွန်ပြီး ဆရာဝန်တွေရဲ့ ညွှန်ကြားချက်တွေကို လိုက်နာသွားမှာ ဖြစ်ပါတယ်"ဟု ထုတ်ပြန်ချက်က ဆိုသည်။

စစ်ဆေးမှုရလဒ်အရ ဘရာဇီးသိပ္ပံနှင့် နည်းပညာဝန်ကြီး မားကို့စ်ပွန်တက်စ်တွင် ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော သမ္မတ ဘိုလ်ဆိုနာရိုအစိုးရအဖွဲ့၏ ပဉ္စမမြောက်ဝန်ကြီး ဖြစ်လာခဲ့ကြောင်း ၎င်းက ဇူလိုင် ၃၀ ရက် အစောပိုင်းတွင် ပြောကြားခဲ့သည်။ ဇူလိုင် ၂၉ ရက်က ကိုဗစ်-၁၉ ကူးစက်မှုနှင့် သေဆုံးမှု စံချိန်သစ်တင်ခဲ့သည့် ဘရာဇီးနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်လာသောလက္ခဏာတစ်ရပ်ပင်ဖြစ်သည်။ ဇူလိုင် ၂၉ ရက်တွင် ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၆၉၀၇၄ ဦးနှင့် သေဆုံးသူ ၁၅၉၅ ဦးရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ရာ ကူးစက်ခံရသူစုစုပေါင်း ၂ ဒသမ ၅ သန်းကျော်နှင့် သေဆုံးသူ ၉၀၀၀၀ ကျော်အထိရှိလာခဲ့ပြီဖြစ်သည်။

လက်ရှိတွင် သီးခြားခွဲနေလျက်ရှိပြီး နေအိမ်မှ တာဝန်ထမ်းဆောင်နေကြောင်း ပွန်တက်စ်က ဖေ့စ်ဘွတ်၌ ကြေညာခဲ့သည်။ "ကျွန်တော့်မှာ ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ပါတယ်။ ကျန်းမာရေးကောင်းမွန်ပြီး နည်းနည်းဖျားနာတာ၊ ခေါင်းကိုက်တာပဲ ရှိပါတယ်"ဟု ၎င်းက ဆိုသည်။

ကိုးကား-သည်စထရိတ်တိုင်းမ်
ဘာသာပြန်-ကျော်ထိုက်စိုး


ဝန်ကြီး မားကို့စ်ပွန်တက်စ်


သမ္မတကတော် မစ်ချယ်

# နီပေါနိုင်ငံ၌ ပိတ်ထားခဲ့သော တောင်များအား ပြန်လည်ဖွင့်လှစ်

**ခတ္တမန္ဒူ ဇူလိုင် ၃၁**

နီပေါနိုင်ငံအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ပိတ်ထားခဲ့ရသော ဧဝရက်တောင်နှင့် အခြားတောင်များအား ခရီးသွားလုပ်ငန်း တိုးတက်စေရန်အတွက် ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



**အလုပ်လက်မဲ့ဖြစ်ခဲ့ရ**

ဆောင်းဦးရာသီတွင် နိုင်ငံအတွင်းသို့ တောင်တက်သမားရာပေါင်းများစွာလာရောက်ကြသော်လည်း မတ်လမှစတင်ပြီး နိုင်ငံ၏နယ်စပ်များကို ပိတ်ထားခဲ့သောကြောင့် ဝင်ငွေ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာဆုံးရှုံးပြီး အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ခဲ့ရကြောင်း သိရသည်။

ပြီးခဲ့သော သီတင်းပတ်မှစတင်၍ နိုင်ငံတွင်း အသွားအလာကန့်သတ်မှုများကိုရုပ်သိမ်းခဲ့ပြီး ခရီးသွားလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်နေကြောင်း ခရီးသွားလုပ်ငန်းဌာနမှ မီရာအချရာက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

**လေကြောင်းခရီးများပြေးဆွဲ**

နိုင်ငံတွင်း နိုင်ငံတကာလေကြောင်းခရီးစဉ်များကို ဩဂုတ် ၁၇ ရက်မှစတင်ပြီး ပြန်လည်ပြေးဆွဲခွင့်ပြုမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယခုဆုံးဖြတ်ချက်သည် နိုင်ငံတွင်း ယခုသီတင်းပတ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ၁၀၀၀ ခန့်ထပ်မံတွေ့ရှိသည့်အကြားမှ အထက်ပါအတိုင်းဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

**ဆောင်ရွက်**

တာဝန်ရှိသူများအနေဖြင့် နိုင်ငံတွင်းရောက်ရှိလာသော ခရီးသည်များအား သီးသန့်စောင့်ကြည့်ခြင်းဆောင်ရွက်မည့်အချိန်ကာလ အပါအဝင် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများသတ်မှတ်ရေးအတွက် ဆောင်ရွက်နေကြောင်း အချရာက ပြောကြားသည်။

"ခရီးသွား ဧည့်သည်တွေကတော့ နိုင်ငံတွင်းလာရောက်ရန် စောင့်နေကြပါတယ်။ သို့သော် ကျွန်တော်တို့အနေနဲ့ ခရီးသည်တွေအတွက် ရောဂါသီးသန့်စောင့်ကြည့်ရေးဆိုင်ရာ အချိန်ကာလနဲ့စပ်လျဉ်းပြီး စုံစမ်းနေပါတယ်"ဟု မင်မာရှာပေါ် အမည်ရှိ ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူက ပြောကြားသည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-စိုးသူရ

■

# ဆိုက်ဘာတိုက်ခိုက်မှုပြုလုပ်သူများအား ဥရောပသမဂ္ဂက အရေးယူ

**ဘရပ်ဆဲလ် ဇူလိုင် ၃၁**

ဥရောပသမဂ္ဂရှိအဖွဲ့အစည်းများနှင့်ကုမ္ပဏီများအား ဆိုက်ဘာတိုက်ခိုက်မှုများပြုလုပ်ရန် ကြိုးပမ်းမှု သို့မဟုတ် တိုက်ခိုက်မှုပြုလုပ်ရာ၌ ပါဝင်ခဲ့သည့် တရုတ်နှင့်ရုရှားနိုင်ငံတို့မှ တစ်ဦးစီနှင့် အဖွဲ့အစည်းများအား ဒဏ်ခတ်အရေးယူမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဥရောပသမဂ္ဂ(အီးယူ)က ကြေညာလိုက်သည်။

ယင်းဒဏ်ခတ်အရေးယူမှုတွင် ရုရှားထောက်လှမ်းရေး အဖွဲ့အစည်းတစ်ခု၊ တရုတ်ကုမ္ပဏီတစ်ခုနှင့်အတူ ရုရှားမှ လေးဦး၊ တရုတ်မှနှစ်ဦးတို့ ပါဝင်ကြသည်။ ဇူလိုင် ၃၀ ရက်က ထုတ်ပြန်ခဲ့သည့် ယင်းကြေညာချက်အရ ဒဏ်ခတ်ပိတ်ဆို့မှုများပြုလုပ်ရာတွင် ခရီးသွားလာမှု တားမြစ်ခြင်းနှင့် ဥရောပသမဂ္ဂတွင်းရှိ ၎င်းတို့၏ ပိုင်ဆိုင်မှုများအား ပိတ်သိမ်းသွားမည်ဟု ပါရှိသည်။

**ကြေညာ**

ဒဏ်ခတ်ပိတ်ဆို့ခံရသည့် ရုရှားနိုင်ငံသားလေးဦးသည် ရုရှားပြည်ထောင်စုလက်နက်ကိုင်တပ်ဖွဲ့များ ဦးစီးချုပ်ရုံးမှ အရေးပါသော ညွှန်ကြားရေးမှူးများဖြစ်ကြပြီး ၎င်းတို့သည် ၂၀၁၈ ခုနှစ်အတွင်းက ဓာတုလက်နက်တားမြစ်ပိတ်ပင်ရေးအဖွဲ့၏ ကွန်ရက်အတွင်း ဝင်ရောက်ကြိုးပမ်းခဲ့ကြသည်ဟု ကြေညာချက်တွင် ဖော်ပြသည်။

ဒဏ်ခတ်ပိတ်ဆို့ခံရသည့် တရုတ်နိုင်ငံသားနှစ်ဦးသည် ဥရောပသမဂ္ဂဝင်နိုင်ငံများထဲတွင် တည်ရှိသည့် နိုင်ငံတကာ ကုမ္ပဏီများအပါအဝင် အခြားကုမ္ပဏီများအား ပစ်မှတ်ထားသည့် ဆိုက်ဘာတိုက်ခိုက်မှုများ၌ ပါဝင်ပတ်သက်ခဲ့သည်ဟု ဥရောပသမဂ္ဂက ပြောကြားသည်။

ဆိုက်ဘာတိုက်ခိုက်မှုများနှင့် ပတ်သက်၍ ဥရောပသမဂ္ဂက ဒဏ်ခတ်ပိတ်ဆို့မှုများပြုလုပ်ခဲ့ခြင်းမှာ ပထမဦးဆုံးပင်ဖြစ်သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ဇော်ဝင်း

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လာခြင်းကြောင့် မနီလာမြို့တော်၌ ကန့်သတ်ချက်များ သက်တမ်းတိုး

**မနီလာ ဇူလိုင် ၃၁**

ဖိလစ်ပိုင်သမ္မတ ရော့ဒရီဂိုဒူတာတေးက မနီလာမြို့တော်၌ ကိုရိုနာဗိုင်းရပ်စ် ကန့်သတ်ချက်များကို ဩဂုတ်လလယ်အထိ ယနေ့မှစပြီး သက်တမ်းတိုးခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ယခုလအတွင်း အရှေ့တောင်အာရှဒေသ၏ နေ့အလိုက် သေဆုံးမှုနှုန်းနှင့် အတည်ပြုကူးစက်မှုနှုန်း အများဆုံးဖြစ်ပွားခဲ့သည်။ မနီလာမြို့တော် တောင်ပိုင်းပြည်နယ်များနှင့် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းရှိ မြို့များ၌ ကိုရိုနာဗိုင်းရပ်စ် ကန့်သတ်ချက်များ သတ်မှတ်ထားပြီး သက်ကြီးနှင့်ကလေးများ လှုပ်ရှားမှုနှင့် စီးပွားရေးလုပ်ငန်းများကို ကန့်သတ်ထားသည်။ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ မြင့်တက်လာသည့်အတွက် ပြည်သူများအနေဖြင့် ကာကွယ်ရေးစည်းမျဉ်းများကို စနစ်တကျလိုက်နာကြရန် သမ္မတ ဒူတာတေးက ရုပ်သံမိန့်ခွန်းတစ်ခုအတွင်း ပြောကြားခဲ့သည်။ ယခုနှစ်အကုန်တွင် ဗိုင်းရပ်စ်ကာကွယ်ဆေးရရှိလာပါက ဆင်းရဲသူများကို ပထမဦးစားပေးကာ လူလတ်တန်းစား၊ ရဲတပ်ဖွဲ့နှင့် စစ်ဘက်တပ်ဖွဲ့ဝင်များကို ဒုတိယဦးစားပေးမည်ဟု ၎င်းက ဆိုသည်။

ဗိုင်းရပ်စ်ကာကွယ်ဆေး ဖြန့်ဖြူးရာတွင် တရုတ်နိုင်ငံက ဖိလစ်ပိုင်နိုင်ငံကို ဦးစားပေးမည်ဟု ၎င်းက ဆိုသည်။ တရုတ်၊ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့မှ ဆေးဝါးကုမ္ပဏီအများအပြားက ဗိုင်းရပ်စ်ကာကွယ်ဆေးများ နောက်ဆုံးအဆင့် စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်။ ဖိလစ်ပိုင်နိုင်ငံက နိုင်ငံ့လူဦးရေ ၁၀၇ သန်း၏ ငါးပုံတစ်ပုံဖြစ်သည့် ပြည်သူသန်း ၂၀ အတွက် အမေရိကန် ဒေါ်လာသန်း ၄၀၀ တန်ကြေးရှိ ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ သန်း ၄၀ ဝယ်ယူရန် စီစဉ်ထားကြောင်း ဘဏ္ဍာရေးဝန်ကြီး ကားလို့စ်ဒိုမင်ဂွတ်ဇ်က ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံမှာ အင်ဒိုနီးရှားနိုင်ငံပြီးလျှင် အရှေ့တောင်အာရှဒေသ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ဇွန်လအတွင်း တင်းကျပ်သော အသွားအလာပိတ်ပင်မှု ဖြေလျှော့ပြီးနောက်ပိုင်း ကူးစက်သူအရေအတွက်မှာ ၈၉၃၇၄ ဦးအထိ ငါးဆနီးပါး မြင့်တက်လာခဲ့သလို သေဆုံးသူ ၁၉၈၃ ဦးအထိ နှစ်ဆကျော်ရှိလာခဲ့သည်။

ကိုးကား-သည်စထရိတ်တိုင်းမ်
ဘာသာပြန်-ကျော်ထိုက်စိုး



# အမေရိကန်ရွေးကောက်ပွဲ ကျင်းပမည့်ရက် ရွှေ့ဆိုင်းသင့်သည်ဟု သမ္မတ ထရမ့် အကြံပြု

**ဝါရှင်တန် ဇူလိုင် ၃၁**



အမေရိကန်ရွေးကောက်ပွဲကျင်းပမည့်ရက်ကို နိုဝင်ဘာလတွင် ကျင်းပမည်ဟု စီစဉ်ထားသော်လည်း ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လျက်ရှိခြင်းကြောင့် ပြည်သူများအနေဖြင့် မေးလ်များမှတစ်ဆင့် ဆန္ဒမဲများ ပေးရမည်ဖြစ်သည်။ ယင်းသို့ မဲရုံများသို့ သွားရောက်ခြင်းမရှိဘဲ မေးလ်မှတစ်ဆင့် ဆန္ဒမဲများပေးခြင်းသည် မဲရေတွက်ရာ၌ အမှားအယွင်းများ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့်အတွက် ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ရွှေ့ဆိုင်းရန် သမ္မတထရမ့်က ယနေ့ အကြံပြုပြောကြားခဲ့သည်။

နိုင်ငံအတွင်း ရောဂါထိန်းချုပ်နိုင်သည့် အခြေအနေရောက်ရှိမှသာ ရွေးကောက်ပွဲကို ကျင်းပစေလိုကြောင်း သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

အကယ်၍ ရွေးကောက်ပွဲကို မေးလ်များမှတစ်ဆင့် ဆန္ဒမဲပေးခွင့်ပြုမည်ဆိုပါက ယခုရွေးကောက်ပွဲသည် မှန်ကန်သည့်ရလဒ်ထွက်ပေါ်မည်မဟုတ်သည့်အပြင် တိကျမှုမရှိဆုံး၊ အမှားအယွင်းအများဆုံး ရွေးကောက်ပွဲအဖြစ် သမိုင်းတွင်ကျန်ရစ်နေမည်ဖြစ်သည်ဟု သမ္မတထရမ့်က သူ၏တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုများ ဆက်လက်မြင့်တက်လျက်ရှိသည့်အတွက် အမေရိကန်ပြည်သူများက ရွေးကောက်ပွဲအတွက် ဆန္ဒမဲများကို မေးလ်များမှတစ်ဆင့် ပေးရန် ဆန္ဒရှိကြသည်။

အမေရိကန်၏ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတ ထရမ့်သည် ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ရွှေ့ဆိုင်းနိုင်သည့် အခွင့်အာဏာမရှိပေ။ ရွေးကောက်ပွဲကျင်းပမည့်ရက် ရွှေ့ဆိုင်းခြင်းကို လွှတ်တော်ကသာ အတည်ပြုဆုံးဖြတ်ချက်ချမှတ်မည်ဖြစ်သည်။ အမေရိကန်သမ္မတတစ်ဦးအနေဖြင့် လွှတ်တော်နှစ်ရပ်စလုံးအပေါ် ဩဇာလွှမ်းမိုးနိုင်ခွင့်မရှိကြောင်း သိရသည်။

ယခုလအစောပိုင်းတွင် ကယ်လီဖိုးနီးယား၊ ယူတား၊ ဟာဝါရီ၊ ကိုလိုရာဒို၊ အော်ရီဂွန်နှင့် ဝါရှင်တန်ပြည်နယ်များက နိုဝင်ဘာလတွင် ကျင်းပမည့်ရွေးကောက်ပွဲ၌ မေးလ်မှတစ်ဆင့် ဆန္ဒမဲများ ပေးနိုင်ရန် စီစဉ်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိသည်။ သို့သော် အခြားသောပြည်နယ်များက အဆိုပါစနစ်ဖြင့် ဆန္ဒမဲပေးရန် သုံးသပ်နေဆဲဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဘီဘီစီ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုများ မြင့်တက်နေသည့်အတွက် မန်ချက်စတာမြို့တွင် အသွားအလာကန့်သတ်ချက်များ ချမှတ်




**လန်ဒန် ဇူလိုင် ၃၁**

မန်ချက်စတာမြို့အပါအဝင် အင်္ဂလန်နိုင်ငံ မြောက်ပိုင်းဒေသတို့တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တက်လာမှုကြောင့် အသွားအလာကန့်သတ်ချက်စည်းမျဉ်းများကို ထပ်မံထုတ်ပြန်ခဲ့သည်။

ယခုထုတ်ပြန်ခဲ့သော စည်းမျဉ်းအရ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသည့်ဒေသများတွင် နေထိုင်သူများအနေဖြင့် လူစုလူဝေးပြုလုပ်ခြင်းကို ကန့်သတ်ထားသည်။

အထက်ပါစည်းမျဉ်းများကို ဂရိတ်မန်ချက်စတာ၊ လန်ကန်ရှိုင်းယား၊ ယော့ရှိုင်းယားဒေသတို့တွင်လည်း အကျုံးဝင်မည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီး မတ်စ်ဟန်းကော့က ယခုကဲ့သို့ စည်းမျဉ်းထုတ်ပြန်ရခြင်းမှာ ဒေသခံများအနေဖြင့် ခပ်ခွာခွာနေထိုင်ရေး စည်းမျဉ်းကို မလိုက်နာသောကြောင့်ဖြစ်သည်ဟု ပြောကြားသည်။

ယခုကဲ့သို့ ဆောင်ရွက်ရခြင်းသည် ဥရောပဒေသတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု မြင့်တက်လာခြင်းကြောင့်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန်ချက်စတာအုပ်ချုပ်ရေးမှူး အန်ဒီဘန်ဟန်က ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တက်နေသည့်အတွက် ယခုကဲ့သို့ဆောင်ရွက်ခြင်းကို ထောက်ခံကြောင်းပြောကြားသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - စိုးသူရ**



# ဗီယက်နမ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပထမဆုံး လူသေဆုံးမှုရှိလာ

**ဟနွိုင်း ဇူလိုင် ၃၁**

အသက် ၇၀ အရွယ် ဗီယက်နမ်အမျိုးသားတစ်ဦး ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကွယ်လွန်ခဲ့ရာ အဆိုပါရောဂါကြောင့် တိုင်းပြည်၏ ပထမဆုံး လူသေဆုံးမှုဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ အတည်ပြုခဲ့ကြောင်း ဗီယက်နမ်သတင်းဌာနက ဖော်ပြခဲ့သည်။

နှလုံးခုန်ရပ်ခြင်းနှင့် အဆုတ်ရောင်ရောဂါရှိသော အဆိုပါလူနာတွင် ဇူလိုင် ၂၆ ရက်က ကိုရိုနာဗိုင်းရပ်စ်ပိုးစမ်းသပ်တွေ့ရှိခဲ့ပြီး ယနေ့နံနက်အစောပိုင်းတွင် ကွယ်လွန်ခဲ့ကြောင်း ဗီယက်နမ်သတင်းဌာနက ဆိုသည်။

ဇူလိုင် ၉ ရက်တွင် အဆိုပါလူနာကို နောက်ဆုံးအဆင့်ကျောက်ကပ်ရောဂါကြောင့် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ဒါနန်းမြို့ရှိ ဒါနန်းဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ဒါနန်းမြို့သည် နောက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ အဓိကဖြစ်ပွားရာနေရာ ဖြစ်လာခဲ့ကြောင်း အဆိုပါသတင်းဌာနက ဖော်ပြခဲ့သည်။

သုံးလကြာသည့်တိုင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိသော ဗီယက်နမ်နိုင်ငံတွင် ဇူလိုင် ၂၅ ရက်နောက်ပိုင်း ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာခဲ့ပြီး ဒါနန်းမြို့ရှိ ဆေးရုံများကလည်း ဗိုင်းရပ်စ်ကူးစက်ရာ နေရာများဖြစ်လာခဲ့သည်ဟု ဆိုသည်။

ယနေ့နံနက်ပိုင်းအထိ ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၀၉ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ကျော်ထိုက်စိုး**




# အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၌ ပြည်သူ ၃ ဒသမ ၉ သန်း ရေဘေးသင့်

**နယူးဒေလီ ဇူလိုင် ၃၁**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်ရှိ ခရိုင် ၁၄ ခု၌ ပြည်သူ ၃ ဒသမ ၉ သန်းကျော် ရေဘေးသင့်လျက်ရှိပြီး မိုးကြိုးပစ်ခတ်မှုများကြောင့် လူရှစ်ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့ ပြောကြားလိုက်သည်။ ဘီဟာပြည်နယ်ရှိ ခရိုင်လေးခု၌ ပြီးခဲ့သောတစ်ရက်အတွင်း မိုးကြိုးပစ်ခတ်မှုများကြောင့် လူရှစ်ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်ဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

ပြီးခဲ့သည့် သီတင်းပတ်များအတွင်း ဘီဟာပြည်နယ်တစ်ဝန်း မိုးကြိုးပစ်မှုများကြောင့် လူ ၂၀၀ နီးပါး သေဆုံးခဲ့ပြီဖြစ်သည်။ ဘီဟာပြည်နယ်ဝန်ကြီးချုပ် နီတက်ရှ်ကူးမားက ပြည်နယ်တစ်ဝန်း မိုးကြိုးပစ်မှုများကြောင့် သေဆုံးသူများအတွက် ဝမ်းနည်းစကားပြောကြားခဲ့ပြီး မိသားစုဝင်များထံ ငွေကြေးထောက်ပံ့မှုပြုလုပ်မည်ဟု ကြေညာခဲ့သည်။ ရာသီဥတုဆိုးရွားမှု အခြေအနေများအတွက် ဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနမှ ထုတ်ပြန်သော ကြိုတင်ကာကွယ်ရေး အစီအမံများကို လိုက်နာကြရန် ပြည်သူများအား ၎င်းက တိုက်တွန်းခဲ့သည်။

ပြည်နယ်အတွင်း ဒေသအသီးသီး၌ လာမည့် ၂၄ နာရီအတွင်း မိုးရွာသွန်းကာ မိုးကြိုးပစ်မှုများ ရှိလာနိုင်ရာ သတိဝီရိယဖြင့် နေထိုင်ကြရန် မိုးလေဝသဌာနမှ တာဝန်ရှိသူများက ပြည်သူများအား သတိပေးခဲ့သည်။ ဘီဟာပြည်နယ်အတွင်းရှိ ခရိုင် ၁၄ ခုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ပြည်သူ ၃ ဒသမ ၉ သန်း ရေဘေးသင့်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ကျော်ထိုက်စိုး**

# တာလီဘန်စစ်သွေးကြွအဖွဲ့က အကျဉ်းသား ၁၀၀၀ ကျော် လွှတ်ပေးခဲ့

**ကဘူး ဇူလိုင် ၃၁**

အမေရိကန်ပြည်ထောင်စုနှင့် ရရှိခဲ့သောငြိမ်းချမ်းရေးဆိုင်ရာ သဘောတူညီချက်အရ ၎င်းတို့ ဖမ်းဆီးထိန်းသိမ်းထားသည့် အကျဉ်းသား ၁၀၀၅ ဦးကို ပြန်လည်လွှတ်ပေးခဲ့ပြီးဖြစ်ကြောင်း တာလီဘန်စစ်သွေးကြွအဖွဲ့က ဇူလိုင် ၃၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တာလီဘန်အဖွဲ့နှင့် အမေရိကန်အစိုးရအကြား ယခုနှစ်ဖေဖော်ဝါရီလအတွင်းက လက်မှတ်ရေးထိုးခဲ့သည့် ငြိမ်းချမ်းရေးဆိုင်ရာ သဘောတူညီချက်အရ အာဖဂန်နစ္စတန်အစိုးရက ဖမ်းဆီးထားသည့် တာလီဘန်တပ်ဖွဲ့ဝင် ဦးရေ ၅၀၀၀ ကျော်အား စေလွှတ်ပေးရမည်ဖြစ်ပြီး တာလီဘန်အဖွဲ့ကမူ ၎င်းတို့ ဖမ်းဆီးထားသည့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀၀၀ နှင့် အခြားသူများကို လွှတ်ပေးရမည်ဖြစ်သည်။

၎င်းတို့အနေဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက်ဆိုင်ရာကို လိုက်နာဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းနှင့် အာဖဂန်အစိုးရဘက်မှလည်း လိုက်နာဆောင်ရွက်ရန် တောင်းဆိုကြောင်း တာလီဘန်အဖွဲ့မှ အထက်တန်းတာဝန်ရှိသူများက အင်န်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်အစိုးရက လတ်တလောအချိန်ထိ တာလီဘန်အကျဉ်းသားဦးရေ ၄၄၀၀ ကို ပြန်လွှတ်ပေးခဲ့ပြီးဖြစ်သည်။ ကျန်ရှိသည့်အကျဉ်းသား ၆၀၀ အား ပြန်လွှတ်ပေးရန်ကိုမူ သတိကြီးစွာ ထားလျက်ရှိနေသည်။ ပြန်လွှတ်ပေးရန် ကျန်ရှိသည့် တာလီဘန်အကျဉ်းသား ၆၀၀ ထဲမှ အချို့သည် အာဖဂန်နစ္စတန်အစိုးရအား တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သူများဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အစိုးရနှင့် တာလီဘန်အဖွဲ့အကြား လက်နက်ကိုင်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားဆဲဖြစ်သည်။

အာဖဂန်နစ္စတန်အစိုးရအနေဖြင့် တာလီဘန်အဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှုများအား အရှိန်ပိုမိုမြင့်တင်နိုင်ရေးအတွက် အကျဉ်းသားများ ပိုမိုလွှတ်ပေးရန် အာရုံစိုက်လျက်ရှိသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - ဇော်ဝင်း**

# ဂျပန်နိုင်ငံ၌ တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၅၀၀ ကျော် ထပ်မံတွေ့ရှိ



**တိုကျို ဇူလိုင် ၃၁**
ဂျပန်နိုင်ငံတွင် ယနေ့ဆေးမှတ်တမ်းများအရ ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၅၀၀ ကျော် ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါအရေအတွက်သည် ဗိုင်းရပ်စ်ပိုးကူးစက်မှုနှုန်း သုံးရက်ဆက်တိုက် စံချိန်တင်မြင့်တက်မှု ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း တွေ့ရသည်။ ဇူလိုင် ၂၉ ရက်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၀၀ ကျော်ရှိပြီး ယမန်နေ့တွင် ၁၃၀၅ ဦး စံချိန်တင်တွေ့ရှိခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ပိုးကူးစက်မှုများ စံချိန်တင် ဆက်လက်မြင့်တက်လျက်ရှိသည့်အတွက် ကာကွယ်ရေးစည်းမျဉ်းများကို တင်းကျပ်စွာချမှတ်ကာ ဆေးစစ်မှုများကိုလည်း အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

တိုကျိုမြို့တွင် ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၄၆၃ ဦး ယနေ့ထပ်မံတွေ့ရှိခဲ့သည့်အတွက် မြို့တော်အတွင်း ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူပေါင်း ၁၂၇၀၀ အထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ကိန်းဂဏန်း၏ ထက်ဝက်ကျော် အရေအတွက်ကို ဇူလိုင်လအတွင်း၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

တိုကျိုမြို့တွင်း၌ ဗိုင်းရပ်စ်ပိုးကူးစက်မှုများ ဆက်လက်မြင့်တက်လျက်ရှိသည့်အတွက် အရေးပေါ်အခြေအနေ ကြေညာရန် ဆွေးနွေးလျက်ရှိသည်ဟု တိုကျိုအုပ်ချုပ်ရေးမှူး ကိုကီယူရီကိုက ဆိုသည်။ ထို့ပြင် မြို့နေပြည်သူများကိုလည်း မလိုအပ်ဘဲ ခရီးသွားလာမှုများနှင့် လူစည်ကားသော နေရာများသို့ သွားရောက်ခြင်းကို ရှောင်ရှားရန် အုပ်ချုပ်ရေးမှူး ကိုကီယူရီကိုက တိုက်တွန်းပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ ဂျပန်နိုင်ငံ၌ ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၃၇၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၁၀၀၀ ကျော်ရှိကြောင်း သိရသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကို လူငယ်များလျစ်လျူရှုနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲပြောကြား

**ဂျီနီဗာ ဇူလိုင် ၃၁**
ဥရောပနိုင်ငံအချို့တွင် လူငယ်များ၏ လျစ်လျူရှုမှုကြောင့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု ပြန်လည်ဦးမော့လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့စ်အက်နွန်ဂါဘရီယီဆက်က ပြောကြားသည်။



ပြင်သစ်၊ စပိန်နှင့် ဥရောပ၏ အခြားဒေသများရှိ ကမ်းခြေများနှင့် ညကလပ်များတွင် လူငယ်များစုရုံးရာမှ အစုလိုက်အပြုံလိုက် ကူးစက်မှုများ မြင့်တက်လာကြောင်း ၎င်းက ပြောကြားသည်။

''လူငယ်တွေလည်း ဒီရောဂါက မလွတ်မြောက်နိုင်ပါဘူး။ သူတို့လည်း သေဆုံးနိုင်ပါတယ်။ အခြားသူတွေကိုလည်း ကူးစက်နိုင်ပါတယ်။ လူငယ်တွေအနေနဲ့ နှာခေါင်းစည်းတွေ ဝတ်ဆင်ရမှာဖြစ်ပြီး လူထူထပ်ရာနေရာတွေကိုလည်း ရှောင်ရှားရပါမယ်''ဟု ၎င်းက ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ နည်းပညာတာဝန်ရှိသူ မာရီယာဗန်ခရော့ကိုဘီက ကိုဗစ်–၁၉ ရောဂါဖြစ်ပွားပြီး ပြန်လည်ကျန်းမာလာသူများတွင် အသက်ရှူရခက်ခဲခြင်းနှင့် နေ့စဉ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲရှိခြင်းတို့ကို တွေ့ရှိရကြောင်း ပြောကြားသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– စိုးသူရ**



# အမေရိကန်နည်းပညာကုမ္ပဏီများ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသည့်အချိန်တွင် အမြတ်ငွေများရရှိ

**ဝါရှင်တန် ဇူလိုင် ၃၁**
အမေရိကန်ကွန်ဂရက်တွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းပြီး စစ်ဆေးမှုခံနေရသည့် နည်းပညာကုမ္ပဏီများဖြစ်သော အက်ပဲလ်၊ အမေဇုန်၊ ဖေ့စ်ဘွတ်နှင့် အယ်ဖာဘက်တို့သည် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း အမြတ်ငွေများစွာ ရရှိလျက်ရှိကြောင်း သိရသည်။

ကပ်ရောဂါဖြစ်ပွားနေသော ကာလအတွင်း သုံးစွဲသူများမြင့်တက်လာခြင်းကြောင့် ထိုကဲ့သို့အမြတ်များရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါလူမှုကွန်ရက်များတွင် သတင်းများ ထုတ်လွှင့်ခဲ့ခြင်းက သုံးစွဲသူများအတွက် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေစဉ်အချိန်အတွင်း အသုံးဝင်ခဲ့သည်။ အက်ပဲလ်၏ အမြတ်ငွေမှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂ ဘီလီယံသို့ မြင့်တက်ခဲ့သည်။ ကယ်လီဖိုးနီးယားအခြေစိုက် အက်ပဲလ်လုပ်ငန်းသည် အိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများရောင်းချရာမှ အမြတ်ငွေအများအပြား ရရှိခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့မရေရာသော အခြေအနေတွင်ပင် အက်ပဲလ်၏ ထုတ်ကုန်များသည် သုံးစွဲသူများအား ဆွဲဆောင်လျက်ရှိသည်ဟု အမှုဆောင်အရာရှိ တင်ကွတ်က ပြောကြားသည်။ အက်ပဲလ်အနေဖြင့် အိုင်ဖုန်း ၁၂ ကိုပင် ထုတ်လုပ်ရန်ပြင်ဆင်နေကြောင်း သုတေသီဖြစ်သည့် ဒယ်နီယယ်အိုက်က ပြောကြားသည်။ အမေဇုန်အနေဖြင့် ယခုနှစ်ရရှိသော အမြတ်ငွေများကို ဝန်ထမ်းများနှင့် ဝယ်ယူသုံးစွဲသူများအတွက် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရန် သုံးစွဲသွားမည်ဟု ပြောကြားသည်။

အွန်လိုင်းတွင် အမေဇုန်ထုတ်ကုန်များ၏ ဈေးကွက်သည် ပိုမိုကျယ်ပြန့်လာပြီး ဝယ်ယူသူများ ပိုမိုများပြားလာသည်ကို တွေ့ရှိရကြောင်း လေ့လာသူ နေးဆ်ဒါက ပြောကြားသည်။ အလားတူ ဖေ့စ်ဘုတ်က ၎င်း၏အမြတ်ငွေသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံသို့ မြင့်တက်ခဲ့ကြောင်း ပြောကြားသည်။

**ကိုးကား– အေအက်ဖ်ပီ**
**ဘာသာပြန်– စိုးသူရ**

# အိန္ဒိယနိုင်ငံ၌ တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၅၅၀၇၈ ဦး စံချိန်တင်တွေ့ရှိ

**နယူးဒေလီ ဇူလိုင် ၃၁**
အိန္ဒိယနိုင်ငံ၌ ယနေ့ဆေးမှတ်တမ်းများအရ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၅၀၇၈ ဦး ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၆၃၈၈၇၀ ရှိလာခဲ့ပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းတွင် ထုတ်ပြန်ခဲ့သည်။

ယနေ့တွေ့ရှိခဲ့သည့် အရေအတွက်သည် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၅၀၀၀၀ ကျော် တွေ့ရှိသည့် ဒုတိယမြောက်နေ့အဖြစ် စံချိန်တင်ခဲ့သည်။

ယနေ့တစ်ရက်တာအတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၇၇၉ ဦးရှိခဲ့ရာ နိုင်ငံတစ်ဝန်း၌ သေဆုံးသူပေါင်း ၃၅၇၄၇ ဦး ရှိလာခဲ့ပြီဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ဗိုင်းရပ်စ်ပိုးကူးစက်မှု အများဆုံး ကမ္ဘာ့နိုင်ငံများအနက် အမေရိကန်နှင့် ဘရာဇီးနိုင်ငံတို့ပြီးနောက် တတိယ ဗိုင်းရပ်စ်ပိုးကူးစက်မှု အများဆုံးနိုင်ငံဖြစ်ပြီး အာရှနိုင်ငံများအနက် ဗိုင်းရပ်စ်ပိုးကူးစက်မှုဒဏ်ကို အဆိုးရွားဆုံးခံစားရသည့် နိုင်ငံဖြစ်လာခဲ့သည်။

သို့သော် ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှပြန်လည်ဆင်းသွားသူ ၁၀၅၇၈၀၅ ဦးရှိကြောင်း သိရသည်။

ယမန်နေ့ထိတိုင် ပြည်သူ ၁၈၈၃၂၉၇၀ အား ရောဂါရှိ၊ မရှိ ဆေးစစ်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ဇူလိုင် ၂၉ ရက် တစ်ရက်တည်းတွင် ပြည်သူ ၆၄၂၅၅၈ ဦးအား ဆေးစစ်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထို့ပြင် တစ်ရက်လျှင် ပြည်သူ တစ်သန်းကျော်အား ဆေးစစ်မှုများ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်ဟု ဝန်ကြီးချုပ် မိုဒီက ပြောကြားခဲ့သည်။

ဩဂုတ် ပထမပတ်တွင် ယောဂကျင့်စဉ်နှင့် အားကစားခန်းမများကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်သော်လည်း စာသင်ကျောင်းများနှင့် ပညာရေးဆိုင်ရာ သင်တန်းများကို ဩဂုတ် ၃၁ ရက်ထိတိုင် ဆက်လက်ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– အောင်ကျော်ကျော်**



## ကမ္ဘာ့တစ်ဝန်း ကိုဗစ်–၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ကူးစက်ခံရသူ | ၁၇၅၆၇၄၃၂ ဦး |
| သေဆုံးသူ | ၆၇၈၃၇၁ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၀၉၉၈၉၈၇ ဦး |

# မြင်းမူမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ ရေဝင်ရောက်ခဲ့သည့် ကျေးရွာများသို့ သွားရောက်ကူညီဆောင်ရွက်ပေး



မြင်းမူ ဇူလိုင် ၃၁

မြင်းမူမြို့နယ် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ရေ ဝင်ရောက်ခဲ့သည့် ကျေးရွာများသို့ သွားရောက်ကာ ကူညီသယ်ယူ ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့အနေနဲ့ ရေဝင်ရောက်လျက်ရှိတဲ့ ပြည်သူတွေရဲ့ အကူအညီလိုအပ်ချက်အပေါ် ကူညီတဲ့အနေနဲ့ ရွှေ့ပြောင်းချင်တဲ့ ပစ္စည်းတွေကို လှေတွေနဲ့သယ်ယူပြီး ရေလွတ်ရာနေရာတွေကို ကူညီပြောင်းရွှေ့ပေးခြင်းဖြစ်ပါတယ်။ အများအားဖြင့် တာပေါင်ပေါ်သို့ ပြောင်းရွှေ့ကြပါတယ်"ဟု မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးစိုးလင်းအောင်က ပြောသည်။

ပြောင်းရွှေ့ပေးခဲ့သော ကျေးရွာများမှာ လက္ကပင်ကျေးရွာ၊ ကွဲရိုက်ရွာသစ်ကျေးရွာများဖြစ်ကြောင်းနှင့် ထပ်မံလိုအပ်ပါက ကူညီပြောင်းရွှေ့ခြင်းများ ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

# ညောင်ဦးမြို့နယ်၌ မြစ်ရေဝင်ရောက်လျက်ရှိသည့် အိမ်ထောင်စုများအား ရွှေ့ပြောင်းပေး



ညောင်ဦး ဇူလိုင် ၃၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၅) သီလရင်စုရပ်၌ ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် အန္တရာယ်ရှိအိမ်ထောင်စုများအား ညောင်ဦးခရိုင်မြို့နယ်မီးသတ်တပ်ဖွဲ့က ယနေ့နံနက် ၉ နာရီခွဲမှစတင်ကာ ကူညီရွှေ့ပြောင်းပေးလျက်ရှိကြောင်း ညောင်ဦးမြို့နယ် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူထံမှ သိရသည်။

ညောင်ဦးမြို့နယ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များတွင် ရေဝင်ရောက်လျက်ရှိရာ ညောင်ဦးခရိုင်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ရေဝင်ရောက်ရာနေအိမ်များအတွင်းရှိ ပရိဘောဂများနှင့် အသုံးအဆောင်ပစ္စည်းများအား ရေဘေးသင့်လူနေအိမ်များ ယာယီနေထိုင်မည့် သီလရင်စုရပ် မြသိန်းတန်ဘုရားဝင်းအတွင်း ယာယီရေဘေးရှောင်စခန်းသို့ ယာဉ်နှစ်စီးဖြင့် သယ်ယူရွှေ့ပြောင်းကူညီလျက်ရှိကြောင်း သိရသည်။

**ကိုထိန်(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်(မြောက်ပိုင်း)ခရိုင် အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက် ပတ္တမြားလမ်း၌ ယမန်နေ့ ည ၁၁ နာရီခွဲတွင် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ၊ အရိုး၊ အရွက်၊ အစေ့ရောရာ ဆေးခြောက်များ၊ ပုံဆောင်ခဲ စသည့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း အင်းစိန်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ရဲအုပ် ဇာမဲဖုန်ရမ် ဦးစီးသော ပူးပေါင်းအဖွဲ့သည် လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ပတ္တမြားလမ်းနံဘေး၌ အောင်ဇော်ထူး(ခ) ဒေးဗစ်၊ နေမျိုးအောင်(ခ)ရွှေကြီး၊ ရဲနိုင်ထွန်း ကမ်းနားအနောက်နေသူ သုံးဦးအား စစ်ဆေးရှာဖွေရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၃၁ ပြား၊ သတင်းစာစက္ကူဖြင့်ထုပ်လျက် ဆေးခြောက်ဟု ယူဆရသော အရိုး၊ အရွက်၊ အစေ့ရောရာ အထုပ်သုံးထုပ် စုစုပေါင်း အလေးချိန် ၃၁၈ ဒသမ ၁၃ ဂရမ်၊ အိုက်စ်ဟု ယူဆရသော အဖြူရောင်ပုံဆောင်ခဲ သုံးဂရမ်နှင့် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရှိရပြီး မူးယစ်ဆေးဝါး ရောင်းဝယ်ရာတွင် အသုံးပြုသည့် လွယ်အိတ်တစ်လုံးနှင့် ဖုန်းနှစ်လုံးတို့ကိုပါ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူနိုင်ရန် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဥာဏ်ဟိန်း**






## ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား "ရာပြည့်တက္ကသိုလ် မြကျွန်းညို" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသွားပါမည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ရန်ကုန်တက္ကသိုလ်၏ ခမ်းနားတင့်တယ်မှု၊ သမိုင်းအစဉ်အလာ ကြီးမြတ်မှုများ၊ ခေတ်အဆက်ဆက်ပြုပြင်ပြောင်းလဲခဲ့မှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုပုံရိပ်များ၊ အောင်မြင်ထူးချွန်ထင်ရှားသည့် လူပုဂ္ဂိုလ်များ၊ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် အဆောက်အအုံများ၊ ရန်ကုန်တက္ကသိုလ်နှစ်ပေါင်း (၁၀၀)အတွင်း ဆောင်ရွက်ခဲ့သည့် လှုပ်ရှားမှုများနှင့် ပွဲတော်ပုံရိပ်များစသည့် ရန်ကုန်တက္ကသိုလ်၏ အနှစ်သာရကို ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲတွင် မြန်မာနိုင်ငံသားမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။
(ခ) ဓာတ်ပုံမှာ မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံဖြစ်ရမည်။
(ဂ) ပြိုင်ပွဲဓာတ်ပုံအရွယ်အစားမှာ (၁၀ လက်မ x ၁၅ လက်မ) အရွယ်အစားတစ်မျိုး တည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်သည်။
(ဃ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။
(င) ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများအား ပြိုင်ပွဲသို့ ယှဉ်ပြိုင်ခြင်းမပြုရ။
(စ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများ မဖြစ်စေရ။
(ဆ) ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပေးပို့ရာတွင် ဓာတ်ပုံအရွယ်အစား၊ ၁၀ လက်မ x ၁၅ လက်မ ဓာတ်ပုံ Hard Copy နှင့် Soft Copy (CD) ကို ပူးတွဲပေးပို့ရမည်။
(ဇ) ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။
(ဈ) ပြိုင်ပွဲဝင်ဓာတ်ပုံတိုင်းတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံတိုင်း၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်ပြီး တစ်ပါတည်း ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု သုံးသိန်းငါးသောင်း၊ တတိယဆု ကျပ်နှစ်သိန်းနှင့် အထူးဆု ကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၂၀ပြည့်နှစ် ဩဂုတ်လ ၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးကျော်ဇင်စိုး ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

## ရွေးကောက်ပွဲကျင်းပရန် ရက် ၁၀၀ သာ လိုတော့သည်။

## သင့်မဲဖြင့် အနာဂတ်ကို ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့

- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်စာရင်းများကို ၂၅-၇-၂၀၂၀ ရက်နေ့မှ ၇-၈-၂၀၂၀ ရက်နေ့အထိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာထားသည်။
- ❖ မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊
- ❖ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်း၊
- ❖ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-ဂ) ဖြင့် ပြင်ဆင်လွှာ တင်သွင်းခြင်း ဆောင်ရွက်နိုင်ပါသည်။
- ❖ မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့် ရရှိနိုင်မည်။
- ❖ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- ❖ မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

## မဲစာရင်းတွင် အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏ အမည်ပါရှိနေပါက မိမိမဲပေးလိုသည့် မဲဆန္ဒနယ်တွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊ မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေး တစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏အမည်ပါရှိနေပါက မိမိမဲပေးလိုသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ပြောင်းရွှေ့လိုသည့်အခါ ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေ ၂၆ (၂)နှင့် နည်းဥပဒေ ၂၇ (၁)တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/န(သ)) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကို ပယ်ဖျက်၍ အခြားမဲဆန္ဒနယ်သို့ ပြောင်းရွှေ့ပေးရန် တောင်းဆိုလွှာ ပုံစံ (၄-က)ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊
- အပိုဒ်ခွဲ(ဆ)အရ ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှ ပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ(၄-ခ)ကို ယင်း ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့် နေရာ၏ အိမ်ထောင်စုဇယားနှင့် ပုံစံ(၄-ခ)တို့ ပူးတွဲ၍ တောင်းဆိုလွှာပုံစံ(၃)ကို မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊
- အနည်းဆုံး ရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ ပြန်လည်ပြီး မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် တောင်းဆိုလွှာပုံစံ (၃-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့သို့ တင်ပြလျှောက်ထားရန်။

## လှိုင်းဘွဲ့မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာမှု ခရိုင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေး

လှိုင်းဘွဲ့ ဇူလိုင် ၃၁

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မဲဆန္ဒနယ်မြေများတွင် ဆန္ဒမဲစာရင်းများ ကပ်ထားကြေညာထားရှိမှု အခြေအနေများကို ယမန်နေ့က ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် မြို့နယ်ရွေးကော်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက လှိုင်းဘွဲ့မြို့ပေါ် လေးရပ်ကွက်နှင့် ပိုင်ကျုံမြို့ မဲဆန္ဒနယ်မြေများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ၏ စာရင်းများကို ကပ်ထားကြေညာထားရှိမှုအခြေအနေ၊ မဲဆန္ဒရှင်စာရင်းများ သတ်မှတ်ထားသည့်ပုံစံအတိုင်း စနစ်တကျ ရေးသွင်းဆောင်ရွက်ရန်၊ ကိုဗစ်-၁၉ ရောဂါကာလ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊ ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄-ဂ)တို့ဖြင့် လာရောက်လျှောက်ထားမှုအခြေအနေ၊ ဖြည့်စွက်ဆောင်ရွက်ရမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၁၂၃၈၁ | ၃၅၃ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၉၆ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၇၁၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၈၁ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

- ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၈ | ၅ |
| ၂ | ရခိုင် | ၁၆ | |
| ၃ | ချင်း | ၁၄ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၃၅၃ | ၆ |

- ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၃၁-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၆၄၉၃၀၁ | ၂၂၈၆၄၉၂ | ၁၅၅၆၄၂ |
| ၂။ | ဘရာဇီး | ၂၆၁၃၇၈၉ | ၁၈၂၄၀၉၅ | ၉၁၃၇၇ |
| ၃။ | အိန္ဒိယ | ၁၆၇၇၈၅၃ | ၁၀၈၁၇၃၀ | ၃၆၁၈၅ |
| ၄။ | ရုရှား | ၈၃၉၉၈၁ | ၆၃၈၄၁၀ | ၁၃၉၆၃ |
| ၅။ | တောင်အာဖရိက | ၄၈၂၁၆၉ | ၃၀၉၆၀၁ | ၇၈၁၂ |
| ၆။ | မက္ကဆီကို | ၄၁၆၁၇၉ | ၂၇၂၁၈၇ | ၄၆၀၀၀ |
| ၇။ | ပီရူး | ၄၀၇၄၉၂ | ၂၈၃၉၁၅ | ၁၉၀၂၁ |
| ၈။ | ချီလီ | ၃၅၃၅၃၆ | ၃၂၆၆၂၈ | ၉၃၇၇ |
| ၉။ | စပိန် | ၃၃၅၆၀၂ | စိစစ်ဆဲ | ၂၈၄၄၅ |
| ၁၀။ | အီရန် | ၃၀၄၂၀၄ | ၂၆၃၅၁၉ | ၁၆၇၆၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၀၈၃၇၆ | ၆၅၉၀၇ | ၅၁၃၁ |
| ၂။ | ဖိလစ်ပိုင် | ၉၃၃၅၄ | ၆၅၁၇၈ | ၂၀၂၃ |
| ၃။ | စင်ကာပူ | ၅၂၂၀၅ | ၄၆၄၉၁ | ၂၇ |
| ၄။ | မလေးရှား | ၈၉၇၆ | ၈၆၄၄ | ၁၂၅ |
| ၅။ | ထိုင်း | ၃၃၁၀ | ၃၁၂၅ | ၅၈ |
| ၆။ | ဗီယက်နမ် | ၅၄၆ | ၃၇၃ | ၁ |
| ၇။ | မြန်မာ | ၃၅၃ | ၂၉၆ | ၆ |
| ၈။ | ကမ္ဘောဒီးယား | ၂၃၄ | ၁၆၄ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ၁၀။ | လာအို | ၂၀ | ၁၉ | ၁ |

## အခြေခံအိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**မက်မန်း ဇူလိုင် ၃၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးကာလအတွင်း နိုင်ငံတော်က ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်းမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းအောင်ထွေး ဦးဆောင်၍ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးတို့သည် အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**ထောက်ပံ့ပေးအပ်**

မက်မန်းမြို့၌ နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်စဉ်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၆၈၈ စုအတွက် ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၂၀၀၀၀ ဖြင့် စုစုပေါင်း ငွေကျပ် ၁၃၇၆၀၀၀၀ ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန်သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ပန်ဆိုင်း(ကြူကုတ်)မြို့၌ အခြေခံလူတန်းစား အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**ပန်ဆိုင်း ဇူလိုင် ၃၁**

နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် ပုံမှန်ဝင်ငွေမရှိသောအခြေခံလူတန်းစား အိမ်ထောင်စုများအား လက်ဝယ်အရောက်ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီက ပန်ဆိုင်း(ကြူကုတ်)မြို့ရှိ မြို့ အုပ်ချုပ်မှူး ဦးမင်းဇာနည်နှင့် တာဝန်ရှိသူတို့က ပြည်သူများထံ အိမ်တိုင်ရာရောက် စနစ်တကျ လက်ဝယ်ပေးအပ်သည်။

ပန်ဆိုင်း(ကြူကုတ်)မြို့ ရပ်ကွက်(၃) အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စုပေါင်း ၂၀ အား ပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ရပ်ကွက်များတွင်လည်း လက်ဝယ်အရောက် ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းမိုးခိုင်(ပြန်/ဆက်)**



**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

## ပေါ့ဆ၍ မဖြစ်သေး



သတင်းများကို လေ့လာကြည့်မည်ဆိုပါက အခြားနိုင်ငံများတွင် ကောင်းသွားပြီဆိုပြီး ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းဝင်လာသည်ကို တွေ့ရပါကြောင်း၊ မိမိတို့အနေဖြင့် ဒုတိယလှိုင်းကို ဖြစ်နိုင်ပါက လုံးဝကာကွယ်လိုပါကြောင်း၊ ဆိုးရွားစွာမဖြစ်စေလိုပါကြောင်း၊ ထို့ကြောင့် ကာကွယ်ရေးရှုထောင့်နှင့် ကုသရေးရှုထောင့်များအနေဖြင့် မည်သည်တို့ကို သတိပြုရန်လိုအပ်သည်၊ မည်သည့်အတွက်ကြောင့် သတိပြုရန်လိုအပ်သည် စသည်တို့ကို အများပြည်သူ ရှင်းရှင်းလင်းလင်းနားလည်နိုင်စေရန် ဆောင်ရွက်ပေးလိုပါကြောင်း၊ ပေါ့ဆ၍ မဖြစ်သေးပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၃၀-၆-၂၀၂၀ ရက်နေ့တွင် COVID -19 ကူးစက်ဖြစ်ပွားမှုအခြေအနေများနှင့်စပ်လျဉ်း၍
ကာကွယ်ထိန်းချုပ်ကုသရေးတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃၁-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၃၁-၇-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ(၂၀၆)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဓာတ်ခွဲနမူနာ (၁၈၇)ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၆၈)ခု၊
- စုစုပေါင်း(၅၆၁)ခုအား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- • COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ (၃၁-၇-၂၀၂၀) ရက်နေ့၊ ည(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ(၃၅၃) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂)ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ(၁)ဦး (Case- 340)ရှိသဖြင့် စုစုပေါင်း(၂၉၆)ဦးရှိပါသည်။ ၎င်းတို့အနက်(၂၈၁)ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ(၆)ဦးရှိပါသည်။

၅။ (၃၀-၇-၂၀၂၀) ရက်နေ့၊ မွန်းတည့်(၁၂:၀၀) နာရီမှ (၃၁-၇-၂၀၂၀)ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၅) ဦးရှိပါသည်။

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၃၁-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၃၁-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၆) ခု |
| (၃၁-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၇) ခု |
| (၃၁-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၃၁-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၅၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၂၉၆) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃၁-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၃၀-၇-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၉၂)ခု တွင်–
  - • COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိခဲ့ပါ။

၂။ သို့ဖြစ်ရာ (၃၁-၇-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၃)ဦးရှိပြီ ဖြစ်ပါသည်။

၃။ (၃၀-၇-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှဓာတ်ခွဲနမူနာ (၃၅၇)ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၁၂၅)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဓာတ်ခွဲနမူနာ (၉၂)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၂၇၃)ခု၊
  - • စုစုပေါင်း(၈၄၇)ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိခဲ့ပါ။

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၃၁-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၃၀-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဒိုက်ဦးမြို့နယ် ဘောနီဆည်အတွင်း ငါးမျိုးစိုက်ထည့် ကိုဗစ်–၁၉ လက်ကမ်းစာစောင်များ ဖြန့်ဝေ



**ဒိုက်ဦး ဇူလိုင် ၃၁**

ဘောနီဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဘောနီဆည်၌ ယနေ့နံနက် ၈ နာရီတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးစိုးထွန်းနှင့် ဝန်ထမ်းများ၊ ဘောနီဆည်မှ တာဝန်ရှိသူများ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံများတက်ရောက်၍ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းကောင်ရေ ၃၅၀၀၀၀ အား မျိုးစိုက်ထည့်ခဲ့ပြီးနောက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး ငါးရိက္ခာများ စားသုံးပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းအား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပဲခူးတိုင်းဒေသကြီး၌ ငါးမွေးတောင်သူများအား ငါးသားပေါက်များထောက်ပံ့

**သနပ်ပင် ဇူလိုင် ၃၁**
ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော COVID–19 Economic Relief Plan – CERP အရ ငါးမွေးမြူရေး လုပ်ငန်းများ ဦးမော့လာစေရေးနှင့် ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ငါးမွေးတောင်သူ များအား ငါးသားပေါက်ဖြန့်ဝေပေးခြင်းကို ယမန်နေ့ နံနက် ၈ နာရီခွဲက သနပ်ပင် ငါးလုပ်ငန်းစခန်း၌ ကျင်းပသည်။



အခမ်းအနားသို့ တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင် တက်ရောက်ပြီး ငါးမွေးတောင်သူများထံ ငါးသားပေါက်များ ဖြန့်ဝေပေးခဲ့သည်။ အခမ်းအနားတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်က CERP အရ ငါးသားပေါက်များဖြန့်ဝေပေးမှုကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ငါးသားပေါက်များ ဖြန့်ဝေပေးခဲ့သည်။

ပထမအကြိမ်အဖြစ် သနပ်ပင်မြို့နယ် ငါးမွေးတောင်သူ ၂၀ ၏ ငါးမွေးကန် ဧက ၂၅၀ အတွက် ငါးကောင်ရေ ၅၀၀၀၀၀ ကို ထောက်ပံ့ပေးခဲ့ပြီး ကျန်ငါးမွေးတောင်သူ များအား ဆက်လက်ဖြန့်ဝေသွားမည်ဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**







## အမေရိကန်နှင့် ကိုရီးယားနိုင်ငံတို့မှ မြန်မာနိုင်ငံသားများအား အထူးကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ယူမည်

**ရန်ကုန် ဇူလိုင် ၃၁**
ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ပ နိုင်ငံများတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေး လေယာဉ်များဖြင့် ခေါ်ယူပေးလျက်ရှိရာ အမေရိကန်ပြည်ထောင်စုနှင့် ကိုရီးယားနိုင်ငံရောက် မြန်မာနိုင်ငံသားများအပါအဝင် မြန်မာသင်္ဘော သားများအား မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) အထူး ကယ်ဆယ်ရေးလေယာဉ်ဖြင့် ဩဂုတ် ၂ ရက်တွင် ပြန်လည်ခေါ်ယူသွား မည်ဖြစ်ကြောင်း သိရသည်။

အထူးအစီအစဉ်ဖြင့် ပျံသန်းပြေးဆွဲမည့် ကယ်ဆယ်ရေးလေယာဉ် တွင် အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံသား ၇၀၊ ကိုရီးယားမှ မြန်မာနိုင်ငံသား ၂၀ နှင့် မြန်မာသင်္ဘောသား ၁၀ ဦး စုစုပေါင်း ၁၀၀ လိုက်ပါမည်ဖြစ်ကြောင်း သိရသည်။ အထူးကယ်ဆယ်ရေး လေယာဉ် သည် ကိုရီးယားနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကိုရီးယား စံတော်ချိန် ညနေ ၄ နာရီခွဲတွင် ထွက်ခွာမည်ဖြစ်ကြောင်း မြန်မာသံရုံး ဆိုးလ်မြို့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားချက်အရ သိရ သည်။

အမေရိကန်ပြည်ထောင်စုတွင်ရောက်ရှိနေသော မြန်မာနိုင်ငံသား များအား ကိုရီးယားနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရေး ကယ်ဆယ်ရေးလေယာဉ်ဖြင့် အပတ်စဉ် ပြန်လည်ပို့ဆောင်ပေးလျက်ရှိရာ ပြီးခဲ့သည့် မေ၊ ဇွန်နှင့် ဇူလိုင်အတွင်း ခရီးစဉ်အခေါက်ရေ ၁၃ ကြိမ် ပျံသန်းပြေးဆွဲပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံသား ၃၉၃ ဦးအား ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း မြန်မာသံရုံး ဝါရှင်တန်ဒီစီမြို့ မှသိရသည်။

**စိုးမြင့်အောင်**

❖ **ကာမိုင်းမြို့မှ**
အခြေခံလူတန်းစားအိမ်ထောင်စု ၁၇၁၂ စုတို့အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၄၂၄၀၀၀၀ တို့ကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့ရာ နံနက်ပိုင်းတွင် အိမ်ထောင်စု ၈၅၅ စု၊ ငွေကျပ် ၁၇၁၀၀၀၀၀ နှင့် ညနေပိုင်းတွင် အိမ်ထောင်စု ၈၅၇ စု၊ ငွေကျပ် ၁၇၁၄၀၀၀၀ တို့ကို အဖွဲ့များခွဲ၍ ပြည်သူများထံသို့ လက်ဝယ်အရောက် နေ့ချင်းပြီး အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖွဲ့သူရအောင်(ပြန်/ဆက်)**

## ဝမ်းတွင်းမြို့နယ်ရှိ အခြေခံလူတန်းစား အိမ်ထောင်စုများအား ထောက်ပံ့ငွေများ ပေးအပ်

**ဝမ်းတွင်း ဇူလိုင် ၃၁**
မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံ အိမ်ထောင်စုများအား အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်း ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်က ထောက်ပံ့ ငွေပေးအပ်ခြင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်စိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမင်းထက်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်အတွင်းကျေးရွာအုပ်စု ၇၅ အုပ်စုရှိ ကျေးရွာပေါင်း ၂၁၈ ရွာမှ အိမ်ထောင်စု ၃၃၀၆၄ စုအတွက် ထောက်ပံ့ငွေကျပ် ၆၆၁၂၈၀၀၀၀ ကို ပေးအပ်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ဧှေးလှိုင်(ဝမ်းတွင်း)**



## အခြေခံပညာကျောင်းများသို့ အပူချိန်တိုင်းစက်၊ နှာခေါင်းစည်းနှင့် လက်ဆေးဆီများ လှူဒါန်း

**လောက်ကိုင် ဇူလိုင် ၃၁**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လောက်ကိုင်မြို့နယ်ရှိ အခြေခံပညာ ကျောင်းများသို့ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က အပူချိန် တိုင်းစက်၊ နှာခေါင်းစည်းနှင့် လက်ဆေး ဆီများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းက ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး၌ ပြုလုပ်ခဲ့သည်။



**ပေးအပ်**

ထိုသို့ပေးအပ်ရာတွင် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီး အဖွဲ့ အလုပ်အမှုဆောင်ကော်မတီဝင် ဦးဝေဆန်းနှင့် ဒေသဦးစီးအဖွဲ့ အဖွဲ့ဝင် များက ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ် ရေးကာလတွင် ကာကွယ်ရေးပစ္စည်း များဖြစ်သည့်နှာခေါင်းစည်းအခု ၂၀၀၀၀၊ အပူချိန်တိုင်းစက် အခု ၅၀၊ လက်ဆေး ဆီဘူး ၈၀ တို့ကို ပေးအပ်ရာ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပညာ ရေးမှူး ဦးကျန့်ကျိရန်က လက်ခံရယူခဲ့ ကြောင်း သိရသည်။

**ဇော်ဇော်အောင်(ပြန်/ဆက်)**

## ဖားကန့်၌ ကိုဗစ်-၁၉ ကပ်ရောဂါကာလ အခြေခံအိမ်ထောင်စုများအား ထောက်ပံ့

**ဖားကန့် ဇူလိုင် ၃၁**
ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ကိုဗစ်–၁၉ ကပ်ရောဂါကာလ အတွင်း ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများအား နိုင်ငံတော်မှ တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့သည့်ငွေ များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာအလိုက် အဖွဲ့ခွဲကာ ယမန်နေ့ မွန်းလွဲပိုင်းမှ စတင်၍ တစ်အိမ်တက်ဆင်း လိုက်လံထောက်ပံ့ပေးလျက်ရှိ ကြောင်း သိရသည်။

ဖားကန့်မြို့နယ်၌ ထောက်ပံ့ငွေရရှိမည့် အိမ်ထောင်စုပေါင်း ၃၂၅၆၁ စုရှိပြီး တစ်အိမ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ကျပ် ၆၅၁၂၂၀၀၀၀ ကို ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေး သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှ သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**



# ရှေ့နေနှင့် ကောက်သင်းကောက်တဲ့ မစန္ဒာ

ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရှေ့နေနှင့် ကောက်သင်းကောက်တဲ့ မစန္ဒာပါတဲ့"

"အလို တစ်မျိုးကြီးပဲ။ ရှင်းပြပါဦးဆရာ"

"စာရေးဆရာမ မစန္ဒာရေးတဲ့ "ကောက်သင်းကောက်တဲ့စာ" ဆိုတဲ့ စာအုပ်အကြောင်း ထပ်ဆင့်တင်ပြချင်လို့ပါ။" မူရင်းစာအုပ်နာမည်အစား "ကောက်သင်းကောက်တဲ့ မစန္ဒာ" လို့ ကျွန်တော်က ဂုဏ်ပြုရေးချင်ပါတယ်။

"သြော်...ဖတ်မယ်ဆရာ"

**မာတိကာ**

မစန္ဒာရေးသော ကောက်သင်းကောက်တဲ့စာ စာအုပ်မှာ စိတ်ကူးချိုချို စာအုပ်တိုက်က ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ပထမအကြိမ် ရိုက်နှိပ်သော စာအုပ်ဖြစ်သည်။ မစန္ဒာ၏ စာအုပ်တွင် စာပေအစ ပထမ၊ နှလုံးသားထဲမှ ပုံရိပ်များ၊ စာပေနှင့် ဘဝအမြင်၊ စာတမ်း၊ ဝတ္ထုတိုတို့အကြောင်း ကောက်သင်းကောက်၍ တင်ပြထားသော စာများပါပဲ။ သက်ကြီးတန်း စာရေးဆရာမကြီးဖြစ်သော်လည်း ရေးအားမသန် စာဖတ်ရန်ကိုသာ ပိုမိုမွေ့လျော်သည်ဟု မစန္ဒာက ဆိုပါသည်။ ဟိုတစ်စ ဒီတစ်စ ဖြစ်နေသော စာများကို တပေါင်းတစည်းတည်းစုစည်း၍ စီစဉ်ပေးသည့် စိတ်ကူးချိုချိုစာအုပ်တိုက်၏ ကျေးဇူးကြောင့် ဖြစ်ပေါ်လာသော ဤစာအုပ်ဟု ဖော်ပြထားသည်။ ကျွန်တော်နှစ်သက်သမျှ စာစုအချို့ကို ရွေးချယ်ကောက်နုတ်တင်ပြပါရစေ။ ရှုပါ။

**စာပေအစ ပထမ**

မစန္ဒာသည် စာရေးဆရာကြီး မန်းတင်၏ သမီးဖြစ်သည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ပြီး တက္ကသိုလ်မတက်မီ မူလတန်းဆရာမအဖြစ် သူကိုယ်တိုင် လုပ်အားပေးပုံကို ရေးထားသော စာစုကလေး(စာ-၁၈)ကို ဖတ်ဖြစ်အောင် ဖတ်ကြည့်စေချင်ပါသည်။ ကျွန်မ ဆရာမဟု အမည်ပေးထားပါသည်။ ဖွဲ့ရှိမှ အောင်မယ် (စာ-၅၀) တွင် "လူတွေ တီထွင်ထားတဲ့ပညာကို လူကလိုက်ပြီး တတ်အောင် ဘာလို့မသင်နိုင်ရမှာလဲ၊ ဖြစ်တဲ့လူတွေတောင် ဖြစ်သွားမှပဲ" ချိုချိုသည် ထိုကဲ့သို့ အားတင်း၍ ရေရွတ်တတ်လေသည်။ ဟုတ်ပါသည်။ လူတို့တီထွင်ကြံဆထားသောပညာကိုမှ နောက်ထပ်လူကလိုက်၍ တတ်အောင် မသင်နိုင်လျှင် ညံ့ရာကျပေတော့မည် (စာ-၅၅) ဟူ၍ နိဂုံးချုပ်ထားသည်မှာ သင်ခန်းစာယူစရာဖြစ်ပါသည်။ အတွေးပေးသည်ဟုလည်း ဆိုနိုင်ပါသည်။

**ဘဝဆိုတာ ဘယ်လိုပါလိမ့်**

ပိုးစုန်းကြူးနှင့် ဘဝမာန် (စာ-၈၀)တွင် " ဘဝဆိုတာ ဘယ်လိုပါလိမ့်၊ ဘယ်ကနေစပြီး ဘယ်မှာဆုံးတာပါလိမ့်။ ဘာကိုများ ဘဝလို့ခေါ်တာပါလိမ့်"ဆိုတာ ရေးထားသည်။ ဘဝဆိုသည်မှာ မိခင်၏ဝမ်းမှ သုသာန်ထိ ကြားကာလ အပိုင်းအခြားဖြစ်သည်ဟု ဆိုလေသည်။ တစ်ယောက်တည်းလာ၍ တစ်ယောက်တည်းပြန်သွားရသော ဘဝဆိုသည့်အရာတွင် ဘာများမက်မောစရာရှိပါသနည်း။ တပ်မက်စရာရှိပါသနည်း။ ချိုချိုတစ်ယောက် ငယ်ငယ်ရွယ်ရွယ်နှင့် အတော်တရားကျနေပါသည်။

သို့သော် တပ်မက်စရာမရှိသောဘဝကို စွန့်လွှတ်ရဲသလားဟုဆိုပါက နားဝလေသံပင် မကြားရဲပါ။ ကေသာကိုပယ်ပြီး စစ်ကိုင်းချောင်သို့လည်း မခိုနိုင်သေးပါ။ ဘဝကိုတွယ်တာသော ဘဝတဏှာသည် ကြီးမားလှချေသည် စသည်ဖြင့် ဘဝအဓိပ္ပာယ်ကို ဖွင့်ထားသည်။

မစန္ဒာလို ကျွန်တော်တို့ တွေးမိပြီလား . . . ။

**နှစ်အိမ့်တစ်အိမ် အတိတ်အိမ်**

နှစ်အိမ့်တစ်အိမ် အတိတ်အိမ် (စာ-၁၂၅) တွင် ကိုယ့်ခြံထဲကရေဆိုးကို သူများခြံထဲ စီးဝင်စေခြင်း၊ ကိုယ်အိမ့်ထဲကအမှိုက် သူ့အိမ်ရှေ့ပစ်ခြင်း၊ ကိုယ်မွေးထားသောခွေးကို သူ့အိမ်ရှေ့ မစင်စွန့်စေခြင်း၊ တစ်ဦးနှင့်တစ်ဦး စကားတင်ခြင်း၊ ကျောခြင်း၊ ကော်ခြင်း၊ ကတ်ခြင်း၊ လှည့်ခြင်း၊ စီးပိုးခြင်း စသည်များကို ကိုယ်တွေ့ကြုံလာရပါသည်။ ထိုအခါမျိုးတွင် ဦးလေးတို့အိမ်နှင့်ကပ်လျက် နှစ်ပေါင်းများစွာနေခဲ့ဖူးသည်ကို မကြာခဏ ပြန်ပြီး သတိရမိပါသည်။

အိမ်ထောင်ဦးစီးယောကျ်ားများက ယောကျ်ားပီပီ သသ အေးအေးဆေးဆေးရှိလှသလို မိန်းမချင်းကလည်း မကောက်မကွေ့ ဖြောင့်ဖြောင့်မတ်မတ် ခင်မင်ခဲ့ကြသည်။ ကလေးချင်းရော...၊ ကျွန်မတို့ ကလေးချင်းလည်း ချစ်ခင်ရင်းနှီးကြပါသည်။ ကလေးတို့သဘာဝမို့ ဆော့ရင်း၊ ကစားရင်း ရန်ဖြစ်တတ်ကြသော်လည်း ကလေးကိစ္စတွင် လူကြီးများပါလာလေ့မရှိသည်ကို ကျွန်မ ပြန်ပြီးသတိရနေမိပါသည်ဟု ရေးထားသည်ကို သဘာဝကျကျ မြင်ရ၊ ဖတ်ရသည်။ လင်းလက်လိုက်တာဗျာ.....။

> **လူအိုသော်လည်း စာမအိုအောင်၊**
> **လူနွမ်းသော်လည်း စာမနွမ်းအောင်၊**
> **လူသေသွားလျှင်ပင် စာမသေအောင် တတ်နိုင်သမျှ**
> **ဆက်လက်၍ ကြိုးစားသွားမည်ဖြစ်ကြောင်း**
> **စာပေအတွေ့အကြုံများပြားသော၊**
> **အသက်(၇၀)ကျော်နေပြီဖြစ်သော**
> **စာရေးဆရာမ မစန္ဒာက စာပေသစ္စာပြုထား . . .**

**မောင်ပြုံးချို၏ ဘဝနေဝင်ချိန်**

စာရေးဆရာကြီးမန်းတင်၏ ဇာတ်လိုက်ဖြစ်သော မောင်ပြုံးချို၏ ဘဝနေဝင်ချိန်ကို ကြေကွဲဖွယ်ရာ ရေးထားသည်။ နိုင်ငံတော်ကောင်စီဝင် အငြိမ်းစားတစ်ဦးအနေဖြင့် မည်သည့်ခံစားမှုကိုမျှ မမက်မောဘဲ ရိုးသားစွာ ဘဝကို တည်ဆောက်ခဲ့ပုံမှာ ပေါ်လွင်သည်။ မစန္ဒာ၏ မိဘနှစ်ပါးမှာ တစ်ဦးက လက်မသန်၊ နောက်တစ်ဦးက ခြေမသန် စိတ်သွားတိုင်းကိုယ်မပါ အိုခြင်း ဆင်းရဲနှင့်အတူ နာခြင်းဆင်းရဲကိုပါ တစ်ချိန်တည်း ရင်ဆိုင်ကြရရှာပါသည်။ (စာ-၁၄၉) တရားသဘောကို ထဲထဲဝင်ဝင် လေ့လာရင်း ဖေဖေသည် စာရေးရန်လည်း ကြိုးစားနေခဲ့သေးသည်။ သူ၏ ညာဘက်လက်ချောင်းလေးများသည် တင်းတောင့်နာကျင်ကာ ကလောင်ကိုပင် မကိုင်နိုင်တော့သည့်အတွက် မပီမသ၊ ယိုင်ယိုင်နဲ့နဲ့ စာလုံးလေးများကိုပါ မရေးနိုင်တော့ပါ။ (စာ-၁၅၁) ဖေဖေသည် သူ၏ နောက်ဆုံးထွက်သက်အထိ သတိမလစ်ခဲ့ပါ။ အသက်ပြင်းပြင်းရှူကာ ဆက်တိုက်ရှုမှတ်နေရင်းမှ လျှာခေါက်သွားသလို ဖြစ်သွားသည်။ ထို့နောက်အသက်ရှူသံပျောက်သွားလေသည်။ မျက်နှာအနေထားက နှစ်ခြိုက်စွာအိပ်ပျော်သွားသူလို အေးချမ်းနေပါသည်။ ကျွန်မ၏ဖခင်သည် ဝေဒနာအပေါင်းမှ လွန်မြောက်သွားခဲ့ပြီဖြစ်ပါသည်။ နာရီကို ကြည့်လိုက်တော့ ၉ နာရီနှင့် ၂၅ မိနစ်။ ၁၉၉၇ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့ စနေ့နေ့။ နံနက် ၉ နာရီနှင့် ၂၅ မိနစ်....။ (စာ-၁၅၈)

**ကြီးလာလို့ သိပါပြီ**

"ငယ်သူမို့ မသိပါ"ဟု ဝတ္ထုရေးခဲ့သော မစန္ဒာက "ကြီးလာလို့သိပါပြီ" (စာ-၁၆၈) တွင် စာရေးဆရာကြီး သိန်းဖေမြင့်၊ စာရေးဆရာကြီး မောင်ထင်၊ စာရေးဆရာကြီး တင့်တယ်၊ စာရေးဆရာကြီးသော်တာဆွေ၊ စာရေးဆရာကြီး အောင်ဗလတို့၏ အမှာစာများအကြောင်း ဖော်ညွှန်းရေးထားပါသည်။ အရွယ်ကိုလိုက်၍ နှစ်ခြိုက်ခဲ့သော သင်ခန်းစာအဖြစ် မှတ်ယူနိုင်ပါမည်။

**စာရေးဆရာမ မစန္ဒာ၏ အရိပ်များ**

မစန္ဒာ၏ အအောင်မြင်ဆုံးကာလများတွင် တိုင်းပြည်တိုးတက်မှု နှောင့်နှေးနေတာတွေကို မကျေနပ်ကြောင်း၊ အားမရကြောင်း၊ ဒါကြောင့် ထောက်ပြပြီး မသိမသာ သရော်တာလေးတွေ ရေးခဲ့ကြောင်း၊ ထိုသို့ ရေးသည်ကို နိုင်ငံတော်ကောင်စီဝင်ဖြစ်သူ ဖေဖေက တစ်ခါမှ မတားခဲ့ဖူးကြောင်း၊ တစ်ခါတလေဆိုရင် 'သမီးဒီနေရာလေးမှာ ဒီလိုရေးလိုက်ရင် ပိုကောင်းသွားမှာ'လို့တောင် ပြောခဲ့ပါသေးကြောင်း၊ ဖေဖေ၏ ကုလားထိုင်ကို ကိုင်လှုပ်နေသလိုမျိုး သိပါလျက်နှင့် ဖေဖေသည် လုံးဝ အပြုံးမပျက်ခဲ့ကြောင်း၊ ဘာကြောင့်လဲဆိုလျှင် ဖေဖေ့နှလုံးသားက စာရေးဆရာမန်းတင် ဖြစ်နေခြင်းကြောင့် ကျွန်မကလည်း မန်းတင်ရဲ့သမီးဖြစ်ရတာကိုပဲ ပိုပြီး ဂုဏ်ယူကျေနပ်နေသောကြောင့်ဖြစ်ကြောင်း (စာ-၁၈၆)တွင် ကျွန်တော်ဖတ်ရှုရပါသည်။ ဤစာစုအတွက် မစန္ဒာ၏ လေးနက်သော ခိုင်မြဲသည့် ခံယူချက်ကို ဂုဏ်ယူဖွယ်မှတ်တမ်းအဖြစ် ကျွန်တော်မော်ကွန်းတင်ပါသည်။

**လူငယ်များနှင့် ဘဝတန်ဖိုး**

"ကျန်းမာခြင်းနှင့် အရွယ်ရဲ့တန်ဖိုး၊ လူဖြစ်ရတာကံကောင်းတယ်၊ ကြိုးစားမှ ရလဒ်ကောင်းရမယ်၊ လူနှင့် တိရစ္ဆာန်ကွာခြားချက်၊ လူ့တန်ဖိုး၊ လူတစ်ယောက်ရဲ့ သမိုင်းဆိုတာ၊ အခွင့်အရေးဆိုတာ ကိုယ့်အနားမှာ၊ အခက်အခဲဆိုတာတွန်းအား၊ အရေးကြီးဆုံးဆိုတာ၊ သင်ခန်းစာယူတတ်ပါ၊ အကောင်းဆုံးကြိုးစားပါ၊ ချော်လဲရင် ချက်ချင်းပြန်ထပါ၊ ကိုယ့်ကိုယ်ကိုယ် ကောင်းအောင်နေပါ" စသည့် ခေါင်းစဉ်များဖြင့် (စာ-၂၂၂)တွင် လူငယ်များ၏ တန်ဖိုးကို ရေးထားသည်။ လူငယ်နှင့် Facebook တွင် (၁) မိမိ၏ password ကို မည်သူ့ကိုမျှမပေးပါနှင့်။ (၂) တတ်နိုင်လျှင် security ခံထားပါ။ (၃) add လုပ်လာသူများကိုလည်း စိစစ်၍ ဆင်ဆင်ခြင်ခြင်လက်ခံပါဟု (စာ-၂၃၀)၌ သတိပေးထားပါသည်။ လူငယ်တွေကို ချစ်သည့်စေတနာဟု ပြောနိုင်ပါသည်။




**စာတမ်း**

ယဉ်ကျေးမှုနယ်ချဲ့ခြင်းအန္တရာယ် စာတမ်းတွင် "မြန်မာပြည်နှင့် မြန်မာအမျိုးသမီးများ၊ မြန်မာအမျိုးသမီးတို့၏ဂုဏ်ရည်၊ ယနေ့ခေတ် မြန်မာအမျိုးသမီးများ၊ မည်ကဲ့သို့ ကာကွယ်တားဆီးကြမည်နည်း" တို့ကို (စာ-၂၆၆)တွင် ဖော်ပြထားသည်။ ဘဝကုန်ကြမ်းမှဝတ္ထုကုန်ချောသို့တွင် ဝတ္ထုဆိုသည်မှာ ခေါင်းစဉ်အောက်၌ စာရေးဆရာကြီး သိန်းဖေမြင့်၊ တက္ကသိုလ်ဘုန်းနိုင်၊ ပီမိုးနင်း၊ မင်းလူ၊ မောင်ထင်၊ မောင်သာရ၊ ဇော်ဂျီ၊ မောင်သိန်းဆိုင်၊ မြသန်းတင့်တို့၏ အဆိုအမိန့်များ၊ စာရေးဆရာ မင်းကျော်၊ သော်တာဆွေ၊ အောင်သင်း၊ သန်လျင် မောင်မောင်ဦးတို့၏ ကိုယ်တွေ့ဝတ္ထုများ၊ အမြင်များကို (စာ-၂၈၈)တွင် ရေးသားဖော်ပြထားပါသည်။ စာဖတ်သူများ သတိထားရမည့်စာစုများဖြစ်သည်ဟု ကျွန်တော်ထင်သည်။

**ဖတ်စရာများ**

မစန္ဒာ၏ ကောက်သင်းကောက်တဲ့စာများတွင် ဖတ်စရာများ ကျန်ပါသေးသည်။ နှစ်သက်ဖွယ်များသာဖြစ်၍ ကျန်ရှိသည်များကို ဆက်လက်ရှာဖွေဖတ်ရှုစေလိုပါသည်။

**နိဂုံး**

လူအိုသော်လည်း စာမအိုအောင်၊ လူနွမ်းသော်လည်း စာမနွမ်းအောင်၊ လူသေသွားလျှင်ပင် စာမသေအောင် တတ်နိုင်သမျှ ဆက်လက်၍ ကြိုးစားသွားမည်ဖြစ်ကြောင်း စာပေအတွေ့အကြုံများပြားသော၊ အသက်(၇၀)ကျော်နေပြီဖြစ်သော စာရေးဆရာမ မစန္ဒာက စာပေသစ္စာပြုထားသည်ကို အသက်(၇၀)ကျော်ပြီဖြစ်သော ကျွန်တော်နှင့်တကွ ကြေးမုံစာချစ်ပရိသတ်က လေးနက်စွာ မေတ္တာဖြင့် လက်ကမ်းကြိုဆိုနေမည်ဖြစ်ပါကြောင်း......။

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

(၁၃) **ရှာဖွေခြင်းဆိုင်ရာအသုံးစရိတ် (prospecting expenditure)** ဆိုသည်မှာ တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်တစ်ရပ်ကို ရယူရာ၌ ကျခံရသည့် အသုံးစရိတ်မှအပ ရှာဖွေခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ ကျခံရသည့် အသုံးစရိတ်ကိုဆိုပြီး ယင်းတွင် အောက်ပါတစ်ခုခုပါဝင်သည် –

(ကက) အောက်ပါတစ်ခုခုကို ရယူရာ၌ ကျခံရသည့် အသုံးစရိတ် –

(၁-၁) အစိုးရထံမှ သို့မဟုတ် ထပ်ဆင့်အပ်နှံခြင်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်အရ ရရှိသည့် ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာရှာဖွေခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ် သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်တွင် ပါဝင်သည့် အကျိုးစီးပွား၊

(၁-၂) အစိုးရထံမှသို့မဟုတ်ထပ်ဆင့်အပ်နှံခြင်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်အရ ရရှိသည့် ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာရှာဖွေခြင်းဆိုင်ရာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်နှင့် ဆက်စပ်နေသည့် သတင်းအချက်အလက်၊

သို့သော် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးနှင့် ဆက်စပ်ကိစ္စရပ်ဖြစ်ပါက သက်ဆိုင်ရာ တင်ဒါတင်သွင်းမှု၏ရလဒ်ကို မကြေညာမီ ကျခံခဲ့ရသည့် မည်သည့်စရိတ်မျှ မပါဝင်။

(ခခ) ရှာဖွေခြင်းဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကျခံရသည့် လူမှုရေးအခြေခံအဆောက်အအုံဆိုင်ရာ အသုံးစရိတ်။

(၁၄) **ရှာဖွေခြင်းဆိုင်ရာလုပ်ငန်းများ (prospecting operation)** ဆိုသည်မှာ –

(ကက) ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ ရှာဖွေခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ ဆောင်ရွက်သည့်လုပ်ငန်းများ၊ သို့မဟုတ်

(ခခ) ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ ဆောင်ရွက်သည့် ရှာဖွေခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆိုသည်။

(၁၅) **ဝန်ဆောင်မှုများ**ဟုဆိုရာတွင်ကိရိယာများငှားရမ်းခြင်းလည်း ပါဝင်သည်။

(၁၆) **လူမှုရေးအခြေခံအဆောက်အအုံ အသုံးစရိတ်** ဆိုသည်မှာ အများပြည်သူဆိုင်ရာ ကျောင်း၊ ဆေးရုံ၊ လမ်း သို့မဟုတ် အလားတူဖြစ်သည့် လူမှုရေးအခြေခံအဆောက်အအုံတစ်ခုကို ဆောက်လုပ်ခြင်းအတွက် ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ လိုင်စင်ရရှိသူက ကျခံရန်လိုအပ်သည့် ငွေလုံးငွေရင်းအသုံးစရိတ်ကို ဆိုသည်။

(၁၇) **တစ်ဆင့်ခံလုပ်ငန်းဆောင်ရွက်သူ (subcontractor)** ဆိုသည်မှာ ဝန်ထမ်းတစ်ဦးအဖြစ် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းမဟုတ်ဘဲ လိုင်စင်အရဆောင်ရွက်သည့် ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုင်စင်ရရှိသူထံ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသည့်ပုဂ္ဂိုလ်ကို ဆိုသည်။

(ခ) ဤဥပဒေတွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသည့် စကားရပ်များကို မြန်မာ့ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာဥပဒေ၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့် ရေနံဆိုင်ရာဥပဒေများတွင် အဓိပ္ပာယ်ဖွင့်ထားပြီး ဤဥပဒေပါ အကြောင်းအရာနှင့် ရှေ့နောက်စကားရပ်တို့က အခြားအဓိပ္ပာယ်သက်ရောက်စေခြင်းမရှိလျှင် ယင်းဥပဒေများတွင် ဖော်ပြထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

**ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာနှင့် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများအပေါ် အခွန်ကောက်ခံခြင်းဆိုင်ရာ အခြေခံမူများ**

၆၃။ (က) လိုင်စင်ရရှိသူတစ်ဦး သို့မဟုတ် တစ်ဆင့်ခံလုပ်ငန်းဆောင်ရွက်သူတစ်ဦးသည် ဤအပိုင်းပါ ပြင်ဆင်ပြောင်းလဲမှုများနှင့် မဆန့်ကျင်စေဘဲ ဤဥပဒေနှင့်အညီ အခွန်ပေးဆောင်ရန် တာဝန်ရှိစေရမည်။

(ခ) လိုင်စင်ရရှိသူတစ်ဦး သို့မဟုတ် တစ်ဆင့်ခံ လုပ်ငန်းဆောင်ရွက်သူတစ်ဦးအပေါ် အခွန်စည်းကြပ်ရာ၌ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေ၏ ကျန်အပိုင်းပါ ပြဋ္ဌာန်းချက်များအကြား ရှေ့နောက်မညီညွတ်မှုတစ်စုံတစ်ရာရှိလျှင် ဤအပိုင်းက လွှမ်းမိုးစေရမည်။

(ဂ) အောက်ပါတို့နှင့်စပ်လျဉ်း၍ ဇယား ၆ ပါအတိုင်း အကျိုးသက်ရောက်စေရမည် –

(၁) လိုင်စင်ရရှိသူတစ်ဦးနှင့် အကျုံးဝင်သည့် ဝင်ငွေခွန်နှင့် အခြေပစ္စည်းမှ မြတ်စွန်းခွန်နှုန်းများ၊

(၂) လိုင်စင်ရရှိသူတစ်ဦးက ပြည်ပနေ တစ်ဆင့်ခံလုပ်ငန်းဆောင်ရွက်သူတစ်ဦးအား ပေးချေမှုများနှင့် အကျုံးဝင်သည့် ဝင်ငွေခွန်နှုန်းများ၊

(၃) ဤအပိုင်းအရ နုတ်ပယ်ခွင့်မပြုနိုင်သည့် အချို့သော ကုန်ကျစရိတ်များ၏ နုတ်ပယ်နိုင်ခွင့်။

(ဃ) ရေနံစိမ်း သို့မဟုတ် သဘာဝဓာတ်ငွေ့ဝယ်ယူသူနှင့် ရောင်းချသူတို့သည် တွဲဖက်လုပ်ကိုင်သူများဖြစ်နေလျှင် ရေနံစိမ်း သို့မဟုတ် သဘာဝဓာတ်ငွေ့၏ ပြင်ပဈေးကွက်ပေါက်ဈေးကို စည်းမျဉ်းများနှင့်အညီ သတ်မှတ်ဆုံးဖြတ်ရမည်။

(င) အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၄၇ နှင့် ဤဥပဒေ၏ ပုဒ်မ ၁၀၂ တို့တွင် မည်သို့ပင်ဆိုစေကာမူ –

(၁) ဤအပိုင်းအရ ထည့်သွင်းစဉ်းစားသည့် ငွေကြေးပမာဏ တစ်ရပ်ကို နိုင်ငံခြားငွေဖြင့် ဖော်ပြနိုင်ရန် ပြည်ထောင်စုဝန်ကြီးသည် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်နိုင်သည်၊ ထို့ပြင်

(၂) အောက်ပါငွေကြေးပမာဏများကိုလည်းအမေရိကန်ဒေါ်လာဖြင့် ပေးချေနိုင်သည် –

(ကက) လိုင်စင်ရရှိသူက ဆောင်ရွက်သည့် ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများမှ ဝင်ငွေနှင့်စပ်လျဉ်း၍ ယင်းလိုင်စင်ရရှိသူက ပေးဆောင်ရမည်ဖြစ်သည့် မည်သည့်အခွန်မဆိုနှင့်

(ခခ) လိုင်စင်ရရှိသူတစ်ဦးက ဆောင်ရွက်သည့် ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ယင်းလိုင်စင်ရရှိသူအား ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများမှ ရရှိသည့်ဝင်ငွေအပေါ် တစ်ဆင့်ခံလုပ်ငန်းဆောင်ရွက်သူတစ်ဦးက ပေးဆောင်ရန်ရှိသည့် မည်သည့်အခွန်မဆို။

**ရှာဖွေခြင်းဆိုင်ရာ အသုံးစရိတ်**

၆၄။ (က) လိုင်စင်ရရှိသူက ကျခံရသည့် ရှာဖွေခြင်းဆိုင်ရာအသုံးစရိတ်သည် ကိုက်ညီသည်ဟုယူဆလျက် ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များသည် ယင်းအသုံးစရိတ်ပေါ်တွင် အောက်ပါအတိုင်း အကျိုးသက်ရောက်စေရမည် –

(၁) တန်ဖိုးလျော့နှုန်း ၁၀၀ ရာခိုင်နှုန်းနှင့်ညီမျှသည့် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ပစ္စည်းများဖြစ်ခြင်း၊ ထို့ပြင်

(၂) စီးပွားဖြစ်ထုတ်လုပ်မှုစတင်ချိန်တွင် ကျခံခဲ့ခြင်း။

(ခ) လိုင်စင်ရရှိသူတစ်ဦးက ရှာဖွေခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် သီးသန့်ရည်ရွယ်ချက်ဖြင့် တန်ဖိုးလျော့နိုင်သော ရရန်ပိုင်ခွင့်တစ်ရပ်ကို ရယူလျှင် –

(၁) အကျုံးဝင်သည့် တန်ဖိုးလျော့နှုန်းမှာ ၁၀၀ ရာခိုင်နှုန်းဖြစ်ပြီး

(၂) ယင်းအသုံးစရိတ်ကို စီးပွားဖြစ်ထုတ်လုပ်မှုစတင်ချိန်တွင် ကျခံခဲ့သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တွင် မည်သို့ပင်ဆိုစေကာမူ၊ ထို့ပြင် ဇယား ၆ တွင် အခြားနည်းဖြင့် ပြဋ္ဌာန်းထားခြင်းမရှိလျှင် ရှာဖွေခြင်းဆိုင်ရာ အသုံးစရိတ် သို့မဟုတ် ရှာဖွေခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာ၌ အသုံးပြုသည့် တန်ဖိုးလျော့နိုင်သော ရရန်ပိုင်ခွင့်တစ်ရပ်၏ ကုန်ကျစရိတ်ကို ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးရရှိသည့် လိုင်စင်ရရှိသူက ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေး၏ သတ်မှတ်ချက်များအရ ပြန်လည်ရယူနိုင်ကြောင်း အတိအလင်းဖော်ပြထားခြင်းမရှိလျှင် နုတ်ပယ်နိုင်ခွင့်မရှိစေရ။

**သယံဇာတတူးဖော်ထုတ်ယူခြင်းဆိုင်ရာ အသုံးစရိတ်**

၆၅။ (က) ပုဒ်မခွဲ (ခ) နှင့် မဆန့်ကျင်စေဘဲ လိုင်စင်ရရှိသူတစ်ဦးက ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ သယံဇာတတူးဖော်ထုတ်ယူခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကျခံရသည့် သယံဇာတတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ မတည်စရိတ်သည် တန်ဖိုးလျော့နှုန်း ၂၅ ရာခိုင်နှုန်းနှင့် ညီမျှသည့် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်ဖြစ်သည်ဟု ယူဆလျက် ပုဒ်မ ၂၆ နှင့် ၂၇ ပါ ပြဋ္ဌာန်းချက်များသည် ယင်းအသုံးစရိတ်ပေါ်တွင် အကျိုးသက်ရောက်စေရမည်၊

(ခ) သယံဇာတတူးဖော်ထုတ်ယူခြင်းဆိုင်ရာ မတည်စရိတ်ကို လိုင်စင်ရရှိသူတစ်ဦးက စီးပွားဖြစ်ထုတ်လုပ်မှု မစတင်မီ ကျခံရခြင်းဖြစ်သည်ဟုယူဆလျက် ယင်းအသုံးစရိတ်ကို စီးပွားဖြစ်ထုတ်လုပ်မှုစတင်ချိန်တွင် ကျခံရခြင်းဖြစ်သည်ဟု ယူဆပါက ပုဒ်မ ၂၆ နှင့် ၂၇ ပါ ပြဋ္ဌာန်းချက်များသည် အကျိုးသက်ရောက်စေရမည်၊

(ဂ) ပုဒ်မခွဲ (င) နှင့် မဆန့်ကျင်စေဘဲ သယံဇာတတူးဖော်ထုတ်ယူမှုဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုမည့် တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်ကို လိုင်စင်ရရှိသူတစ်ဦးက စီးပွားဖြစ်ထုတ်လုပ်မှု မစတင်မီ ရယူခြင်း သို့မဟုတ် တည်ဆောက်ခြင်းဖြစ်ပါက ယင်းရရန်ပိုင်ခွင့်သည် စီးပွားဖြစ်ထုတ်လုပ်မှု စတင်ချိန်တွင် ရယူခြင်း သို့မဟုတ် တည်ဆောက်ခြင်း ဖြစ်ဘိသကဲ့သို့ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ၂၈ ပါ ပြဋ္ဌာန်းချက်များသည် ယင်းရရန်ပိုင်ခွင့်အပေါ် အကျိုးသက်ရောက်စေရမည်၊

(ဃ) ပုဒ်မခွဲ(ခ)တွင်ရည်ညွှန်းသည့်သယံဇာတတူးဖော်ထုတ်ယူမှုဆိုင်ရာ မတည်စရိတ်တွင်ဖြစ်စေ၊ ပုဒ်မခွဲ (ဂ) တွင် ဖော်ပြထားသည့် တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်တွင်ဖြစ်စေ စီးပွားဖြစ်ထုတ်လုပ်မှု စတင်သည့် အခွန်နှစ်အတွက် နုတ်ယူရန်ပမာဏကို အောက်ပါပုံသေနည်းအတိုင်း တွက်ချက်ရမည် –

$$A \times \frac{B}{C}$$

ယင်းတွင် –

A သည် ရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ်ပမာဏ သို့မဟုတ် အသုံးစရိတ်ပမာဏဖြစ်သည်၊

B သည် စီးပွားဖြစ်ထုတ်လုပ်မှု စတင်သည့်ရက်မှစ၍ စီးပွားဖြစ်ထုတ်လုပ်မှုပြုလုပ်သည့် အခွန်နှစ်၏ နောက်ဆုံးရက်အထိ ကာလအတွင်းရှိ စုစုပေါင်းရက်အရေအတွက်ဖြစ်သည်၊

C သည် စီးပွားဖြစ်ထုတ်လုပ်မှု စတင်သည့် အခွန်နှစ်အတွင်းရှိ စုစုပေါင်းရက်အရေအတွက်ဖြစ်သည်၊

(င) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဃ) တွင် မည်သို့ပင်ဆိုစေကာမူ၊ ထို့ပြင် ဇယား ၆ တွင် အခြားနည်းဖြင့် ပြဋ္ဌာန်းထားခြင်းမရှိလျှင် ရှာဖွေခြင်းဆိုင်ရာ အသုံးစရိတ် သို့မဟုတ် ရှာဖွေခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာ၌ အသုံးပြုသည့် တန်ဖိုးလျော့နိုင်သော ရရန်ပိုင်ခွင့်တစ်ရပ်၏ စရိတ်ကို ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးရရှိသည့် လိုင်စင်ရရှိသူက ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေး၏ သတ်မှတ်ချက်များအရ ပြန်လည်ရယူနိုင်ကြောင်း အတိအလင်းဖော်ပြမထားလျှင် နုတ်ပယ်နိုင်ခွင့် မရှိစေရ။

(စ) လိုင်စင်ရရှိသူတစ်ဦးသည် ထပ်ဆင့်အပ်နှံသည့် သဘောတူစာချုပ်အရမှအပ ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်ရှိ အကျိုးစီးပွားတစ်ရပ်ကို ထုခွဲရောင်းချလျှင် ယင်းထုခွဲရောင်းချမှုမှ ပေါ်ပေါက်လာသည့် မည်သည့်အမြတ်အစွန်းမဆိုမှ ယင်းလိုင်စင်ရရှိသူက ကျခံထားပြီး ထုခွဲရောင်းချချိန်၌ ယင်းကပြန်လည်ရယူခြင်း သို့မဟုတ် နုတ်ပယ်ခြင်း မပြုရသေးသည့် သယံဇာတတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ မည်သည့်မတည်စရိတ်မဆိုကို နုတ်ပယ်ရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ပေါက်ခေါင်းမြို့နယ်၌ ကြံသီးနှံ နည်းပညာပေးသင်တန်းနှင့် ကွင်းသရုပ်ပြပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၁**

မြန်မာနိုင်ငံတွင် ကြံရွက်ဖြူရောဂါ ကျရောက်မှု တွေ့ရှိလာနေပြီဖြစ်ပြီး ရောဂါပြင်းထန်မှု အခြေအနေပေါ်မူတည်၍ ကြံအထွက်နှုန်းကို ၄၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းခန့်အထိ ဆုံးရှုံးနိုင်ပြီး သကြားအထွက်နှုန်း ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းခန့်အထိ ဆုံးရှုံးနိုင်သဖြင့် ကြံတောင်သူများနှင့် သကြားစက်လုပ်ငန်း လုပ်ကိုင်သူများ သတိထားရမည့် ရောဂါဖြစ်ကြောင်း ဇူလိုင် ၂၉ ရက်က ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်၌ ကျင်းပသည့် ကြံသီးနှံ နည်းပညာပေးသင်တန်းနှင့် ကွင်းသရုပ်ပြပွဲ အခမ်းအနား၌ စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်ရည်ရည်မွန်၏ ပြောပြချက်အရ သိရသည်။



ပေါက်ခေါင်းမြို့နယ် စက်တုံးကျေးရွာတွင် ကြံရွက်ဖြူရောဂါ ကျရောက်နေသည့် တောင်သူဦးတင်ထွေး၏ ကြံစိုက်ခင်း၌ ကျင်းပသည့် ကြံသီးနှံနည်းပညာပေးသင်တန်းနှင့် ကွင်းသရုပ်ပြပွဲ အခမ်းအနားသို့ သကြားထွက်သီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်ရည်ရည်မွန်၊ ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးဝင်းနှင့် ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများ၊ နဝဒေးသကြားစက်ရုံနှင့် အင်ငါးခွသကြားစက်ရုံတို့မှ စက်ရုံမှူးများ၊ ကြံသကြားဆိုင်ရာပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ဒေသနေကြံစိုက်တောင်သူများ တက်ရောက်ကြသည်။

ကြံရွက်ဖြူရောဂါကျရောက်သည့် ကြံပင်များတွင် ကြံရွက်များ ဖြူလာကာ အပင်ကြီးထွားမှု ရပ်တန့်သွားမည်ဖြစ်ပြီး နောက်ဆုံးတွင် ကြံပင်သေသွားမည်ဖြစ်ကြောင်း၊ ကြံလမိုင်းခင်းများတွင်ဆိုးရွားစွာ ကျရောက်နိုင်ကြောင်း၊ အပင်၏ အစာကြောစည်းအတွင်းရှိ ဖိုက်တိုပလပ်စ်မာကြောင့် ပြင်ပပြ လက္ခဏာအဖြစ် အရွက်အလယ်ကြောများ ဝါလာမည်ဖြစ်ကြောင်း၊ အဆိုပါရောဂါသည် အပင်ပေါက်ချိန်မှ ကြီးထွားမှုအဆင့်တိုင်းတွင် ကျရောက်နိုင်ကြောင်း၊ ရောဂါပျံ့နှံ့မှုအနေဖြင့် ကြံမျိုးပိုင်းက စတင်နိုင်သကဲ့သို့ အင်းစက်ဖက်တာ နှစ်မျိုးကြောင့်လည်း ကူးစက်နိုင်ကြောင်း၊ သို့ဖြစ်ရာ စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်ထားသည့် ကြံရွက်ဖြူရောဂါ ကာကွယ်နှိမ်နင်း နည်းစနစ်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန် အလေးအနက်တိုက်တွန်းပါကြောင်းနှင့် အကူအညီလိုအပ်ပါက နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာန ရုံးများနှင့် တောင်သူနည်းပညာပေးစင်တာများတွင် ဆက်သွယ်ဆောင်ရွက်နိုင်ကြပါကြောင်း ညွှန်ကြားရေးမှူးက ဆွေးနွေးပြောကြားသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို သကြားထွက်သီးနှံဌာနခွဲ ညွှန်ကြားရေးမှူးနှင့် ဒုတိယတိုင်းဒေသကြီးဦးစီးမှူးတို့က ရှင်းလင်းဖြေကြားကြပြီး တောင်သူများအား နည်းပညာပေး လက်ကမ်းစာစောင်များနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ ဆက်လက်၍ ခင်းကျင်းပြသထားသော ပြကွက်ပြခန်းများတွင် စိုက်ပျိုးရေး ပညာရှင်ဝန်ထမ်းများက ကြံရွက်ဖြူရောဂါဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ကာကွယ်နှိမ်နင်း နည်းစနစ်များကို အသေးစိတ်ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# တရားဝင် ရေနံနှင့် ကျောက်မီးသွေးလုပ်ငန်းများမှ လေးနှစ်အတွင်း ငွေကျပ်သန်းပေါင်း ၂၇၀၀၀ ကျော်ရရှိ

**မကွေး ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီးအတွင်း တရားဝင်ခွင့်ပြုထားသော ရေနံနှင့်ကျောက်မီးသွေးလုပ်ကွက်များမှ သယ်ဆောင်ခွင့်လက်မှတ်(Transport Pass) ဝန်ဆောင်ခများကို ဥပဒေနှင့်အညီကောက်ခံခဲ့ပြီး လေးနှစ်တာကာလအတွင်း ငွေကျပ်သန်းပေါင်း ၂၇၁၉၅ ဒသမ ၉၆၂ သန်း ရရှိခဲ့ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရေနံစည်ပေါင်း ၆၂၈၂၄၆၅ စည်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကျောက်မီးသွေးတန်ပေါင်း ၂၁၂၇၆၉ တန်ကို တိုင်းဒေသကြီးအစိုးရက သယ်ဆောင်ခွင့်ပြုခဲ့ပြီး အခွန်ငွေများရရှိခဲ့ခြင်းဖြစ်သည်။

" ခွင့်ပြုထားတဲ့ လုပ်ကွက် ၁၅ ကွက်က လုပ်ငန်းရှင်တွေဆီကပဲ ကောက်ပါတယ်။ တင်ပြလာတဲ့ သယ်ဆောင်ခွင့်မျှောတွေကို တရားဝင်လုပ်ကွက်ရတဲ့သူတွေရဲ့နာမည်နဲ့ သူ့ရဲ့ကိုယ်စားလှယ်ပါမှ စိစစ်ထုတ်ပေးပါတယ် " ဟု တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်က အခွန်ကောက်ခံမှုနှင့်စပ်လျဉ်း၍ ရှင်းပြသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဓာတ်သတ္တုထုတ်လုပ်ခွင့်နှင့် စမ်းသပ်တိုင်းတာခွင့်ကို ပြည်ထောင်စု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ကုမ္ပဏီအဖွဲ့အစည်း ၃၂ ခုသို့ လုပ်ကွက် ၄၂ ကွက်၊ မကွေးတိုင်းဒေသကြီး ဓာတ်သတ္တုလုပ်ကွက် စိစစ်ချထားရေးအဖွဲ့က ခြောက်ကွက်ချပေးထားပြီး သယ်ဆောင်ခအဖြစ် ကျောက်မီးသွေးတစ်တန်လျှင် ငွေကျပ် ၃၀၀၀နှုန်းဖြင့် ၂၀၁၇ခုနှစ် စက်တင်ဘာ ၁ ရက်မှ ကောက်ခံခဲ့ရာ ငွေကျပ် ၆၃၈ သန်းကျော် ရရှိခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

**ဇေယျာတု(မကွေး)**

# သဘာဝဘေးအန္တရာယ် လျော့နည်းကျဆင်းရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်

**မန္တလေး ဇူလိုင် ၃၁**

ဇူလိုင်နှင့် ဩဂုတ်လကာလများတွင် ဒေသအလိုက် မြစ်ရေကြီးခြင်းနှင့် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်မည့် အခြေအနေများကို သတိပေးချက်များ စဉ်ဆက်မပြတ်ထုတ်ပြန်၍ သဘာဝဘေးအန္တရာယ်လျော့နည်းကျဆင်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနေကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ) ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောကြားသည်။

မြစ်ရေကြီးခြင်းသည် မိုးရွာသွန်းမှုပုံသဏ္ဍာန်၊ မြစ်ဝှမ်းဒေသများအတွင်းရှိ မိုးရွာသွန်းမှုအင်အား ပျံ့နှံ့မှုနှင့် ရွာသွန်းသည့် အချိန်ကာလများအပြင် အခြား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုပေါ်မူတည်၍ ဖြစ်ပေါ်လေ့ရှိသဖြင့် မိုးလေဝသနှင့် ဇလဗေဒစခန်းများအလိုက် မြစ်ရေကြီးခြင်းနှင့် စိုးရိမ်ရေအမှတ်သို့ရောက်ရှိနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ မြစ်ရေအထူးတိုင်းတာချက်များကို ဒေသအသီးသီးရှိသဘာဝဘေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များ အချိန်နှင့်တစ်ပြေးညီ သိရှိစေရန် သတင်းအချက်အလက်နှင့် သတိပေးချက်များကို စဉ်ဆက်မပြတ် ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

''ကျွန်တော်တို့ဌာနက ဒေသအလိုက် အပတ်စဉ်၊ လစဉ် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်တွေကို ပြည်သူတွေသိရှိစေဖို့ ကြိုတင်ထုတ်ပြန်ပေးလျက်ရှိပြီး ရေဘေးအန္တရာယ်ကျရောက်တတ်လေ့ရှိတဲ့ အခုလိုကာလမှာလည်း ပုံမှန်ထုတ်ပြန်ပေးနေတဲ့ မိုး/ဇလ တိုင်းထွာချက်တွေအပြင် ဒေသအလိုက် မြစ်ရေကြီးခြင်းနဲ့ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်မယ့် အခြေအနေကို တစ်နာရီတစ်ကြိမ်နှုန်းနဲ့ မြစ်ရေအမှတ်တွေကို အထူးတိုင်းတာကာ နေပြည်တော် (ရုံးချုပ်)နဲ့ သက်ဆိုင်ရာဌာနခွဲတွေကိုပေးပို့နိုင်ခဲ့ပြီး ဒေသအလိုက် သဘာဝဘေးဆိုင်ရာလျော့ပါးရေး လုပ်ငန်းစဉ်တွေမှာ တက်ကြွစွာပါဝင်ဆောင်ရွက်ပေးလျက်ရှိပါတယ် ''ဟု ၎င်းကပြောကြားသည်။

မန္တလေးမြို့ရှိဧရာဝတီမြစ်၏ စိုးရိမ်ရေအမှတ်မှာ ၁၂၆၀ စင်တီမီတာရှိပြီး ဇူလိုင် ၂၈ ရက်တွင် ၁၂၅၃ စင်တီမီတာသို့ရောက်ရှိခဲ့သော်လည်း ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ၁၂၄၃ စင်တီမီတာသို့ ပြန်လည်ကျဆင်းခဲ့ပြီး လာမည့် နှစ်ရက် သုံးရက်အတွင်းတွင်လည်း မြစ်ရေများ ဆက်လက်ကျဆင်းနိုင်ကြောင်း ၎င်းက ဆက်လက်သုံးသပ်ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြို့နယ်အဆင့် အရေးပေါ်တုံ့ပြန်ကူညီရေးအဖွဲ့ ဖွဲ့စည်း

**ဟသ်ာတ ဇူလိုင် ၃၁**

သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာအတွက် အရေးပေါ်တုံ့ပြန်ကူညီရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအစီအစဉ်များညှိနှိုင်းရေးဆွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက ဟသ်ာတမြို့ ဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး ဟသ်ာတခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း (CDA)မှ တာဝန်ရှိသူများက လုပ်ငန်းရည်ရွယ်ချက်နှင့် ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

မြို့နယ် သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့များ၊ လူမှုရေးအဖွဲ့များ အချိန်တိုအတွင်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း (CDA)မှ ခရိုင်စီမံချက်မန်နေဂျာ ဦးအောင်လှိုင်ဦးထံမှ သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# မြိတ်မြို့နယ် သမုတ်-လွတ်လွတ်တံတားတည်ဆောက်မှု ၉၈ ရာခိုင်နှုန်းပြီးစီး

**မြိတ် ဇူလိုင် ၃၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ထားဝယ်-မြိတ်လမ်း ၂၂၁ ဒသမ ၂ ကီလိုမီတာအနီး၌ သမုတ်-လွတ်လွတ်တံတားတည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ တည်ဆောက်ပြီးစီးမှု ၉၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး စက်တင်ဘာလကုန်ပိုင်းတွင် တံတားစတင်အသုံးပြုနိုင်ကြတော့မည် ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

သမုတ်မြစ်အားဖြတ်သန်းတည်ဆောက်နေသော သမုတ် - လွတ်လွတ်တံတား၏ အရှည်မှာ စုစုပေါင်း ၁၂၈၇ ပေရှိပြီး သမုတ်ဘက်ခြမ်းတွင် ၃၀ ဒသမ ၄၇၈ မီတာအရှည်ရှိသော P.C.Girder နှစ်ခန်းနှင့် လွတ်လွတ်ဘက်ခြမ်း၌ ၃၀ ဒသမ ၄၇၈ မီတာအရှည်ရှိသော P.C.Girder သုံးခန်းထည့်သွင်းတည်ဆောက်ထားကာ ရေလယ်ခန်းဖွင့် အရှည် မီတာ ၆၀ ရှိသော Continuous Steel Box Girder လေးခန်းကို ထည့်သွင်းတည်ဆောက်ထားကြောင်း၊ တံတား၏အုတ်မြစ်အား ၁ ဒသမ ၅ မီတာအချင်းရှိသည့် သံကူကွန်ကရစ်ဘိုးပိုင်ဖြင့် တည်ဆောက်ထားပြီး ကိုယ်ထည် RC Concrete နှင့် အပေါ်ထည်မှာ P.C Girder, Steel Box Girder &R.C Decking ဖြစ်ကြောင်း၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေစီပါဝင်၍ ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေနှင့် အမြင့် ၁၅ ပေရှိကာ တံတားခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးစီမံကိန်းအားတာဝန်ယူဆောင်ရွက်နေသည့် တည်ဆောက်ရေးအဖွဲ့(၄)မှ သိရသည်။

ယခင်က သမုတ်မြစ်အားဖြတ်သန်း၍ တံတားတည်ဆောက်ရန်ခက်ခဲသောကြောင့် မြစ်ကိုရှောင်ကွင်းကာ တောင်ကြောပေါ်၌ ရှောင်ကွင်းလမ်းဖောက်ထားပြီး တောင်တက်၊ တောင်ဆင်းဖြင့် ရှောင်ကွင်းလမ်းအတိုင်း မြိတ်မြို့ကို သွားကြရသောကြောင့် မိုင်အားဖြင့် အရှည် ၂၅ မိုင်ခန့်သွားလာကြရကြောင်း၊ တံတားတည်ဆောက်ပြီးစီးပါက ပြည်ထောင်စုလမ်းမကြီးပေါ်တွင်တည်ရှိသောကြောင့် မိုင်အားဖြင့် ၁၁ မိုင်ခန့်သက်သာစေမည်ဖြစ်၍ ကုန်တင်ယာဉ်နှင့် အခြားယာဉ်များဖြတ်သန်းမောင်းနှင်ပါက အချိန်အားဖြင့် ၄၅ မိနစ်ခန့် အချိန်ကုန်သက်သာစေမည်ဖြစ်သောကြောင့် ကုန်စည်စီးဆင်းမှုများ မြန်ဆန်ချောမွေ့လာမည်ဖြစ်ပြီး ယာဉ်မောင်းနှင်ရာတွင် အသုံးပြုသည့် ဆီအသုံးစရိတ်နှင့် အချိန်ကုန်ပါ သက်သာစေတော့မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါ သမုတ်-လွတ်လွတ် တံတားသည် ထားဝယ်-မြိတ်- တနင်္သာရီ-ကော့သောင်းလမ်းပေါ်တွင် တည်ရှိသောကြောင့် ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုအတွက် တိုးမြှင့်လုပ်ဆောင်နိုင်မည်ဖြစ်၍ ကုန်စည်စီးဆင်းမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**



# မန်ယူအသင်းက ရာအူးလ်ဂျေမီနက်ဇ်ကို ခေါ်ယူရန် နီးစပ်မှုရှိနေ

မန်ယူအသင်းဟာ ဝုလ်ဗာဟမ်တန်အသင်းရဲ့ ဗဟိုတိုက်စစ် ကစားသမား ရာအူးလ်ဂျေမီနက်ဇ်ကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ နီးစပ်မှုရှိနေပြီ ဖြစ်တယ်လို့ သိရပါတယ်။

ဝုလ်ဗာဟမ်တန်အသင်းဟာ ရာအူးလ်ဂျေမီနက်ဇ်ကို မန်ယူအသင်းဆီ ရောင်းချဖို့ စီစဉ်ထားပြီး အစားထိုးကစားသမားအဖြစ် စပို့တင်းဒီဘရာဂါအသင်းရဲ့ တိုက်စစ်မှူး ပေါ်လင်ဟိုကို ပြောင်းရွှေ့ကြေး ပေါင် ၂၇ သန်းနဲ့ခေါ်ယူဖို့ သဘောတူညီမှုရရှိထားတာလည်း ဖြစ်ပါတယ်။

မန်ယူအသင်းရဲ့ ဂိုးသွင်းရတဲ့ ဝန်ထုပ်ဝန်ပိုးတွေဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက အန်တိုနီမာရှယ်နဲ့ အီဂါလိုတို့အပေါ်မှာပဲ ကျရောက်နေခဲ့တာကြောင့် အခုအပြောင်းအရွှေ့ကာလအတွင်းမှာ ဗဟိုတိုက်စစ် ကစားသမားသစ်တစ်ဦးကို ခေါ်ယူဖို့ စီစဉ်ထားတယ်လို့ မန်ယူအသင်းနည်းပြ ဆိုးရှားက ဝန်ခံပြောကြားခဲ့တာ ဖြစ်ပါတယ်။

### တောင်ပံတိုက်စစ်

မန်ယူအသင်းရဲ့ တောင်ပံတိုက်စစ်မှာတော့ မားကတ်ရက်ရှ်ဖို့ဒ်နဲ့ မာဆင်ဂရင်းဝုဒ်တို့ ရှိနေတာဖြစ်ပါတယ်။ ဒါပေမယ့် မန်ယူအသင်းအတွက် ပရီမီယာလိဂ်ဖလားရရှိနိုင်ရေး စိန်ခေါ်မှုစတင်ဖို့အတွက်တော့ ကမ္ဘာ့အဆင့်ရှိ တိုက်စစ်မှူးတစ်ဦး ခေါ်ယူဖို့ လိုအပ်နေတယ်လို့ ဆိုးရှားက ပြောကြားခဲ့ပါတယ်။

တိုက်စစ်မှူး ရာအူးလ်ဂျေမီနက်ဇ်ဟာ ကစားသမားဘဝတစ်လျှောက်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ဘင်ဖီကာအသင်းတို့မှာလည်း ပါဝင်ကစားပေးခဲ့ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့အတူ ၂၁ ပွဲ မှာ သွင်းဂိုးတစ်ဂိုးနဲ့ ဘင်ဖီကာအသင်းနဲ့အတူ ပွဲ ၈၀ မှာ သွင်းဂိုး ၁၈ ဂိုး သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ မက္ကဆီကိုနိုင်ငံလက်ရွေးစင်အသင်းအတွက်တော့ ၈၂ ပွဲမှာ ၂၄ ဂိုး သွင်းယူ ပေးခဲ့တာလည်းဖြစ်ပါတယ်။ **ငွေကြယ်**






## AFC Cup ပြိုင်ပွဲတွင် ရန်ကုန်အသင်းပါဝင်သည့် အုပ်စု (F) အား ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၃၁**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၀ AFC Cup ပြိုင်ပွဲ အာဆီယံဇုန် အုပ်စုသုံးခုအနက် ရန်ကုန်အသင်းပါဝင်သည့် အုပ်စု (F)အား ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းပါဝင်သည့် အုပ်စု (H) အား အိမ်ရှင်နိုင်ငံ မရွေးချယ်သေးကြောင်း သိရသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် AFC Cup ပြိုင်ပွဲ အုပ်စုများအနက် အုပ်စုအချို့၏ အိမ်ရှင်နိုင်ငံများအား ဇူလိုင် ၃၀ ရက်က ထုတ်ပြန်ခဲ့ပြီး အာဆီယံဇုန် အုပ်စုသုံးခုအနက် အုပ်စု (F) နှင့် (G) ကို ဗီယက်နမ်နိုင်ငံ၌ ကျင်းပရန် ဆုံးဖြတ်ခဲ့ကာ အုပ်စု(H)သာ ရွေးချယ်ရန် ကျန်ရှိတော့သည်။ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်း ပါဝင်သည့် အုပ်စု (H) ပွဲစဉ်များကို အိမ်ရှင်နိုင်ငံ မရွေးချယ်ရသေးဘဲ ဩဂုတ်နောက်ဆုံးပတ်မှသာ ဆုံးဖြတ်ဖွယ်ရှိနေသည်။

ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်သည် အုပ်စု (F) ပွဲစဉ်များကို သောင်နတ်ကွင်း၊ အုပ်စု (G) ပွဲစဉ်များကို ကွမ်နင်ကမ်ဖကွင်းတို့၌ ကျင်းပမည်ဖြစ်သည်။

အာဆီယံဇုန် အုပ်စုသုံးခုအနက် အုပ်စု(F)တွင် ဟိုချီမင်းစီးတီး (ဗီယက်နမ်)၊ ရန်ကုန် (မြန်မာ)၊ ဟောင်အန်ယူနိုက်တက် (စင်ကာပူ)၊ လာအိုတိုယိုတာ (လာအို)၊ အုပ်စု (G) တွင် ဆီရက်စ် (ဖိလစ်ပိုင်)၊ ထန်ကွမ်နင် (ဗီယက်နမ်)၊ ဆာဗေ (ကမ္ဘောဒီးယား)၊ ဘာလီယူနိုက်တက် (အင်ဒိုနီးရှား)၊ အုပ်စု(H)တွင် ရှမ်းယူနိုက်တက် (မြန်မာ)၊ တမ်ပနိစ်ရီဗာ (စင်ကာပူ)၊ ကာယာ (ဖိလစ်ပိုင်)၊ မာကာဆာ (အင်ဒိုနီးရှား)တို့ ပါဝင်နေသည်။ ထို့ကြောင့် ရန်ကုန်အသင်းသည် ဒုတိယအကျော့ လက်ကျန်ပွဲများကို အဝေးကွင်း၌ သွားရောက်ကစားရမည်ဖြစ်ပြီး နောက်တစ်ဆင့်တက်ရန် အားကုန်ထုတ်ကစားရတော့မည်ဖြစ်သည်။ ပထမအကျော့ ပွဲစဉ်များအပြီးတွင် ရန်ကုန်အသင်းက သုံးပွဲကစား ခုနစ်မှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ **ရှိုင်းထက်ဇော်**

## အနုပညာ



## အမ်မီဆုပေးပွဲ ဆန်ခါတင်စာရင်းမှာ ပထမဆုံးအကြိမ် ပါဝင်ခွင့်ရခဲ့တဲ့ ဇန်ဒါယာ

ဟောလိဝုဒ် မင်းသမီးတစ်ဦးဖြစ်တဲ့ ဇန်ဒါယာဟာ သူ့ရဲ့ အနုပညာသက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ၂၀၂၀ ပြည့်နှစ် အမ်မီဆုပေးပွဲ ဆန်ခါတင်စာရင်းမှာ ပါဝင်ခွင့်ရခဲ့ကြောင်း ကော့စမိုပိုလီတန်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလို နိုင်ငံတကာ အနုပညာထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ အမ်မီဆုပေးပွဲရဲ့ ဆန်ခါတင်စာရင်းဝင်ခဲ့တာနဲ့ပတ်သက်ပြီး မင်းသမီးက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ သူ့ရဲ့ ခံစားချက်တွေကို ထုတ်ဖော်ရေးသားဖော်ပြခဲ့ပါတယ်။ ဇန်ဒါယာက ဆန်ခါတင်စာရင်းမှာ ပါဝင်ခွင့်ရခဲ့တာနဲ့ပတ်သက်ပြီး ပြောစရာစကား မရှိလောက်အောင် ဖြစ်ရကြောင်း သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာမှာ ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဇန်ဒါယာဟာ HBO က ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ရုပ်ရှင် Euphoria မှာ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ရူဘီဘန်းနက်အဖြစ်ပါဝင်ထားပြီး အဆိုပါဇာတ်လမ်းတွဲနဲ့ ဇန်ဒါယာဟာ အမျိုးသမီးဇာတ်ဆောင် ထူးချွန်ဆုအတွက် အမ်မီဆန်ခါတင်စာရင်း ဝင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။



## ပြည်ပဖျော်ဖြေပွဲတွေကို ရွှေ့ဆိုင်းလိုက်တဲ့ Stray Kids

တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ Stray Kids ဟာ ထိုင်းနဲ့ အင်ဒိုနီးရှားနိုင်ငံတို့မှာ ပြုလုပ်ဖို့ရာ စီစဉ်ထားတဲ့ ဖျော်ဖြေပွဲတွေကို လတ်တလောမှာ ရွှေ့ဆိုင်းလိုက်ကြောင်း အောလကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၃၀ ရက်မှာ အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအင်တာတိန်းမန့်က ဖျော်ဖြေပွဲတွေ ရွှေ့ဆိုင်းကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ အဖွဲ့ရဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေအနက် ဗန်ကောက်မှာ ဩဂုတ် ၆ ရက်မှာ ပြုလုပ်ဖို့ရာ စီစဉ်ထားတဲ့ပွဲနဲ့ ဂျကာတာမှာ ဩဂုတ် ၁၅ ရက်မှာ ပြုလုပ်ဖို့ရာ စီစဉ်ထားတဲ့ ဖျော်ဖြေပွဲတွေကို ရွှေ့ဆိုင်းလိုက်တာဖြစ်ပြီး ဒီလို ရွှေ့ဆိုင်းရတာကတော့ လတ်တလော ဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုတွေကြောင့်ဖြစ်ကြောင်းလည်း သိရပါတယ်။

## How You Like That နဲ့ နိုင်ပွဲတွေ ဆက်နေခဲ့တဲ့ BLACKPINK


တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACKPINK ဟာ မကြာသေးမီက ထုတ်လွှင့်ပေးခဲ့တဲ့ အဖွဲ့ရဲ့ တေးသီချင်းသစ်နဲ့ ရုပ်သံအစီအစဉ်တွေမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အကောင်းဆုံးဆုကို ဆက်တိုက်ရရှိနေပါတယ်။ လတ်တလောမှာလည်း အဆိုပါတေးသီချင်းကို ဖျော်ဖြေခဲ့ရာ အခြားသော ပြိုင်ပွဲဝင်တွေကို ကျော်လွန်ကာ ပထမဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

### ပထမဆုဆွတ်ခူး

ဇူလိုင် ၂၉ ရက်မှာ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ Show Champion မှာ အဆိုပါ တေးဂီတအဖွဲ့ဟာ How You Like That တေးသီချင်းနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အခြားသော ပြိုင်ပွဲဝင်တွေကို ကျော်ဖြတ်ကာ ပထမဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒီလို အောင်မြင်မှုရတာဟာ အဆိုပါတေးသီချင်းကို စတင်ထုတ်လွှင့်ခဲ့ပြီးနောက်ပိုင်း ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတွေအနက် ၁၂ ခုမြောက် ပထမဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

■

**အေးပြည့် - ရေးသားသည်**




သတင်းအရာရှိများနှင့်တွင် နယ်မြေလှည့်ကွက်ရှိသော "ရှိုင်ပြည်နယ်ခရီးစဉ်"

**ရခိုင်ပြည်နယ်ပဋိပက္ခနှင့်ပတ်သက်၍ အတွင်းကျကျသိလိုသူများအတွက်**

- အမေရိကန်နိုင်ငံသား Rick Heizman ကိုယ်တိုင် မြေပြင်ကွင်းဆင်းလေ့လာပြီး အထောက်အထားများစွာအပေါ် စနစ်တကျသုတေသနပြု လေ့လာဖော်ထုတ်ထားသည့်ဘာသာပြန်မှတ်တမ်းစာအုပ်ဖြစ်ပါသည်။
- စာမျက်နှာ (၄၄၂) မျက်နှာရှိ ကြီးသိစန့်ချုပ်။
- တန်ဖိုး ၁၆၀၀၀/-ကျပ်

**City Mart နှင့် စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူနိုင်ပါသည်။**

ဖြန့်ချိရေး - SunShine စာပေ၊ ဖုန်း - ၀၉ ၅၀၈၉၄၆၅၊ ၀၉ ၂၅၄၈၆၁၂၃၆။
ရန်ကုန်နယ်နိမိတ်အတွင်း ပို့ဆောင်ခ အခမဲ့ပို့ဆောင်ပေးပါသည်။


## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## (၈/၂၀၁၉-၂၀၂၀)ကြိမ်မြောက် စက်မှုကုန်ကြမ်းသစ်လုံး/ခွဲသား အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း **ကျွန်း/သစ်မာ သစ်လုံး/ခွဲသားများ တန်(၃၁၀၀၈)ခန့်**ကို မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းအား **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် Covid-19 ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ** ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(အထူး)အိတ်ဖွင့်တင်ဒါ - (၁၈/၁၉/၂၀-၈-၂၀၂၀)ရက်နေ့ နံနက်(၈:၀၀)နာရီမှစတင်မည်
- မန္တလေးတိုင်းဒေသကြီး/စစ်ကိုင်းတိုင်းဒေသကြီး(အရှေ့/အနောက်)/ပဲခူးတိုင်းဒေသကြီး/ မကွေးတိုင်းဒေသကြီး/ တနင်္သာရီတိုင်းဒေသကြီး/ ဧရာဝတီတိုင်းဒေသကြီး/ ကချင်ပြည်နယ်/ ရှမ်းပြည်နယ်(တောင်ပိုင်း/မြောက်ပိုင်း)နှင့် ကယားပြည်နယ်

၂။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း website ဖြစ်သော www.mte.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်းနံပါတ်-၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၄၀၇၀၃၇၁ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**


Cherry Oo Mid Year
**SALES**
UP TO 50% OFF
5 DAYS SPECIAL
July 31 to August 4
https://www.facebook.com/cherryoowatchgallery
https://www.instagram.com/cherryoowatchgallery
CONTACT :
09 730 222 48, 09 451 522 228



MAB
Better ways, better lives

အသေးစားနှင့်အလတ်စား
**လုပ်ငန်းသုံးချေးငွေ** SME LOAN

အတိုးနှုန်း **၅.၅%** မှစ၍ | ချေးငွေ အများဆုံး **သိန်း ၅,၀၀၀** အထိ

| ချေးငွေပုံစံ (၁) | ချေးငွေပုံစံ (၂) | ချေးငွေပုံစံ (၃) | ချေးငွေပုံစံ (၄) |
| --- | --- | --- | --- |
| SME-MAB Loan (Cash flow-based approach) | SME-KfW Loan (Cash flow-based approach) | SME-JICA Two Steps Loan (Collateral-based approach) | SME-JICA Emergency Loan |

ချေးငွေရယူနိုင်သော ရည်ရွယ်ချက်များ
လုပ်ငန်းလည်ပတ်ရန်ငွေ (Working Capital)
လုပ်ငန်းသုံးပစ္စည်းများဝယ်ရန်ငွေ (Fixed Investment)

MAB SME CENTER 1
MAB SME CENTER 2
MAB SME CENTER 3
MAB SME CENTER 4

CALL CENTER
01 861 0612

## ဆရာကြီး မင်းသိန်း
## (၁၂)နှစ်ပြည့် လွမ်းဆွတ်အမှူပေးဝေခြင်း

- ကျေးဇူးရှင်အစ်ကိုကြီး၊ ဆရာကြီး မင်းသိန်းအတွက်ရည်စူးပြီး
- (၁-၈-၂၀၂၀)ရက်တွင် ပဲခူးမြို့၊ ဆယ်မိုင်ကုန်း၊ ဓမ္မဒူတ တောရသာသနာ့ရိပ်သာ၊ ဓမ္မဒူတဗုဒ္ဓတက္ကသိုလ်၌လည်းကောင်း၊
- (၃-၈-၂၀၂၀)ရက် ဓမ္မစကြာအခါတော်နေ့၌ မှော်ဘီမြို့နယ်၊ ဘိုးဒေါနကုန်းကျေးရွာရှိ မဟာဝိဟာရဓမ္မဝိနယတက္ကသိုလ်၌ လည်းကောင်း၊
- ဝါဆိုသင်္ကန်းကပ်လှူပြီး သံဃာတော်အရှင်မြတ်များအား နေ့ဆွမ်းကပ်လှူသော ကုသိုလ်ကောင်းမှုကို အများဝေနေယျာ သာဓု ခေါ်ကြပါကုန်လော့။

ညီ – ဦးဝင်းဇော်၊ ညီမ – ဒေါ်သန်းနုအောင်
တူမ – အေးချမ်းမိုး

## (၂)နှစ်ပြည့် လွမ်းဆွတ်သတိရအမှူပေးဝေခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြင့်မြင့်စန်း(မော်လမြိုင်)
### (၁-၈-၂၀၁၈) – (၁-၈-၂၀၂၀)

ချစ်ဇနီး ဒေါ်မြင့်မြင့်စန်းသည် မိသားစုနှင့်ခွဲခွာသွားသည်မှာ (၂)နှစ်ပြည့်သွားပြီဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ သတိရတမ်းတအောက်မေ့လျက်ပါ။ ဒေါ်မြင့်မြင့်စန်းရဲ့ ဆန္ဒကိုဖြည့်တင်း၍ ဒေါ်မြင့်မြင့်စန်းကို ရည်စူးပြီး လှူဒါန်းထားသော အလှူဒါနများအားလည်းကောင်း၊ မိသားစုမှ လစဉ်ပြုလုပ်သော အလှူဒါနများနှင့် (၂)နှစ်ပြည့်အလှူဒါနများအားလည်းကောင်း၊ ဒေါ်မြင့်မြင့်စန်းအားကုသိုလ် အမျှ အမျှ အမျှ ပေးဝေပါ၏။ ဒေါ်မြင့်မြင့်စန်း မြင့်မြတ်သော ဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

ခင်ပွန်း – ဦးသန်းလွင်
သား – ဦးတင်စိုးလွင်မိသားစု
သမီး –ဒေါ်ခင်သီဂီလွင်မိသားစု

## မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အမှတ်(၄၁/ဃ)၊ တနင်္သာရီလမ်းမကြီး၊ အဏ္ဏဝါရပ်ကွက်၊ BOC ခါတ်ဆီဆိုင်ရှေ့၌ နေထိုင်သူ ဒေါ်သီတာစိမ်း (အဖ)ဦးကျို[၁၀/လမန(နိုင်)၀၁၇၆၅၁]နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးတင့်လွင်စိုး မှတ်ပုံတင်အမှတ်[၈/စလန(နိုင်)၁၂၀၇၂၆] ကိုင်ဆောင်သူ အမှတ်(၄၁/ဃ)၊ အောင်ရတနာခရီးသည်ပို့ဆောင်ရေးဂိတ်၊ BOCခါတ်ဆီဆိုင်ရှေ့၊ ရေခဲစက်ဝင်းဟောင်း၊ အဏ္ဏဝါရပ်ကွက်၊ တနင်္သာရီလမ်းမကြီး၊ ရေးမြို့နယ်၊ မွန်ပြည်နယ်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဤအများသိရှိစေရန်ကြေညာစာကို ကြေညာမှုပြုပါသည်။ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးတင့်လွင်စိုးသည် ဇနီးဖြစ်သူ ဒေါ်သီတာစိမ်း (အဖ)ဦးကျို[၁၀/လမန(နိုင်)၀၁၇၆၅၁]အပေါ် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်တရားရုံး၊ ဒုခရိုင်(၃)ရုံးတော်၌ ၂၀၂၀-ခုနှစ်၊ တရားမကြီးမှုအမှတ်(၃၁)ဖြင့် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှုနှင့် လင်မယားနှစ်ဦးပိုင်ပစ္စည်းများဖြစ်သည့် အောက်စာရင်းပါ ပစ္စည်းများအား ထက်ဝက်ခွဲဝေပေးစေလိုမှုဖြင့် စွဲဆိုမှုပြုထားပါသည်။

**ခွဲဝေမှုပြုပေးရန် စွဲဆိုထားသောပစ္စည်းများမှာ-(၁)**မွန်ပြည်နယ်၊ ရေမြို့နယ်ရှိ အမှတ်(၄၁/ဃ)၊ တနင်္သာရီလမ်းမကြီး၊ BOCခါတ်ဆီဆိုင်ရှေ့၊ ရေခဲစက်ဝင်းဟောင်း၊ အဏ္ဏဝါရပ်ကွက်ဟုခေါ်တွင်သော မြေကွက်နှင့်နေအိမ်၊ **(၂)** မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ရန်ကြီးအောင်ရပ်ကွက်၊ မြသီတာဈေး(အပြင်တန်း)အဆောင်အမှတ်-၉၉၊ ဆိုင်ခန်းအမှတ်(F-၇)ဟုခေါ်တွင်သော နှစ်ထပ်လူနေဆိုင်ခန်း။ **(၃)** မွန်ပြည်နယ်၊ ရေးမြို့နယ်၊ တူးမြောင်းကျေးရွာအုပ်စု၊ ကွင်းအမည်-ဝဲဘော်ကွင်း၊ ကွင်းအမှတ်(၁၁၂၃)၊ ဦးပိုင်အမှတ်(N-20)၊ ဧရိယာ(၁.၃၀) ကေအတွင်းမှ(၀.၀၅၅)ကေရှိ မြေကွက်တစ်ကွက်။ **(၄)** Townace Light Truck မော်တော်ယာဉ်အမှတ် - 8E/3740 မော်တော်ယာဉ်တစ်စီး။ **(၅)** Probox မော်တော်ယာဉ်အမှတ်- 3L/7900 မော်တော်ယာဉ်တစ်စီး။ **(၆)** လုပ်ငန်းသုံး သုံးဘီးဆိုင်ကယ်တစ်စီး။ **(၇)** အိမ်သုံးဆိုင်ကယ် PCX-150၊ မော်တော်ဆိုင်ကယ်အမှတ်-၃၂ယ၊ ၆၇၈၉၅တစ်စီးတို့ဖြစ်ပါသည်။ ယင်းအမှုအား ခရိုင်တရားရုံးတော်၌ လက်ခံမှုပြုခဲ့ပြီးနောက် တရားပြိုင်အနေဖြင့် ချေပလွှာတင်သွင်းရန် အဆင့်သို့ ရောက်ရှိပြီးဖြစ်ပါသည်။ ယခုအမှုအား ရုံးတော်၌ တရားစွဲဆိုနေစဉ်ကာလအတွင်း၌ ဒေါ်သီတာစိမ်းအနေဖြင့် အထက်ပါပစ္စည်းစာရင်း အမှတ်စဉ်(၂)ဖြစ်သည့် မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ရန်ကြီးအောင်ရပ်ကွက်၊ မြသီတာဈေး (အပြင်တန်း) အဆောင်အမှတ်-၉၉၊ ဆိုင်ခန်းအမှတ်(F-၇)ခေါ်တွင်သော နှစ်ထပ်လူနေဆိုင်ခန်းအား အခြားပုဂ္ဂိုလ်တစ်စုံတစ်ဦးသို့ ရောင်းချထားခြင်းအပြင် အမှတ်စဉ်(၅) Probox မော်တော်ယာဉ်အမှတ်- 3L/7900 မော်တော်ယာဉ်တစ်စီးအားလည်း အခြားပုဂ္ဂိုလ်တစ်စုံတစ်ဦးသို့ ရောင်းချထားပြီးဖြစ်ကြောင်းနှင့် အမှတ်စဉ်(၇) အိမ်သုံးဆိုင်ကယ် PCX-150၊ မော်တော်ဆိုင်ကယ်အမှတ်-၃၂ယ၊ ၆၇၈၉၅တစ်စီးအား အခြားပုဂ္ဂိုလ်တစ်စုံတစ်ဦးသို့ ပေါင်နှံထားကြောင်း စုံစမ်းသိရှိရပါသည်။ ယခုကဲ့သို့ ဆောင်ရွက်မှုများသည် ဒေါ်သီတာစိမ်းအနေဖြင့် လင်မယားနှစ်ဦးပိုင်ပစ္စည်းများအား မိမိတစ်ဦးတည်း၏ သဘောဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်းများဖြစ်သည့်အတွက် ဥပဒေအရ လုပ်ပိုင်ခွင့်မရှိသော ပြုလုပ်မှုများကို ပြုလုပ်ခဲ့ကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။ ဒေါ်သီတာစိမ်းအနေဖြင့် မိမိဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ တရားဝင်ဖြေရှင်းမှုပြုပေးပါရန်နှင့် ကျန်ရှိသည့် အခြားပစ္စည်းများကိုလည်း ထပ်မံရောင်းချ၊ ပေါင်နှံခြင်း မပြုပါရန် အကြောင်းကြားသိစေအပ်ပါသည်။ ဒေါ်သီတာစိမ်းထံမှ အထက်ပါပစ္စည်းများအား ဝယ်ယူအပေါင်ခံထားသူများအနေဖြင့်လည်း ဥပဒေအရ တရားမဝင် ဆောင်ရွက်မှုများဖြစ်သည့်အတွက် ကျွန်ုပ်အမှုသည်အား တရားဝင်ဖြေရှင်းမှုပြုပေးပါရန် အကြောင်းကြားသိစေအပ်ပါသည်။ အထက်ပါပစ္စည်းများအား ဝယ်ယူသူများအနေဖြင့် တရားဝင်ဖြေရှင်းမှုမပြုခဲ့ပါက ကျွန်ုပ်၏မိတ်ဆွေက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်သီတာစိမ်းနှင့် အများသိရှိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးတင့်လွင်စိုး**
**[၈/စလန(နိုင်)၁၂၀၇၂၆]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးဟန် B.A(Law),LL.B,D.B.L,D.M.L,D.I.L**
**တရားလွှတ်တော်ချုပ်ရှေ့နေ(စဉ်-၄၅၄၆/၈၈)**
**တိုက်အမှတ်(၈၃/၁၂)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၅၃၂၉၃**

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## ဆရာကြီးဒေါက်တာမင်းသိန်း

ပညာရှိတဲ့ မြတ်ဆရာ
ပိဋကတ် မှာ မောက်လို့ရှာ
ဗေဒင် ကြောင်းနဲ့ ပေါင်းလိုက်ပါ။
ထွက်ရပ်ပေါက်မှာ မလွဲ သေချာ . . .

ဆရာကြီးမင်းသိန်း၏ ၂၀၂၀ ပြည့်နှစ်၊ (၁၂)နှစ်ပြည့် အမှတ်တရ
**မောင်မောင်မြင့်အေး+ဒေါက်တာစောယုနွယ် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ညွန့်ညွန့် (ကျောင်းကုန်းမြို့) အသက်(၈၅)နှစ်

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်-ဒေါက်တာချိုချိုလွင် (သန်လျင်ဆေးရုံအုပ်ကြီး)တို့၏ ကျေးဇူးရှင်မိခင်ကြီးသည် ၃၀-၇-၂၀၂၀ ရက် ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးဦးကိုကိုဦးနှင့် ဇနီး**
**လက်ထောက်ညွှန်ကြားရေးမှူး၊ ပဲခူးခရိုင်နှင့် ဝန်ထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ညွန့်ညွန့် (ကျောင်းကုန်းမြို့) အသက်(၈၅)နှစ်

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး (အရှေ့)၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်-ဒေါက်တာချိုချိုလွင် (သန်လျင်ဆေးရုံအုပ်ကြီး)တို့၏ ကျေးဇူးရှင်မိခင်ကြီးသည် ၃၀-၇-၂၀၂၀ ရက် ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တောင်ငူမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၈)၊ ဗိုလ်ဖိုးစောလမ်း၊ အမှတ် (၉၅၅)၊ အကျယ်အဝန်း ပေ(၄၄x၆၀)ရှိ ဦးဇော်လင်း[၁၂/ဗဟန(နိုင်)၀၄၂၁၅၅]အမည်ပေါက် ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချခွင့်ရှိသူ ဦးအောင်မင်း[၁၂/ဥကတ(နိုင်)၁၈၇၂၂၂]နှင့် ဒေါ်ခင်စန်း[၉/ပဘန(နိုင်)၁၁၁၀၁၆]တို့ထံမှ ကျွန်မ ဒေါ်မေစုမွန်[၁၂/ကမတ(နိုင်)၀၅၂၁၁၆]မှ ဝယ်ယူရန် စရန်ငွေ၏တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေစုမွန်[၁၂/ကမတ(နိုင်)၀၅၂၁၁၆]**
**Ph:09-5191973**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာဝင်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့် တိုက်အမှတ်(ဘီ-၅)၊ အခန်းအမှတ်(၉၀၃)၊ Type (B1a), Area(၉၃၇)Sqftရှိတိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါက်တာခက်နိုင်[၁၂/သဃက(နိုင်)၁၄၈၁၀၅]နှင့် ဒေါက်တာသန္တာဦး[၁၂/သလန(နိုင်)၀၇၇၆၅၇]တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်အေး[၁၂/လမတ(နိုင်)၀၂၂၂၀၅]**
**ဖုန်း-၀၉-၅၀၁၃၇၉၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## လက်ပံတန်းမြို့နယ်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၁၂၂

| | | |
|---|---|---|
| ဒေါ်ရည်မွန်ကျော် | နှင့် | ၁။ ဦးမောင်ငွေ |
| | | ၂။ ဒေါ်ခင်မြ |
| | | ၃။ ဒေါ်သီဂီအောင် |
| **တရားလို** | | **တရားပြိုင်များ** |

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ မင်းရပ်-ရပ်ကွက်၊ ရွှေတောင်ကျောင်းကွက်သစ်၊ လမ်းသွယ် (၃)၊ အမှတ်(၁၁)နေ အမှတ်(၁)တရားပြိုင် ဦးမောင်ငွေနှင့် အမှတ်(၂) တရားပြိုင် ဒေါ်ခင်မြ(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ ၁၀ ရက် (၁၃၈၂ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်)၊ မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူများ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့် မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ခုနှစ်၊ ဇူလိုင်လ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေး လိုက်သည်။

**(ဝင့်ဝါထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**လက်ပံတန်းမြို့နယ်တရားရုံး**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သန်းစီ
## အသက်(၈၃)နှစ်

(ဦးပါ)၊ (ဦးချစ်လှ-ဒေါ်လှကြည်)တို့၏ သမီး၊ (ဦးထူးကဲ-ဒေါ်သန်းခင်)တို့၏ သမီးချွေးမ၊ (ဦးစိုးသိမ်း)၏ ချစ်လှစွာသောဇနီး၊ (ဦးသန်းဆိုင်)-ဒေါ်အေးရီတို့၏ ညီမ၊ (ဦးသန်းတန်-ဒေါ်ခင်ကြည်)တို့၏ တူမ၊ (ဦးအေးသိန်း)-ဒေါ်မြင့်မြင့်စိန်၊ ဦးညီညီချစ်လှ၊ (ဦးထွေးကြည်)-ဒေါ်ခင်သီတာ၊ (ဦးသော်တာချစ်လှ)-ဒေါ်ကြူကြူဇင်၊ (ဒေါ်နွဲ့နွဲ့ဝင်း)၊ (ဦးဘိုဘို)၊ ဦးချစ်ချစ်တို့၏ အစ်မကြီး၊ တူ/တူမ ၁၃ ယောက်တို့၏ အဒေါ်၊ ဦးအောင်နိုင်စိုး@ချစ်စရာ-ဒေါ်ခင်စိုးသူတို့၏ ချစ်လှစွာသော မွေးသမိခင်၊ ဦးအေးအောင်သူရ (Muni Myanmar)-ဒေါ်ဝင့်ဝါကျော် (Muni Myanmar)၊ ဒုဗိုလ်မှူးကြီးညွန့်ဇော်ထွေး-ဒေါ်ပွင့်ဟေမာစိုး၊ ဗိုလ်မှူးချမ်းသာစိုး(ငြိမ်း) (M.E.C)-ဒေါ်ဝင့်ဟေမာစိုး (Wut Mhone Phuu Fashion)တို့၏ ချစ်လှစွာသော အဘွား၊ မောင်ဟန်ထွဋ်ခေါင်၊ မောင်သူ့ခေတ်အောင်တို့၏ ဘွားဘွားကြီးသည် ၃၁-၇-၂၀၂၀ ရက် နံနက် ၃:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (တိုက်-၅၆၊ အခန်း-၁၂၊ ဖဆပလ နေအိမ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်မြင့် (ခ) မိုရင်းခင်မြင့်
## အသက် (၇၆) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာယာဝတီလမ်း၊ ဆရာစံရပ်ကွက်၊ ခြံအမှတ် (၄၄က/၁)နေ (ဦးဖေမြင့်-ဒေါ်ခင်သောင်း)တို့၏ သမီးကြီး၊ ဦးစိုးအောင်(Exမြို့နယ်အားကစားအရာရှိ)-ဒေါ်သီသီသိုက်(Director Superior Succession Import & Export Co.,Ltd)၊ ဦးမင်းကိုကို (Technology & Investment) – ဒေါ်တင်တင်သိုက်တို့၏မိခင်၊ ကိုလင်းသိုက်ညွန့်(CEO & Founder Myanmar's Land Institute)၊ မောင်ဝေယံမင်းကိုကို(Bukit Panjang High School Singapore) တို့၏အဘွားသည် ၃၁-၇-၂၀၂၀ (သောကြာနေ့) နံနက် ၆:၂၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂-၈-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၆-၈-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မထက်ထက်ထွန်း
### အထွေထွေအုပ်ချုပ်ရေးမှူးရုံး (ရန်ကင်းမြို့နယ်)
## အသက်(၃၀)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းအိမ်ရာနေ (ဦးအေးထွန်း)-ဒေါ်သန်းသန်းကြည်တို့၏ သမီး၊ ဗိုလ်မှူးကြီး မြင့်အောင်(ငြိမ်း) (ဒု-ညွှန်ချုပ်၊ထွေ/အုပ်-ငြိမ်း)-ဒေါ်စန်းစန်းဝင်းတို့၏ တူမ သမီး၊ မခင်အေးမော် (ထွေ/အုပ်၊ တောင်ဥက္ကလာပ)၏ ညီမ၊ မရည်မွန်ထွန်း (စန်းမြတ်ထွန်းဆောက်လုပ်ရေးကုမ္ပဏီ)၏ အစ်မသည် ၃၀-၇-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၄:၅၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၂၀ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမောင်မောင်[၁၂/သကတ(နိုင်)၁၂၄၉၆၃] ကိုင်ဆောင်သူ၊ အမှတ်(၄၃၀)၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ (၈) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေသူ၏လွှဲအပ်ညွှန်ကြားချက်အရ ကြေငြာပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ နှင်းဆီကုန်းလမ်းမကြီး၊ အမှတ်(၂၉)၊ (၄)လွှာ(B)နှင့် (၅)လွှာ၊ (B)၊ (၁၃ပေ x ၅၄ ပေ) အကျယ်အဝန်းရှိ တိုက်ခန်း(၂)ခန်းမှာ ကျွန်ုပ်တို့ မိတ်ဆွေတစ်ဦးတည်း ပိုင်ဆိုင်ပြီး မည်သူတစ်ဦးတစ်ယောက်မျှ ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း ပြုလုပ်ခွင့်မရှိကြောင်း ကြေငြာပါသည်။ အကယ်၍ လိုက်နာခြင်းမရှိဘဲ ကျွန်ုပ်တို့မိတ်ဆွေ၏ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ဆောင်ရွက်ပါက ပြုလုပ်သူများ၏ တာဝန်သာ ဖြစ်ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်နီတာလွင်** | **ဒေါ်ခင်စန္ဒာဝင်း** |
| **စဉ်-၁၂၀၀၇** | **စဉ်-၄၆၈၄၃** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၈-၃၇၇၄၀၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ်-၆၃၉၊ ဇေယျာသုခလမ်း၊ ဒေါ်လီမွှေး(AA/၁၀၀၀၉၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေ၊ မြေအကျယ်အဝန်း ပေ(၄၃x၆၂)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းခြမ်း ပေ(၂၀x၆၂)မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား ယခု ရောင်းချခွင့်ရှိသူ ဦးထွန်းဟန်[၁၂/သဃက(နိုင်)၀၈၀၆၂၆]ထံမှ ကျွန်တော် ဦးစောစိုးနိုင်ဦး[၃/ဘအန(နိုင်)၂၂၅၇၄၀]နှင့် ကျွန်မ ဒေါ်ယုယမျိုးသက် [၃/ဘအန(နိုင်)၂၃၅၆၂၅]တို့က မြေဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်မူရင်းများဖြင့် ကျွန်တော်/ကျွန်မတို့ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောစိုးနိုင်ဦး+ဒေါ်ယုယမျိုးသက်**
**[၃/ဘအန(နိုင်)၂၂၅၇၄၀]၊ [၃/ဘအန(နိုင်)၂၃၅၆၂၅]**
**Ph:-09-253532968**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စိန်ညွန့် (ခ) လင်စွမ်ဟုန် (မော်လမြိုင်)
## အသက် (၉၄) နှစ်

သူငယ်ချင်း ဒေါက်တာအောင်ဇော်ဝင်း၏မိခင်ဖြစ်သူ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူငယ်ချင်းများ**
**1983 Batch M.B.,B.S IM–II**

## ဝမ်းနည်းကြေကွဲခြင်း

တပ်မတော်အငြိမ်းစားဝန်ထမ်းအိမ်ရာ(မှော်ဘီ)နေ ဒေါ်ခင်ခင်ဌေး(ခ) အန်တီခင်၏ ချစ်လှစွာသော ခင်ပွန်း၊ လေ/၁၅၇၈၄ အရာခံဗိုလ်တင်ဝင်း(ခ)ဦးဗူးသီး တပ်မတော်လေ(ငြိမ်း)ငွေစာရင်းဌာန အသက်(၆၉)နှစ်သည် အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ၃၁-၇-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လထခ၊ ငွေစာရင်းဌာန မိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး
## ဦးကိုကို (ခ) ဦးမောင်ကို (မန္တလေး)
**(မလွန်ဆန်လှူအသင်း အမှုဆောင်လူကြီး–မန္တလေး)**
## အသက် (၈၄) နှစ်

မန္တလေးမြို့၊ (၈၅) လမ်း၊ မလွန်ရပ်၊ ဗမာသစ် ပဲခွဲစက်ပိုင်ရှင် [ဦးလှမောင် (ဥက္ကဋ္ဌ၊ မလွန်ဆန်လှူ)–ဆရာမကြီး ဒေါ်စေမှီ]တို့၏သား၊ [ဦးအောင်ချမ်း(အထက်တန်းရှေ့နေ)]–ဒေါ်စန်းစန်း(ပင်မကိုယ်ပိုင်ကျောင်း၊ မန္တလေး)၏ ချစ်လှစွာသောအစ်ကိုကြီး၊ Dr.မြသန်း–Dr. စန္ဒာအောင်၊ Dr. ထင်လင်းဦး–ဒေါ်သူဇာအောင်(ပင်မကိုယ်ပိုင်ကျောင်း၊ မန္တလေးမြို့)၊ ဗိုလ်မှူးကြီးသိန်းတိုး–Dr. နီနီအောင်(ခုတင်–၃၀၀၊ သင်ကြားရေးဆေးရုံ၊ မန္တလေးမြို့)တို့၏ဦးကြီး၊ ဒေါ်နွယ်နွယ်အေး၊ ဦးဇော်ဝင်းကို–ဒေါ်မာမာတင့်၊ ဦးသူရိန်ငြိမ်း–ဒေါ်သီတာကို၊ ဦးညီညီကို–ဒေါ်မြတ်ခန့်ကြွယ်တို့၏ဖခင်၊ မြေး ၁၁ ယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သုခမိန်လမ်း၊ အမှတ်(၂၁)နေ ဒေါ်တင်တင်မာ၏ချစ်လှစွာသော ခင်ပွန်း ဦးကိုကို (မလွန်ဆန်လှူအသင်း အမှုဆောင်လူကြီး–မန္တလေး)သည် ၃၁-၇-၂၀၂၀ (သောကြာနေ့) နံနက် ၁:၄၅ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးမြင့် (ကျိုက်လတ်မြို့)
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ (၉၁)(ပ)ထပ်၊ မင်္ဂလာလမ်း၊ စမ်းချောင်း(မြောက်)မြို့နယ်နေ ဦးတင်ဝင်းအောင် (မြန်မာ့လေကြောင်း)၏ ဇနီး၊ မြတ်သန္တာဝင်း၊ အိသဇ္ဇာဝင်း (WAKAYAMA–JPN)၊ တင်မင်းဝင်းတို့၏ ချစ်လှစွာသော မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၃၁-၇-၂၀၂၀ ရက် နံနက် ၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၂-၈-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်းဦး
## အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီး(အရှေ့)ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၆၅)မြေညီနေ (ဦးမောင်မောင်ခင်–ဒေါ်စန်းစန်း)၏ သမီးကြီး၊ (ဦးဟန်စိန်)၏ ဇနီး၊ ကိုမျိုးမင်းအောင်–မပပ၊ (ကိုမျိုးဇော်လင်း)တို့၏ မိခင်၊ မောင်ပိုင်ဇေဟိန်း၊ မောင်ညီမင်းလွင်တို့၏ အဘွား၊ ဦးတင်ဝင်း–ဒေါ်ခင်စန်းရီ (အလယ်တန်းပြ–ငြိမ်း) (အထက–၁၊ ကြည့်)၊ ဦးအောင်မြင့် – ဒေါ်ခင်စန်းမြင့် (မြန်မာ့အမျိုးသားလေကြောင်းလိုင်း၊ လှိုင်ကော်မြို့)၊ ဒေါ်ခင်စန်းအေး (တင်ဝင်းထွန်းကုမ္ပဏီ)၊ ဦးထွန်းထွန်းအောင် (Executive Director) (Asia General Holding Co.,Ltd)–ဒေါ်ခင်စန်းဝင်း (လက်ထောက်မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)၏ အစ်မကြီး၊ မောင်စိုပြေအောင် (Peace Myanmar Electric Holding Co.,Ltd.)–ဒေါက်တာခိုင်မာလာညွန့်၊ မသီရိတင်တို့၏ ကြီးကြီးသည် ၃၀-၇-၂၀၂၀ ရက် ညနေ ၃:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၂၀ ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုပြည့်ဖြိုးအောင်(တာတူး)
## အသက်(၃၅)နှစ်
**Bernhard Schulte Shipmanagement**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၇)လမ်း၊ တိုက်အမှတ်(၂၆)၊ သုံးလွှာ(B)နေ ဦးခင်အောင်–ဒေါ်နွဲ့နွဲ့အေးတို့၏ သားငယ်၊ ကိုညာဏ်ဖြိုးသူ–မခင်ခင်သူတို့၏ မောင်၊ မဇင်ဇင်သက်၊ မောင်ဇေလင်းထက်တို့၏ ဦးလေး၊ ဦးမြင့်မောင်–ဒေါ်မြင့်မြင့်တို့၏ သားသမက်၊ မခင်မေသူ၏ ချစ်လှစွာသောခင်ပွန်းသည် ၃၀-၇-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁:၃၀ နာရီတွင် Douala General Hospital (Cameroon)၌ ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၂၀ (ဗုဒ္ဓဟူးနေ့) တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းများအား အသိပေး အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမ
မဟာသဓမ္မဇောတိကဓဇ
## ကမ္ဘာလှည့် ဒေါ်တင်တင်စိန် (ဆရာလေး ဒေါ်ဓမ္မနန္ဒ)
## အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ (ဦးစကင်းနား–ဒေါ်လှမေ)တို့၏သမီး၊ (ပြည်ဦးမြင့်–ဒေါ်ဒွန်း)တို့၏သမီးချွေးမ၊ (သစ်တောမင်းကြီး ဦးဘတုတ်)၏ဇနီး၊ [ဦးပြည်သိန်း(ပထဝီဝင်ဌာန)]–ဒေါ်မော်လီလှိုင်၊ ဒေါ်ချယ်ရီအောင်တို့၏အစ်မ၊ ဒေါက်တာကျော်လွင်–ဒေါ်လင်းသန္တာ၊ ဦးသန်းရွှေ–ဒေါ်လှလှတုပ်၊ (ဦးရိုးမကျော်)–ဒေါ်သန်းသန်း၊ ဦးရဲထွန်းအောင် (ခ) ဦးရဲတုပ်–ဒေါ်တင်တင်နွဲ့တို့၏မိခင်၊ ဦးစံသာအောင်–ဒေါ်ပြည့်ပြည့်သန့်၊ ဦးအောင်ဖြိုး–ဒေါက်တာစုစုယဉ်၊ ဦးမင်းကို၊ ဦးအောင်ကျော်ဇင်–ဒေါ်ခင်မျိုးထက်နွယ်၊ ဦးဇင်ထွန်း–ဒေါ်ရွှေဇင်ဝင်း၊ ဦးဇော်ဇော်အောင်–ဒေါ်မြင့်မြတ်ခိုင်၊ ဒေါက်တာဇင်ကိုကိုတို့၏အဘွား၊ မြစ် ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၉-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၈:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သူ၏ဆန္ဒအတိုင်း ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ရန်ကုန်ဆေးတက္ကသိုလ်သို့ လှူဒါန်းပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ လှိုင်မြို့နယ်၊ (၉) ရပ်ကွက်၊ အင်းစိန်လမ်းမ၊ အမှတ်(၆၉–A2)၊ အခန်း(၁၄)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်မောင်အောင်ဝင်း (ဂျင်မီချစ်)
## အသက်(၇၃)နှစ်
**C/E Mercantile 3rd Batch**

ရန်ကုန်မြို့နေ (ဦးမောင်မောင်ချစ်–ဒေါ်စိန်ရီ)တို့၏ သား၊ ဦးအောင်နွယ်–(ဒေါ်မြမြချစ်)တို့၏ မောင်၊ (ဦးရွှေမောင်သန်း)–ဒေါ်ဆွေဆွေချစ်၊ ဦးသန်းဝင်း–ဒေါ်စန်းစန်းနွဲ့၊ ဦးဟန်ဝင်း–ဒေါ်စန်းစန်းမြင့်၊ ဦးဇော်မင်း–(ဒေါ်ဇင်မာချစ်)၊ ဦးလှိုင်ဝင်း–ဒေါ်မြသီတာဝင်းတို့၏ အစ်ကိုသည် ၃၀-၇-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၂၀ (စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်မောင်အောင်ဝင်း (ဂျင်မီချစ်)
**C/E Mercantile 3rd Batch**
## အသက် (၇၃) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅) ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၀၀၂)နေ (ဦးမောင်မောင်ချစ်–ဒေါ်စိန်ရီ)တို့၏သား၊ ဒေါက်တာကိုကိုအောင်–ဒေါ်အေးအေးမွန်၊ ဗိုလ်မှူးပြည့်ဖြိုးကျော်–ဒေါ်ကေဇင်အောင်၊ ဒေါက်တာကျော်စွာလင်း–ဒေါက်တာချိုဇင်အောင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်၊ မခိုင်ရှင်းသန့်၊ မကြည်ဖြူရှင်းသန့်တို့၏ အဘိုးသည် ၃၀-၇-၂၀၂၀ ရက် ည ၈:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၂၀ (စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၂၀ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သူဇာမင်း (M.Sc Engineering Physics)
## အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ် (၂)ရပ်ကွက်၊ ၈ လမ်း၊ အမှတ်(၅၃/က)နေ ဦးသန်းလွင် (မြင့်သူရ)စွယ်စုံစီဒီယာဂရ(ပ်) အကြံပေးအယ်ဒီတာ (ငြိမ်း)–ဒေါ်မြမြဝင်းတို့၏သမီး၊ ဦးစိန်ဌေး–ဒေါ်စန်းကြည်တို့၏သမီးချွေးမ၊ ဦးဌေးမြင့်–ဒေါ်ယဉ်အေးမင်း၊ စင်ကာပူနိုင်ငံနေ ဦးအောင်လွင်ငြိမ်း–ဒေါ်ခင်မိုးလွင်၊ ဦးဝင်းဇော်မျိုး–ဒေါ်နွဲ့ယဉ်မင်းတို့၏ညီမ၊ ဦးကျော်လင်းဦး(BOSUN Multi Gate Co.,Ltd)၏ဇနီး၊ မချယ်ရီလွင်ငြိမ်း၊ မောင်သုတညာဏ်၊ မောင်သုရအောင်တို့၏အဒေါ်သည် ၃၀-၇-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

(ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)နံနက်၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

**ကျန်ရစ်သူမိသားစု**

## ဦးကိုကိုအောင် (Cafe's Dibar)
## အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း၊ အမှတ်(၂၆)နေ (ဦးမောင်စိန်)–ဒေါ်ရင်ရင်မြတို့၏သား၊ ဒေါ်လှလှခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ ဆုမြတ်မောင်၏ ကျေးဇူးရှင်ဖခင် ဦးကိုကိုအောင်သည် ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) ည ၈ နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သောင် (ရွှေကူ/ဗန်းမော်)
## အသက်(၉၂)နှစ်

ရွှေကူမြို့နေ (ဦးလှဘော်–ဒေါ်အေးမှီ)တို့၏ သမီး၊ (ဦးဉာဏ်၊ဒေါ်ရှင်)တို့၏ သမီးချွေးမ၊ [ဦးဘမောင် (ဗန်းမော်ပြည်သူ့ကောင်စီအတွင်းရေးမှူး–ငြိမ်း)]၏ ဇနီး၊ [(ဦးဖေအောင်)–(ဒေါ်မြလေးသိန်း)–ဒေါ်ခင်နွဲ့မူ]၊ (ဒေါ်တင်တင်အုန်း–ပါမောက္ခဒေါက်တာအောင်ကျော်)၊ ဒေါ်မြသိန်း(စာရင်းစစ်ချုပ်ရုံး–ငြိမ်း)–(ဦးမြင့်ဆွေ)တို့၏ ညီမ/အစ်မ၊ ဒေါက်တာဝင်းမြင့်–ဒေါ်မြင့်မြင့်ရီ၊ ဒေါ်နွယ်နွယ်အေး–Capt.မြတ်ထွဋ်၊ ဒေါ်မြတ်မြတ်လေး (ဒုတိုင်းဒေသကြီး ဥပဒေအရာရှိ–ငြိမ်း)–ဒုမှူးကြီးအောင်ကြီး(ငြိမ်း)၊ Capt. အောင်ထွန်း(UNITEAM)–ဒေါ်တင်တင်အေး၊ ဦးသက်မော်(ခ)အောင်သူရ–ဒေါ်မို့မို့လွင်တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ (မမြတ်ဒါလီနွယ်)၊ ဦးကျော်စိုးမိုးထွန်း–ဒေါ်ခိုင်မျိုး၊ ဒေါက်တာခိုင်ဇေအောင်–ဒေါက်တာနေမင်းခန့်၊ ဒေါက်တာဆောင်းဒီပါနွယ်–ဦးစိုးမင်းသူ၊ ဦးသင့်မြတ်အောင်၊ ဦးမျိုးသက်ပိုင်၊ မမြတ်နိုးအောင်–မောင်သိန်းမင်းစိုး၊ ဒေါက်တာနှင်းအဥ္ဇလီ၊ မောင်စွမ်းရည်ထက်၊ မမေသူသူခန့်၊ မဆုလဲ့ဝတီနွယ်၊ မမြတ်နိုးသက်တို့၏ ချစ်လှစွာသော အဘွား၊ မသံသာသူ(ခ)သိရီဒီပါမင်း၊ မဝင့်ကေရီအောင်တို့၏ ဘွားဘွားကြီးသည် ၂၉-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၈:၂၀ နာရီတွင် သုခကမ္ဘာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၂၀ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ကမာရွတ်မြို့နယ်၊ အောင်မြေသာစည်အိမ်ရာ တိုက်အမှတ်(၁၄)၊ အခန်း(၂၀၃) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညွန့်ညွန့် (ကျောင်းကုန်း)
## အသက် (၈၅) နှစ်

သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ အထွေထွေရောဂါကုဆေးရုံကြီးဝင်းနေ (ဦးဘအို–ဒေါ်မြရင်)တို့၏သမီး၊ (ဦးမင်းညွန့်)၏ဇနီး၊ ဦးကျော်ကျော်အောင်(ဒုတိယညွှန်ကြားရေးမှူး–ပဲခူးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)–ဒေါက်တာဒေါ်ချိုချိုလွင်(ဆေးရုံအုပ်ကြီး–သန်လျင်အထွေထွေရောဂါကုဆေးရုံကြီး)၊ ကျောင်းကုန်းမြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဦးဇော်ဌေး–ဒေါ်အေးအေးမူ(သီးနှံပွဲရုံ)တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မပြုံးမို့မို့ဇော်၊ မပြုံးမို့မို့ကျော်တို့၏ ချစ်လှစွာသော အဘွားသည် ၃၀-၇-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

## ဦးကျော်ဝင်း(ခ) Aung Bee Kaung
## အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၃)၊ ဗိုလ်ရွဲလမ်းနေ ဒေါ်ခင်အေး(ခ)Kyo Thi ၏ ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးအောင်အောင်မိုး–ဒေါ်အိကေခိုင်၊ USA နေ Dr.မင်းမင်းဇော်–ဦးညီညီထွန်း(ခ)Ar Ti၊ စင်ကာပူနေ ဦးသူရိန်ထွန်း–Ms.Goh Yan Bee တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသဖခင်၊ Selene Zheng Li Yuan ၏ ချစ်လှစွာသော အဘိုး ဦးကျော်ဝင်း(ခ) Aung Bee Kaung သည် ၃၁-၇-၂၀၂၀ (သောကြာနေ့) စင်ကာပူဒေသစံတော်ချိန် နံနက် ၅:၃၅ နာရီတွင် Khoo Teck Puathospital Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၀ (တနင်္ဂနွေနေ့)တွင် စင်ကာပူနိုင်ငံ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမျိုးသန့် (မြောက်ဒဂုံမြို့နယ်)
## အသက် (၄၉) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၅) ရပ်ကွက်၊ မြေတိုင်းလမ်း၊ အမှတ်(၁၂၀)နေ (ဦးစောဝင်း–ဒေါ်မြမြခင်)တို့၏သားလတ်၊ ဦးသက်ဆွေ–ဒေါ်နုနုဝင်း၊ ဦးမောင်ထွန်း–ဒေါ်ခင်ဆွေဝင်း၊ ဒေါ်မိမိခိုင်၊ ဒေါ်ခင်ဝင်းလှိုင်တို့၏ညီ/မောင်၊ ဦးထွန်းလှ–ဒေါ်မေမြတ်မွန်တို့၏အစ်ကို၊ တူ/တူမ ခုနစ်ယောက်တို့၏ဦးလေး၊ ကြေးတိုင်လမ်း၊ အမှတ်(၁၂၉)၊ (၄၅) ရပ်ကွက်နေ ဒေါ်မြင့်ပြုံးစံ၏ခင်ပွန်း၊ မောင်ဝင်းထွဋ်ဦး၏ချစ်လှစွာသော ဖခင်၊ ဦးတင်ဟန်–(ဒေါ်တင်ဝေ)တို့၏သားသမက် ဦးမျိုးသန့်သည် ၃၁-၇-၂၀၂၀ ရက် နံနက် ၆:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၂၀ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်လိပ်စာသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အနိစ္စ

## သင့်သွေးဖြင့် အသက်ကယ်ပါ

အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ရွှေ (ညွှန်ကြားရေးမှူး–ငြိမ်း)
**စာရင်းစစ်ချုပ်ရုံး**
## အသက်(၈၆)နှစ်

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)၏ အလုပ်အမှုဆောင် ဒေါ်ဝင်းဝင်းရွှေ၏ ဖခင် ဦးတင်ရွှေသည် ၂၉-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)**

# ချောင်းဆုံမြို့နယ်၌ မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာထားရှိမှု ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ကွင်းဆင်းကြည့်ရှု



**ချောင်းဆုံ ဇူလိုင် ၃၁**

၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာအသီးသီးတွင် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာမှုအခြေအနေကို မွန်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အတွင်းရေးမှူး ဦးဟိဏ်းလင်းထက်တို့က ယနေ့ မွန်းလွဲပိုင်းတွင် ချောင်းဆုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ရောက်ရှိပြီး မဲဆန္ဒရှင်များစာရင်းကပ်ထားမှုအခြေအနေများနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့သည်။

**အသိပေးနှိုးဆော်**

ထို့နောက် ပြည်နယ်၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် ချောင်းဆုံအနောက်ရပ်ကွက်၊ ရွာလွတ်ကျေးရွာ၊ ကမာမိုကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်ကာ မဲဆန္ဒရှင်အမည်စာရင်းကပ်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကပ်ထားကြေညာထားသည့် မဲဆန္ဒရှင်အမည်စာရင်းများကို ပြည်သူများ ဝင်ရောက်ကြည့်ရှုစေရေးအတွက် ကော်မရှင်အဖွဲ့ခွဲရုံးများတွင် နှိုးဆော်ရေးသီချင်းဖွင့်ပြီး အသိပေးနှိုးဆော်ခြင်းနှင့် နံရံကပ်ပိုစတာ လက်ကမ်းစာစောင်များ ဖြန့်ဝေကပ်ထားခြင်းဖြင့် အသိပညာပေးလုပ်ငန်းများကို အဆက်မပြတ် ဆောင်ရွက်ပေးကြရန် မှာကြားခဲ့သည်။

ချောင်းဆုံမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသူဦးရေ ၁၃၀၄၂၀ ဦး ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

ထူးအိမ်(ပြန်/ဆက်)

---

## ကြေးမုံ ယနေ့ဖတ်စရာ

### ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်နေသည့်အတွက် မန်ချက်စတာမြို့တွင် အသွားအလာကန့်သတ်ချက်များ ချမှတ်

စာမျက်နှာ » ၁၂

### မြိတ်မြို့နယ် သမုတ်-လွတ်လွတ်တံတား တည်ဆောက်မှု ၉၈ ရာခိုင်နှုန်း ပြီးစီး

စာမျက်နှာ » ၂၁

### အမ်မီဆုပေးပွဲ ဆန်ခါတင်စာရင်းမှာ ပထမဆုံးအကြိမ် ပါဝင်ခွင့်ရခဲ့တဲ့ ဇန်ဒါယာ

စာမျက်နှာ » ၂၂

---

# ကာမိုင်းမြို့ရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၁၇၁၂ စုအတွက် ထောက်ပံ့ငွေပေးအပ်

**ကာမိုင်း ဇူလိုင် ၃၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့ရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၁၇၁၂ စုတို့အတွက် နိုင်ငံတော်မှ တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ ကို ယနေ့နံနက် ၉ နာရီက အိမ်တိုင်ရာရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ထောက်ပံ့ပေးအပ်ရာတွင် ကာမိုင်းမြို့ အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် စာရေးများ၊ ရပ်မိရပ်ဖများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက မြို့ပေါ်ရပ်ကွက်များ၊ ကောင်ရာကျေးရွာ၊ နန့်စီးအင်၊ ကထန်ယန်၊ ဂေါ်ရီ၊ နန့်ယားနှင့် ကပ်မော်ဇွပ်ကျေးရွာအုပ်စုများရှိ

စာမျက်နှာ ၁၈ ကော်လံ ၄ သို့ ❖



---

# မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၄၃ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇူလိုင် ၃၁**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၄၃ ဦးသည် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ယနေ့အထိ ၁၈၅၉၇ ဦး စုစုပေါင်း ၅၅၆၁၅ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၀၇ ဦး၊ အမျိုးသမီး ၁၃၆ ဦး စုစုပေါင်း ၃၄၃ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)



---

## မိုးကြီးမည့် သတိပေးချက်

**နေပြည်တော် ဇူလိုင် ၃၁**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်၏ အကြွင်းအကျန်တိမ်တိုက်များ ဖြတ်သန်းလာနိုင်မှုကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းလာနိုင်ခြင်းတို့ကြောင့်လည်းကောင်း ဩဂုတ် ၃ ရက်မှ ၈ ရက်အတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်မိုးကြီးခြင်းနှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

ယင်းကာလအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၄ နာရီအတွင်း မိုးရေချိန် သုံးလက်မ(၇၇ မီလီမီတာ)နှင့်အထက် ရွာသွန်းနိုင်သည်။ မိုး/ဇလ